(အကု။အကေ)ဝိဂ်ဳကတ္တားကား။ ။သမ္ပယုတ္တက္ခန္ဓာအားတတ်သော အကုသိုလ်ဒွါဒသ၊စေသတ္တဝိသ၊စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူဖြစ်အံ့။ ထောဘ၊မောဟ၊ဒေါသမူဖြစ်အံ့၊ ဒေါသ,မောဟ။ မောဟမူဖြစ်အံ့။ မောဟ ဧကဟိတ် တပါးနှစ်ပါး ပစ္စည်းတရားရ၏။ ။

သမ္ဗန္ဓပုဒ်။ ။အကုသိုလ်ဝိတ် ဒွါဒသ၊ မောဟမူဒွေ၌ မောဟ ကြဉ်သော စေသတ္တဝိသ သမ္ပယုတ္တက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။

ကရိုဏ်းများ။ ။တပြိုင်နက် ၇။၆။၅ ပစ္စည်းတို့ကိုဆိုပါတော့။ ။

(အကု။ဗျာ) (အကု။အကုဗျာ)။ ။ဇယားအတိုင်း ဆိုတတ်ထောက်ပြီ။ ။

(ဗျာ။ဗျာ)ပဝတ္တိအခါ ကတ္တားကား။ ။သမ္ပယုတ္တက္ခန္ဓာအား၎င်း (စတုဝေါကာရကိုရည်သည်) သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အား၎င်း တတ်သော (ပဌမဝေါကာရကိုရည်သည်) နှစ်မျိုးစလုံးရ၍ ဘုံသတ်ခါ မဆိုရ) သဟိတ်ဝိပါက် ဧကဝိသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေအဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့....တိဟိတ်ဖြစ်အံ့....ဆိုတော့။ ။

သမ္ဗန္ဓပုဒ်။ ။သဟိတ်ဝိပါက် ဧကဝိသ၊သဟိတ်ကြိယာ သတ္တရသ၊ စေအဋ္ဌတိံသ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။ ။

ကရိုဏ်းများ။ ။ပဝတ္တိအခါ ပစ္စည်းရေအတိုင်း(၁၂)ပင်ရ၏။ ပဋိသန္ဓေအခါ၌ အဓိပတိပစ္စည်းမှာ ပဝတ္တိအခါသာရ၍ ၎င်းကိုချန် (၁၁)ရ၏။ ။

ပဋိသန္ဓေအခါ ကတ္တားကား။ ။သမ္ပယုတ္တက္ခန္ဓာအား၎င်း, သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အား၎င်း တတ်သော သဟိတ် ပဋိသန္ဓေ သတ္တရသ၊ စေပဉ္စတိံသ၊ စိတ္တက္ခဏ တခုတခု၌ ရှိသော ဒွိဟိတ်-တိဟိတ် စသည်ကိုဆိုပါ။ ။

သမ္ဗန္ဓပုဒ်။ ။သဟိတ်ပဋိသန္ဓေ သတ္တရသ-စေပဉ္စတိံသ သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ (ကရိုဏ်းပြခဲ့ပြီ)။ ။

ဟေတုပစ္စည်းအကောက်အကျဉ်းချုပ်။ ။ပစ္စည်းတရားအရ ဟိတ်ခြောက်ပါးကို လိုရာ(ကု)စသည်ကို သရုပ်ခွဲ၍ ကတ္တားအရကောက်ပါ၊ ပစ္စယုပ္ပန် နာမ်ရုပ်ကိုလည်းနည်းတူ လိုရာ သရုပ်ခွဲ၍ သမ္ဗန္ဓအရကောက်ပါ၊ ကရိုဏ်းများကို သုဒ္ဓသင်္ချာ၌(၇။ကု) စသော သင်္ချာအားလျော်စွာ ရသင့်သည်တို့ကိုတကြောနက်,တပြိုင်နက် ယထာရဟခွဲ၍ဆိုပါ၊ အကုသုံးချက်၌ ဝိ။ဗျာ။မဂ် မရ၍ ၎င်းတို့ကို ချခါဆိုပါ။ (ဗျာ။ဗျာ) ပဝတ္တိဟုသမှု (သဟာဝိမှတပါး) ပစ္စည်းရေ ရသမျှ အကုန်ဆိုပါ၊ပဋိအခါ၌ဓိပတိကိုချ၍ဆိုပါ။ ။

## ပဋ္ဌာနိဘက်ဝါရ သဟဇာတအငယ် အကောက်

### သဟဇာတာဓိပတိပစ္စည်း

ဟေတုပစ္စည်း၌ကောက်ပုံကို အပြည့်အစုံနည်းပေးခဲ့ပြီ။ ဤတန်ညီးရလျှင် သဟဇာတာဓိပတိစသော ကြွင်းကြောက်ပစ္စည်းဘို့ကို ဆိုင်ရာဆိုင်ရာ သုဒ္ဓသင်္ချာအားလျော်စွာ သချပ်ခွဲ၍ကောက်နိုင်ကြလည်း အားလုံးနှင့် ဆက်ဆံမိမှုသော၌ ရေးပြဦးအံ့။ ။

ပစ္စည်းတရား၌ သာဓိပတိဇော(၅၂)ခုကို ကုသိုလ်အတွက် သချပ်ခွဲလျှင် ကုသိုလ် ဇောဝီသပင်ရ၏။ ၎င်း၌ မဟာကုသိုလ်မှာ အနေကန်,အပ္ပနာကုသိုလ်ဇောများမှာ ကေန်ဖြစ်ရကား အနေကန်, ဧကန်ထင်ရှားအောင်ခွဲ၍ကောက်ရပေမည်။ ။

အကုသလပဒ၌ မောဟမူဇွေမှာ သာဓိပတိဇောမထိုက်၍ လောဘမူရှစ်ခု,ဒေါသမူနှစ်ခုသော အနေကန်ရသည်။ အဗျာကတပဒ၌လည်း ကာမကြိယာမှာ အနေကန်-အပ္ပနာအဗျာကတဇောများမှာ ဧကန်တည်း။အကျဉ်းချုပ်အားဖြင့် ကာမဇောများ အနေကန်,အပ္ပနာဇောများ ဧကန်ဖြစ်ကြ၏။ ။

**အဓိပတိတရားကိုယ်။** ။ကုသိုလ် အဗျာကတတို့တွင် ဉာဏ ဝိပ္ပယုတ်ဇောများ၌ အဓိပတိတရားကိုယ် သုံးပါး။ (ဝီမံသာဓိမရပြီ) ဉာဏသမ္ပယုတ်ဇောများ၌ အဓိပတိတရားကိုယ်လေးပါးရ၏။ အကုသိုလ်၌ကား ဝီမံသာဓိပတိမရ၍ တရားကိုယ် သုံးပါးသာရ၏။ ။ စကြာမင်းသဖွယ်ဖြစ်သော အဓိပတိ သဘောအတိုင်း ပြိုင်ဘက်ကင်း၍ တဦးတည်းသာရှိခြင်းကြောင့် တပါးတည်းသော အဓိပတိ ပစ္စည်းတဘ်နိုင်ရကား တပါးပါးဟုဆိုရသည်။ ။

ကရိုဏ်းကောက်ပုံ။ ။ကုသိုလ်စသော သုံးပဒလုံးမှာပင်တိုက် သဘောအတိုင်း အဓိပတိတရားကိုယ်သုံးပါး လေးပါးရှိနေရာ မည်သည့် အဓိပတိတရားကိုယ်ကိုမျှ အဓိပတိအနေအားဖြင့်မခွဲခြားနိုင်၍ ကရိုဏ်းကောက်ရာ၀ယ် " သဟဇာတာဓိပတိ သတ္တိရ၏"ဟု သာမညအားဖြင့်သာကောက်ရသည်။ (အဓိပတိတရားကိုယ်တပါးစီ သီးခြားဟောရာဖြစ်သော ပစ္စယနိဒ္ဒေသ၌ကား ဗိုလ်လုပ်မှုကို တဝုံတရာကန့်ကွက်ဖွယ်မရှိ၍ ရသင့်သော သဘာဂပစ္စည်းရေအား လျော်စွာ ကောက်ရသည်)။ ။

### သဟဇာတာဓိပတိအကောက်ဆိုရိုး

(ကု၊ကု) ပိနိ၌ ကတ္တားကား။ ။သမ္ပယုတ္တက္ခန္ဓာအား တတ်သော အဓိပတိ ပစ္စည်းကိုရသောအခါ မဟာကုသိုလ်စိတ်ရှစ်ခု၊ ဧကန်ရသောမဟဂ္ဂုတ်ကုသိုလ်ကိုးခု၊မဂ်လေးခုစေအဌတိ ° သစိတ္တကွဲ ထာ တခုတခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါးလေးပါးတို့တွင် တပါ ပါး ပစ္စည်းတရားရ၏။ ။

အမွှန်းနိမိတ်အနေကား။ ။အဓိပတိ တရားကိုယ် ကြဉ်သော မဟာကုသိုလ်စိတ်ရှစ်ခု၊ ဧကန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ စေတသိတ်သ သမ္ပယုတ္တက္ခန္ဓာ ပစ္စယုပ္ပန် တရားရ၏။ (ပစ္စည်းဘက်က အဓိပတိတရားကိုယ်ယူသား၍ ပစ္စယုပ္ပန်ဘက်၌ ၎င်း တရားကိုယ်တို့ ကြဉ်ရသည်။ သို့သော်သည်း အဓိပတိတရားကိုယ် တပါးပါး ပစ္စည်းနေလျှင် ကျန်သုံးပါးသုံးပါးတို့ပစ္စယုပ္ပန်နေကြရာ၌ ပစ္စည်းပစ္စယုပ္ပန်မှာညွှန်ခါနေနိုင်ကြ၍ စေတသိက်, စိတ်တို့တွင် အရေအတွက်မလျော့ကြ၊ ဟေတု၌ကည်းနည်းတူပင်)။ ။

ကရိုဏ်းပါဠိ၏ အနက်ကား။ ။သဟဇာတာဓိပတိ သတ္တိသာရ၏။ ။

**ကွင်းများ။** ။ပစ္စယုပ္ပန်ဘက်၌ ပစ္စယုပ္ပန်ကိုကောက်သောအခါ သချင်များပေါ်လွင်စွာကောက်နိုင်စေရန် ကွင်းများကိုပြထားရာ ပြဆိုခဲ့သည့်အတိုင်း ကောက်ပါ။ . ပစ္စည်းအရများကို ကောက်သောအခါ၌ကား ၎င်းကွင်းများကို မဆိုတော့ဘဲ "သမ္ပယုတ္တက္ခန္ဓာအား တတ်သော,သာဓိပတိစိတ္တဇရုပ်အားတတ်သော" စသည်ဖြင့်ဆိုပါ။

(ကု၊ဗျာ)စသည်။ ။ဇယားတွင် ပေါ်လွင်စွာ ရေးထားပြီဖြစ်၍ (ကု၊ဗျာ)စသည်တို့၌လည်း ဇယားအတိုင်း"သာဓိပတိစိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရတုံ၌ဖြစ်သောအခါ" စသည်ကိုဆို၍ ကောက်ပါ။ ။

(ဗျာ၊ဗျာ)။ ။သမ္ပယုတ္တက္ခန္ဓာအား၎င်း,သမ္ပယုတ္တက္ခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား၎င်းတတ်သော မဟာကြိယာ၇စ်ခု၊ ဧကန်ရသော မဟဂ္ဂုတ်ကြိယာကိုးခု၊ ဖိုလ်လေးခု စသည်ဖြင့် ဟေတုက မှာခဲ့သည့်အတိုင်း ကောက်ပါတော့၊ (ဤမှနောက်၌ ဇယားအတိုင်း ကောက်တတ်သင့်ရာကိုမပြတော့ဘဲ အနည်းငယ် ထူးရာမျှသိုသာ ပြတော့အံ့)။ ။

### သဟဇာတ ကမ္မပစ္စည်း

ပစ္စည်းတရားက စေတနာရနေ၍ ပစ္စယုပ္ပန်တွင် စေတနာကို ကြဉ်ရ၏၊ တရားတပါးတည်းဖြစ်၍ ဟေတု,အဓိပတိ စသည်တို့ကဲ့သို့ ပစ္စည်းပစ္စယုပ္ပန်ဖွည့်၍ယူနိုင်ခွင့်မရှိပြီ။ ။

ကရိုဏ်းများ။ ။(ကု၊ကု)၌ သ၊ညာ၊နိ၊ကံ၊ဟာ၊သံ၊ဇတ်၊အဓိ ဟု ၅,စ်ပစ္စည်းတို့မှာ ပစ္စည်းပစ္စယုပ္ပန် အကုန်ရကြ၍ တပြိုင်နက်ဖြစ်၏၊ ကုပဒ,အကုပဒတို့၌ တပြိုင်နက်သာဖြစ်ကြောင်းကို သုဒ္ဓသင်္ချာကို စဉ်းစားကြည့်ပါ၊ (ဗျာ၊ဗျာ)၌ကား ပဝတ္တိ,ပဋိသန္ဓေနှစ်ချက်စလုံးပင် တပြိုင်နက် ယသာရဟာရကြ၏။ (နာမ်ချင်းချင်း ဖြစ်လျှင် ဝိပါ၊ဝိပ်မရ၊ နာမ်ကရုပ်ဖြစ်လျှင် ညာ၊ဝိပါ၊သံမရ၊ နာမ်ကနာမ်ရုပ် ဖြစ်လျှင် သဟလတ်လေးပစ္စည်းမရဟု သဟဇာတမျိုး ကု၊ အကုပဒများအတွက် ကိန်းသေယူဆပါ။ဤယူဆနည်းကိုထည်း ဝိပါက၌ (ကု၊ကု) (ကု၊ဗျာ) စသည်မရှိကြောင်းကို သုဒ္ဓသင်္ချာဖြင့်သာ ဆုံးဖြတ်ပါ)။ ။

### ဟာ၊ဣန္ဒြိ၊ဈာ၊မဂ် ပစ္စည်း

ကိစ္စပြီးလွယ်အောင်၎င်းလေးပစ္စည်းကို တပေါင်းတည်း ဇယားပြုလုပ်၍ပြထားသည်၊အနည်းငယ်ထူးရာမျှသိုသာပြအံ့။ ။

ကုပဒ။ ။ကတ္တားအတွက် နာမ်အာဟာရတရားကိုယ်သုံးပါး နာမ်ဣန္ဒြေတရားကိုယ်၇စ်ပါး၊ဈာနင်တရားကိုယ်ငါးပါး၊ မဂ္ဂင်တရားကိုယ်၇စ်ပါးဟု တရားကိုယ်များကို သရုပ်ကြစေရန်ပေါ်၍ဆိုပါ၊

အကုပဒ။ ။သဒ္ဓါ,သတိ,ပညာမရ၍ ဇီဝိတ,စိတ်,ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ငါးပါး၊ ပညာ,ဝိရတိ ၃,သတိမရ၍ ဝိတက်,ဝီရိယ,ဧကဂ္ဂတာ ,ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ်လေးပါးဟုပေါ်၍ကောက်ပါ။ ။

ဗျာပဒ။ ။ပဝတ္တိအခါတွင် မဂ္ဂင်ရှစ်ပါး (ဒိဋ္ဌိမရကြောင်း သရုပ်ဖြင့် သိပါ၊ ကုပဒ၌လည်းနည်းတူပင်) ပဋိသန္ဓေအခါ ဝိရတိနှင့် ဒိဋ္ဌိမရ၍ ပညာ,ဝိတက်,ဝီရိယ,သတိ, ဧကဂ္ဂတာဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ်ငါးပါးဟုဆို၍ကောက်ပါ။ ။

ပစ္စယုပ္ပန်။ ။ကု,အကုပဒ ပစ္စယုပ္ပန်များကို ဇယားအတိုင်း အားလုံးပင်ဆိုပါ။ ။

## ပဋ္ဌာဝိဘင်္ဂပါဠိ သဟဇာတဝါရ အကောက်ဇယား

| | ပစ္စည်း=ကဏ္ဍား | | ပစ္စယုပ္ပန်=သမ္ပဒါန် | |
|---|---|---|---|---|
| ကု | အဓိပတိပစ္စည်းရ.....ဂ၊၉၊၄စေ၃ဂ-စိတ္တကမ္ဘာ.... ၃၊၄ | ကု | (ဝိတရားကိုယ်ကြည့်-ဂ၊၉၊၄) သမ္ပယုတ္တကက္ခန္ဓာ | ၉ |
| 〃 | ပဋ္ဌဝေါ 〃 〃 〃 | ဗျာ | (သာဓိပတိကုသိုလ်ဖြစ်သော) သာဓိပတိစိတ္တဇရုပ် | 〃 |
| 〃 | 〃 〃 〃 | ကုဗျာ | (ဝိ ကြည့် ဂ၊၉၊၄) သမ္ပယုတ္တကက္ခန္ဓာ,သာဓိပတိစိတ္တဇရုပ် | 〃 |
| အကု | ဝိရ....သော်ဂ,ဒေါ၂,ဝိစိကြည့်၂၆စိတ္တကမ္ဘာ ၃ | အကု | (ဝိ....ကြည့်လော ဂ၊ဒေါ ၂၊စေ ၂၆) သမ္ပယုတ္တကက္ခန္ဓာ | 〃 |
| 〃 | ပဋ္ဌဝေါ 〃 〃 | ဗျာ | (သာဓိပတိအကုသိုလ်ဖြစ်သော) သာဓိပတိစိတ္တဇရုပ် | 〃 |
| 〃 | 〃 〃 〃 | အကုဗျာ | (ဝိကြည့်လော ဂ,ဒေါ ၂,စေ ၂၆)သမ္ပယုတ္တကက္ခန္ဓာ ၄င်း,သာဓိပတိစိတ္တဇရုပ်၄င်း | 〃 |
| ဗျာ | ဝိရ.... ဂ၊၉၊၄၊စေ၃ဂ စိတ္တကမ္ဘာ ၃၊၄ | ဗျာ | (ဝိကြည့် ဂ၊၉၊၄ စေ ၃ဂ)သမ္ပယုတ္တကက္ခန္ဓာ-၄င်း၊သာဓိပတိစိတ္တဇရုပ်-၄င်း | 〃 |

## သဟဇာတကဏ္ဍ အကောက်ဇယား

| | ပစ္စည်း=ကဏ္ဍား | | ပစ္စယုပ္ပန်=သမ္ပဒါန် | ပြိုင် | ယထာ |
|---|---|---|---|---|---|
| ကု | ကု ၂၁,စေ ၃ဂ စိတ္တကမ္ဘာ....စေတနာ | က | (ကု ၂၁,စေတနာကြည့်စေ ၃၇) သမ္ပယုတ္တကက္ခန္ဓာ | ဂ | |
| 〃 | ပဋ္ဌဝေါ 〃 〃 | ဗျာ | (ကုသိုလ်ဖြစ်သော) စိတ္တဇရုပ် | ၇ | |
| 〃 | 〃 〃 〃 | ကုဗျာ | (ကု ၂၁,စေတနာကြည့်စေ ၃၇)သမ္ပယုတ္တကက္ခန္ဓာ,စိတ္တဇရုပ် | ၆ | |
| အကု | အကု ၁၂၊စေ ၂၇ စိတ္တကမ္ဘာ ... 〃 | အကု | (အကု ၁၂,စေတနာကြည့်စေ ၂၆) သမ္ပယုတ္တကက္ခန္ဓာ | ဂ | |
| 〃 | ပဋ္ဌဝေါ 〃 〃 | ဗျာ | (အကုသိုလ်ဖြစ်သော) စိတ္တဇရုပ် | ၇ | |
| 〃 | 〃 〃 〃 | အကုဗျာ | (အကု၁၂,စေတနာကြည့်စေ၂၆)သမ္ပယုတ္တကက္ခန္ဓာ,စိတ္တဇရုပ် | ၆ | |
| ပဝတ္တိ ဗျာ | ဝိ ၃၆,ကြိ ၂ဂ,စေ ၃ဂ စိတ္တကမ္ဘာ.... 〃 | ဗျာ | (ဝိ ၃၆,ကြိ ၂၁ စေကြည့်စေ ၃၇)သမ္ပယုတ္တကက္ခန္ဓာ-၄င်း,စိတ္တဇရုပ်-၄င်း | | ၁ဂ |
| ပဋိသန္ဓေ | ပဋိ ၁၉၊စေ ၃၅၊ စိတ္တကမ္ဘာ.... 〃 | ဗျာ | (ပဋိ ၁၉ စေကြည့်စေ ၃၄)သမ္ပယုတ္တကက္ခန္ဓာ-၄င်း,ကဋတ္တာရုပ် ၄င်း | | ၁ဂ |

## နာမ်အာဟာရနှင့် သဟဇာတဝိပြိယနှာနှင့်မဂ္ဂ အကောက်ဇယား

| | ပစ္စည်း=ကဏ္ဍား | ဟာ | ဈာ | ဗျာ | မဂ် | | ပစ္စယုပ္ပန်=သမ္ပဒါန် | ယထာ ဟာ | ဈာ | ဗျာ | မဂ် |
|---|---|---|---|---|---|---|---|---|---|---|---|
| ကု | ကု၂၁၊စေ၃ဂ စိတ္တကမ္ဘာ | ၃ | ဂ | ၅ | ဂ | ကု | (ကု၂၁၊စေ၃ဂ) သမ္ပယုတ္တကက္ခန္ဓာ | ၁ဂ | ၁၂ | ၉ | ၁၁ |
| 〃 | ပဋ္ဌဝေါ 〃 | 〃 | 〃 | 〃 | 〃 | ဗျာ | (ကုသိုလ်ဖြစ်သော) စိတ္တဇရုပ် | ၉ | ၁၁ | ဂ | ၁ဂ |
| 〃 | 〃 〃 | 〃 | 〃 | 〃 | 〃 | ကုဗျာ | (ကု၂၁၊စေ၃ဂ) သမ္ပယုတ္တကက္ခန္ဓာ,စိတ္တဇရုပ် | ဂ | ၁ဂ | ၇ | ၉ |
| အကု | အကု၁၂၊စေ၂၇ စိတ္တကမ္ဘာ | ၃ | ၅ | ၅ | ၄ | အကု | (အကု၁၂၊စေ၂၇) သမ္ပယုတ္တကက္ခန္ဓာ | ၁ဂ | ၁၁ | ၉ | ၁ဂ |
| 〃 | ပဋ္ဌဝေါ 〃 | 〃 | 〃 | 〃 | 〃 | ဗျာ | (အကုသိုလ်ဖြစ်သော) စိတ္တဇရုပ် | ၉ | ၁ဂ | ဂ | ၉ |
| 〃 | 〃 〃 | 〃 | 〃 | 〃 | 〃 | အကုဗျာ | (အကု၁၂၊စေ၂၇) သမ္ပယုတ္တကက္ခန္ဓာ,စိတ္တဇရုပ် | ဂ | ၉ | ၇ | ဂ |
| ပဝတ္တိ ဗျာ | ဝိ၃၆၊ကြိ၂ဂ၊စေ၃ဂ စိတ္တကမ္ဘာ..... | ၃ | ဂ | ၅ | ဂ | ဗျာ | (ဝိ၃၆၊ကြိ၂ဂ၊စေ၃ဂ)သမ္ပယုတ္တကက္ခန္ဓာ-၄င်း,စိတ္တဇရုပ်-၄င်း | ၁၂ | ၁၄ | ၁၁ | ၁၃ |
| ပဋိ | ပဋိ၁၉၊စေ၃၅ စိတ္တကမ္ဘာ | ၃ | ဂ | ၅ | ၅ | ဗျာ | (ပဋိ၁၉၊စေ၃၅)သမ္ပယုတ္တကက္ခန္ဓာ--၄င်း,ကဋတ္တာရုပ်-၄င်း | ၁ဂ | ၁၃ | ၁၁ | ၁၂ |

### ဈာန်၊မဂ္ဂ ပစ္စည်း

(ဈာ၊ဗျာ)။ ။ဈာန်၌ ဌေပဋ္ဌဝိညာဉ်တဆယ်ကိုနှုတ်၍ ဝိပါက် စိတ် ဆဠ်ဘြသဟုဆိုပါ။ မဂ္ဂ၌ ဟေတုကဲ့သို့ သဟိတ်ဝိပါက် သဟိတ် ကြိယာများကိုဆိုပါ။ ပဋိသန္ဓေအခါ၌လည်း သဟိတ်ပဋိသန္ဓေကို ကောက်ပါ။ ဟာ၊ဈာ တို့ကား ဝိပါက်ကြိယာ အပြည့်အစုံ ဇယားအ တိုင်းပင်ရကြ၏။ ။

ကရိုက်းများ။ ။နောက်နားက ပြခဲ့သည့်အတိုင်း သဘာဂ ပစ္စည်းရေအားလျော်စွာ နှုတ်သင့်သည်ကိုနှုတ်၍ ကု၊အကု ပဒ ၌ ကောက်ပါ။ဗျာပဒ၌ပဋိအခါ ဓိပါ့လျှင် နှုတ်ပါ။ပဝတ္တိအခါမှာပစ္စည်း ရေအတိုင်းပင်။ ။

ဈာ ။ မဂ် ကရိုက်း။ ။အကုသလပဒတွင် ကုသလပဒကဲ့သို့ မရဘဲ တပစ္စည်းစီလျော့နေသည်ကား ဈာ ။မဂ်နှင့် ဟေတုမှာ အ မောဟကြောင့်သာ သဘာဂဖြစ်ရ၍ အမောဟမရှိသော အကုသိုလ် ၌ ဟေတုပြုတ်ခဲ့၏၊ ဈာ ။မဂ်တို့ အဓိပတိကိုရရာ၌ စိတ္တ,ဝီရိယ,ဝိမံသ နှင့် ဝီရိယ,ဝိမံသတို့ဖြစ်ရာ ဝိမံသအကုန်မရှိလည်း စိတ္တ,ဝီရိယ တို့ ကြောင့် မပြုတ်ကြောင်းကို သရုပ်ဖြင့်ယူဆပါ။ ။

### သဟဇာတအင်္ဂယ်အကျဉ်းချုပ်

သုဒ္ဓသချ်ာ၏အသံအတိုင်း ပါဠိထုတ်ရမှု၊ သုဒ္ဓသချ်ာ၏ ပစ္စည်း ပစ္စယုပ္ပန်ကို ကု၊အကု၊ဗျာ ဟု သရုပ်ခွဲခါကောက်ရမှုသုဒ္ဓသချ်ာ၏ ပစ္စည်းရေအားလျော်စွာ ကရိုက်းကောက်ရမှု များသာဖြစ်၍ သုဒ္ဓ သချ်ာကိုကြေညက်စွာရပါလျှင်အသွားအလာသရုပ်ကိုအနည်းငယ် မှတ်သားရုံမှတပါး ပါဠိအကောက်များကို တပုံတရာ ကျက်စရာမလို ပေ၊ ကျက်သင့်သည့်ကိုကြေပါစေ၊ မကျက်ဘဲ ကျွမ်းပြီးသင့်သည်ကို ပြီးပါစေ။ ။

သဟဇာတ ပစ္စယုဒ္ဒေသ ပါဠိတော်

(ကုသ)(အကုသ)။ ။သဟဇာတအတိုင်း ဆိုပါ။ ။

(ဗျာ၊ဗျာ)ပဝတ္တိပဋိသန္ဓေ။ ။အားလုံး နာမ်သက်သက်မျှဖြစ်၍ ရုပ်များကိုမပါစေဘဲ နာမ်သက်သက်သာဆိုပါ။ "ခန္ဓာဝတ္ထုသ" စသည်မချဲ့။ ။

သဟဇာတ ဝိပ္ပယုတ္တပစ္စည်း ပါဠိတော်

သုဒ္ဓသင်္ချာ၌ ပစ္စယုပ္ပန်မှာ ရုပ်နှင့် ပဉ္စဝေါကာရ ပဋိသန္ဓေ ဖြစ်ရကား (ဗျာ)သာဖြစ်၏၊ ပစ္စည်းဘက်ကမူ ကု၊အကု၊ဗျာ ဟုသုံးချက်စလုံးရ၍ (ကု၊ဗျာ) (အကု၊ဗျာ) (ဗျာ၊ဗျာ)ဟု သုံးဝါရဖြစ်၏။ ။

(ကု၊ဗျာ)၊(အကု၊ဗျာ)။ ။ဇယားအတိုင်းဆိုပါ။ ။

(ဗျာ၊ဗျာ) ပဝတ္တိ။ ။"ဝိပါကာဗျာကတာ ကြိယာ ဗျာကတာ ခန္ဓာစိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"။ ။

ပဋိသန္ဓေ။ ။"ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ခန္ဓာ ကဋတ္တာ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ ခန္ဓာ ဝတ္ထုဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ ဝတ္ထု ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"။ ။

---

သဟဇာတအကြီး အကောက်

---

သဟဇာတ သုဒ္ဓသင်္ချာကိုကြည့်လျှင် ပစ္စည်းဘက်ကစိတ် ဂ၉။ စေ ၅၂။ မဟာဘုတ်လေးပါးရှိ၏။ ပစ္စယုပ္ပန်ဘက်ကစိတ် ဂ၉။ စေ ၅၂။ ရုပ် ၂ဂ ရှိ၏။ ၎င်းပစ္စည်းပစ္စယုပ္ပန် တရားများကို လိုရာ ကု၊ အကု စသည်ဖြင့် သရုပ်ခွဲလိုက်လျှင် ကတ္တား သမ္ဘဒါန် အကောက်ကိုတွေ့ပြီးတော့၏။ ဇယား၌လည်း ကောက်ပုံအပြည့်အစုံပြထားပြီ။ ။

(ကု၊ကု)ကတ္တားပုဒ်၏အနက်။ ။အချင်းချင်းအား တတ်သော ကုသိုလ် ဧကဝီသ,စေအဋ္ဌတိံသ အစိပ်အစိပ် နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။

သမ္ပဒါန်ပုဒ်၏အနက်။ ။ကုသိုလ်ဧကဝီသ။ စေအဋ္ဌတိံသ အစိပ်အစိပ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ (ဤသဘောသွားအတိုင်းကောက်ရပုံကိုဇယား၌ယူဆပါ။ ဤကတ္တားသမ္ပဒါန်အကောက်ကိုကြည့်လျှင် ကုသိုလ်ဧကဝီသချည်း ဖြစ်နေ၍ အရတူသယောင်ယောင်ရှိ၏။ မတူပေ၊ ပစ္စည်းက ခန္ဓာတပါးဖြစ်လျှင် ပစ္စယုပ္ပန်က သုံးပါး၊ ပစ္စည်းက သုံးပါးဖြစ်လျှင် ပစ္စယုပ္ပန်က တပါး။ ပစ္စည်းက နှစ်ပါးဖြစ်လျှင်ပစ္စယုပ္ပန်က နှစ်ပါးဟု ပါဠိတော်အတိုင်းပင် ဖြစ်၏။ ဤသို့ခဲ့သောအချင်းချင်း ကျေးဇူးပြုကြ၍အချင်းချင်းဟုဆိုသည်။ ခန္ဓာတပါးစသည်က သုံးပါးစသည်အား ပစ္စည်းတတ်ရာ၌ ခန္ဓာလေးပါးစလုံးမရဘဲ တပါးသုံးပါးစသော အစိပ်ခန္ဓာများသာရ၍ အစိပ် အစိပ်ဟု ဆိုရ၏)။ ။

အစိပ်အစိပ်၊အစိပ်အပေါင်း။ ။ရုပ်သက်သက် ကတ္တားသော်၎င်း၊သမ္ပဒါန်သော်၎င်း နေလျှင် အစိပ်အပေါင်း၊ အကြွင်းဂုမှာ အစိပ်အစိပ်သာ။ အစိပ်အစိပ်ဖြစ်လျှင် ၁၊၃၊၂ ဂဏန်းပြ အတိုင်း "ဧကော ခန္ဓော ဒွိန္နံ ခန္ဓာနံ"စသည်ကိုဟော၏၊ အစိပ်အပေါင်း ဖြစ်လျှင် ခန္ဓာဟု ဟောတော်မူ၏။ ။

ကန်ရိုက်ပုဒ်၏အနက်။ ။တရားကိုယ်များသာရသော အပိုင်းများမှာ ခန္ဓသဒ္ဒါနှင့်ဟောသော ဤအကြီးအထက်တို့နှင့် လုံးဝ မဆိုင်ပြီဖြစ်၍ အကြီးအထက်၂၄ပစ္စည်းကိုသာကြည့်၍ ရွေးချယ်ရပေမည်၊ ၎င်းတို့တွင်ထည်း အကြီးသေးပစ္စည်းမှာ ခေါင်းဆောင်ဖြစ်၍ တပြိုင်နက် အမြဲပါရကား အထက်လေးပစ္စည်းကိုသာစဉ်းစားရပေမည်၊ (ကု၊ကု)၌ နာမ်ချင်းချင်းဖြစ်၍ အယက ပြခဲ့သည့် အတိုင်း ည၊သံ တို့ တပြိုင်နက်ပါကြ၍တပြိုင်နက်ခြောက်ပစ္စည်းရ၏။ ။

(ကု၊ဗျာ) ကတ္တား။ ။စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်ဧကဝီသ၊ စေအဋ္ဌတိံသ အစိပ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ (ခန္ဓာတပါးက စိတ္တဇရုပ်၊ နှစ်ပါးက စိတ္တဇရုပ်၊သုံးပါးက စိတ္တဇရုပ်အား သဟဇာတပစ္စည်းတတ်မှုကို အစိပ်အစိပ်။ခန္ဓာလေးပါးက စိတ္တဇရုပ်အားတတ်လျှင် အပေါင်းဖြစ်၏။ ထို့ကြောင့် အစိပ်အပေါင်းဟုကောက်ရသည်၊ အစိပ်အပေါင်း ဟူသမျှ "ခန္ဓာ"ဟုဟောတော်မူ၏။ ။

သမ္ပဒါန်။ ။ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန် တရားရ၏၊ ။

ကန်ရိုက်။ ။အကြီးလေးတွင် ဝိပ်သည့် တပြိုင်နက်ဝင်လာ၍ ငါးပစ္စည်း(လွှယ်ကူအောင် သင်္ချာဇယားဖြင့် ယူဆပါ)။ ။

(ကု၊ကုဗျာ)ကတ္တား။ ။အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်ဧကဝီသ၊စေအဋ္ဌတိံသ အစိပ်အစိပ် နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။

သမ္ပဒါန်။ ။ကုသိုလ်စိတ် ဧကဝီသ၊စေအဋ္ဌတိံသအစိပ်အစိပ် နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။

ကန်ရိုက်။ ။သဟကြီးလေးပစ္စည်းသာ။ ။

အကုသိုလ်ချက်။ ။ကု သုံးချက် သဘောအတိုင်း အကု ကို ကောက်။ ။

(ဗျာ၊ဗျာ)ပဝတ္တိကတ္တား။ ။အချင်းချင်းအား၎င်း၊ အချင်းချင်း နာမက္ခန္ဓာစိတ္တဇရုပ်အား၎င်းတတ်သောဝိပါက်စိတ်ဆတ္တိံသ၊ကြိယာစိတ်ဝီသ၊စေအဋ္ဌတိံသ၊အစိပ်အစိပ်နာမက္ခန္ဓာပစ္စည်းတရားရ၏။ ။

သမ္ပဒါန်။ ။ဝိပါက်စိတ် ဆတ္တိံသ၊ကြိယာစိတ်ဝီသ၊ စေအဋ္ဌတိံသ အစိပ်အစိပ် နာမက္ခန္ဓာစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။

ကန်ရိုက်။ ။အချင်းချင်းအား၎င်းအတွက် ည။ သံ။ စိတ္တဇရုပ်အား၎င်းအတွက် ဝိပ်၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား၎င်း အတွက် ဝိပါကတို့ ယထာရဟဝင်ကြ၍ ယထာရဟ ၄၊၅ပစ္စည်းရ၏။ ။

ပဋိသန္ဓေကတ္တား။ ။အချင်းချင်းအား၎င်း၊ အချင်းချင်း နာမက္ခန္ဓာ ကဋတ္တာရုပ်အား၎င်းတတ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ၊ စေပဉ္စတိံသ အစိပ်အစိပ် (ဧကော ခန္ဓော စသည်ကိုရည်သည်) အစိပ်အပေါင်း နာမက္ခန္ဓာ (ဟဒယဝတ္ထု ပစ္စယုပ္ပန်ဖြစ်သော ခန္ဓာ ဝတ္ထုဿကိုရည်သည်)၊ ဟဒယဝတ္ထု(ဝတ္ထု ခန္ဓာနံကို ရည်သည်။ ၎င်းလည်းရုပ်ကတ္တားနေ၍ အစိပ်အပေါင်းပင်)ပစ္စည်းတရားရ၏။ ။

သမ္ပဒါန်။ ။ပဋိသန္ဓေစိတ် ဧကူနဝီသ၊စေပဉ္စတိံသ၊ အစိပ်အစိပ် အစိပ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန် တရားရ၏။ (ဤ၌ထည်း အထက်နည်းယူပါ၊ ဟဒယဝတ္ထု ကဋတ္တာ ရုပ်တွင် ဝင်ပြီ)။ ။

ကန်ရိုက်။ ။၄၊၅ပစ္စည်းကို အထက်နည်းယူဆပါ၊ ဤ၌ကား ဝိ ပါကသည် တပြိုင်နက် အနေနှင့် ပါလာသည်။ ။

ရုပ်သက်သက်၌ကတ္တား။ ။အချင်းချင်းအား၎င်း၊ ဥပါဒါရုပ်အား၎င်း တတ်သော ပိတ္တဇမဟာဘုတ်...(ပ)... ပဝတ္တိ ကမ္မဇ မဟာဘုတ်ပစ္စည်းတရားရ၏။ ။

သမ္ပဒါန်။ ။ဘုတ်နှင့်တကွသော စိတ္တဇ ဥပါဒါ...(ပ).... ပဝတ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရားရ၏။ ။

## ပဋ္ဌာဝိဘင်္ဂဝါရ သဟဇာတအဖော် အကောက်

ကရိုဏ်း။ ။ဥပါဒါရုပ်ပါနေ၍ အညမညမှာ ယထာရပဟာသာ။ ။

(ကုဗျား။ဗျာ)ကဋ္ဌာ။ ။စိတ္တဇရုပ်အားတတ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်ဧကဝီသ၊စေအဋ္ဌတိံသ အစိပ်အပေါင်း နာမက္ခန္ဓာ အစိပ်အပေါင်း မဟာဘုတ်ပစ္စည်းတရားရ၏။ ။

သမ္ဘဒါနိ။ ။ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားမှ၏။ ။

ကရိုဏ်း။ ။သဟကြီးလေးသာ။ ။

(အရေဗျား။ဗျာ)။ ။(ကုဗျား။ဗျာ)သဘောပင်ကောက်ပါ။ ။

---

### သဟဇာတ အလတ် အကောက်

---

(ကု။ကု) (ကု။ဗျာ) စသည်ရကြသော အညမည, သဝ္ဂယုတ္တ, ဝိပ္ပယုတ္တတို့ကို သဟဇာတအကြီးအတိုင်း ကောက်ပါ။ (ဗျာ။ဗျာ) ဘရမှုသာ အနည်းငယ်ထူး၍ ဇယားအထိုင်းပြပေအံ့။ ။

အညမညပစ္စည်း(ဗျာ။ဗျာ)ပဝတ္တိ။ကဋ္ဌာ။ ။အချင်းချင်းအားတတ်သော ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ၊ စေအဋ္ဌတိံသ အစိပ်အစိပ် နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။

သဒ္ဒါနိ။ ။ဝိပါက်စိတ်ဆတ္တိံသ၊ကြိယာစိတ်ဝီသ၊စေအဋ္ဌတိံသ အစိပ်အစိပ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။

ကရိုဏ်း။ ။နာမ်ချင်းချင်းဖြစ်၍ ဝိပ်မရ။ ဝိပါကမှာ ကြိယာပါနေ၍ ယထာရပဟာသာ ပါဝင်၏။ ။

ပဋိသန္ဓေအခါကဋ္ဌာ။ ။အချင်းချင်းအားရင်း, ဟဒယဝတ္ထု အားရင်းတတ်သော ပဋိသန္ဓေစိတ် ကျေနဝီသ၊စေပဉ္စတိံသ၊အစိပ် အစိပ်၊အစိပ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်းတရားရ၏။ ။

သဒ္ဒါနိ။ ။ပဋိသန္ဓေစိတ် ကျေနဝီသ၊စေပဉ္စတိံသ၊ အစိပ်အစိပ်၊အစိပ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စယုပ္ပန် တရားရ၏။ (ဤအညမည သုဒ္ဓသင်္ချာ၌အချင်းချင်းဖြစ်၍ အပေါင်းကောက်ရာ၌ ကတ္တားသမ္ဘဒါနိအရတူကြ၏။အစိပ်အစိပ်ကား တခြားစီပင်)။

ကရိုဏ်း။ ။ခန္ဓာဝတ္ထုသာ စသည်အတွက်ဝိပ္ပယုတ္တဝင်လာ၍ ယထာရပဟာ ၅စ်ပစ္စည်းရ၏။ ။

ရုပ်သက်သက်ကဋ္ဌာ။ ။အချင်းချင်းအားတတ်သော စိတ္တဇ မဟာဘုတ်....(ပ)....ပဝတ္တိကမ္မဇမဟာဘုတ်ပစ္စည်းတရားရ၏။

သမ္ဘဒါနိ။ ။စိတ္တဇမဟာဘုတ်... (ပ)....ပဝတ္တိကမ္မဇ မဟာဘုတ် ပစ္စယုပ္ပန်တရားရ၏။ (၎င်းရနစ်ပါးသောမဟာဘုတ်ဟူသော် ၎င်းဆို)။ ။

ကရိုဏ်း။ ။အညမညကယူ၍ တပြိုင်နက် ငါးပစ္စည်းရ၏။ ။

ဝိပါက ပစ္စည်း

(ဗျာ။ဗျာ)ပဝတ္တိ။ကဋ္ဌာ။ ။အချင်းချင်းအားရင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်အားရင်းတတ်သော ဝိပါက်စိတ်ဆတ္တိံသ စေအဋ္ဌတိံသ၊အစိပ်အစိပ်နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။

သမ္ဘဒါနိ။ ။ဝိပါက်စိတ်ဆတ္တိံသ၊စေအဋ္ဌတိံသ၊ အစိပ်အစိပ် နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။

ကရိုဏ်း။ ။ည၊သံ၊ဝိပ်တို့ ယထာရပဟာဝင်ကြ၍ ၅စ်ပစ္စည်းရ၏။

ပဋိသန္ဓေအခါကဋ္ဌာ။ ။အချင်းချင်းအားရင်း, အချင်းချင်းနာမက္ခန္ဓာ ကဋတ္တာရုပ်အားရင်းတတ်သောပဋိသန္ဓေစိတ်ကျေနဝီသ စေပဉ္စတိံသ၊အစိပ်အစိပ်,အစိပ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ (ခန္ဓာဝတ္ထုသာသာရှိ၍ ဟဒယဝတ္ထုမရပြီ)။ ။

သဒ္ဒါနိ။ ။ပဋိသန္ဓေစိတ် ကျေနဝီသ၊စေပဉ္စတိံသ၊ အစိပ်အစိပ် နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ (ခန္ဓာဝတ္ထုသာ၌ ဟဒယဝတ္ထုသည် ခန္ဓာဟူသောကတ္တားကိုထောက်လျှင် အပေါင်းဖြစ်သင့်လည်း ကဋတ္တာရုပ်တွင် ဝင်ပြီးဖြစ်၍ အစိပ်အပေါင်းကိုမဆိုသင့်ပြီ။ သဟကြီးတွင် ပစ္စယုပ္ပန်ဘက်က အစိပ်အပေါင်းဆိုသည်ကား "ဝတ္ထုခန္ဓာနံ"အတွက်ဖြစ်၏)။ ။

ကရိုဏ်း။ ။ပဝတ္တိနည်းတူ ယထာရပဟာ ၅စ်ပစ္စည်းပင်။ ။

သဝ္ဂယုတ္တ ပစ္စည်း

(ဗျာ။ဗျာ)။ ။ပဝတ္တိ ပဋိသန္ဓေနှစ်ချက်စလုံးကောက်ပါတော့။

ကရိုဏ်း။ ။သဝ္ဂယုတ္တနှင့် ဝိပ္ပယုတ္တတို့သည် မည်သည့်အခါမှ သဘာဂမဖြစ်နိုင်ကြ,(သုဒ္ဓသင်္ချာကိုကြည့်ပါ)။ ပဝတ္တိအခါ၌ ဝိပါကမှာ ယထာရပဟာ။ပဋိသန္ဓေအခါ၌မူ တပြိုင်နက်ပင်ရ၏။ ။

ဝိပ္ပယုတ္တပစ္စည်း

(ဗျာ။ဗျာ)ပဝတ္တိ။ကဋ္ဌာ။ ။စိတ္တဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဉ်တဆယ်၊ရဟန္တာတို့ရုတိကြဉ်သော ဝိပါက်ဝိတ်ဗာဒီသ၊ကြိယာစိတ်ဝီသ၊စေအဋ္ဌတိံသ အစိပ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။

သမ္ဘဒါနိ။ ။ဝိပါက်ကြိယာပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။

ကရိုဏ်း။ ။အည၊ သံ နှင့် လုံးဝမဆိုင်ပြီဖြစ်၍ ယထာရပဟာ ခြောက်ပစ္စည်းသာရ၏။ ။

ပဋိသန္ဓေအခါ ကဋ္ဌာ။ ။ကဋတ္တာရုပ်အားတတ်သော ပဉ္စဝေါကာရပဋိသန္ဓေပန္နရသ၊စေပဉ္စတိံသအစိပ်အပေါင်းနာမက္ခန္ဓာ။ အချင်းချင်းအားတတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေပန္နရသ၊ စေပဉ္စတိံသ အစိပ်အပေါင်းနာမက္ခန္ဓာ ဟဒယဝတ္ထုပစ္စည်းတရားရ၏။ (သုဒ္ဓသင်္ချာအားလျော်စွာ ကောက်သည်။ ပေါင်း၍ ကောက်လျှင် "အချင်းချင်းနာမက္ခန္ဓာ ကဋတ္တာရုပ်အားတတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ၊ စေပဉ္စတိံသ အစိပ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု"ဖြစ်၏)။ ။

သမ္ဘဒါနိ။ ။ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ စေပဉ္စတိံသ၊ အစိပ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ။

ကရိုဏ်း။ ။"ခန္ဓာဝတ္ထုသာ"စသည့်အတွက် အညဝင်၍(၇)ပစ္စည်း။ ။

ကရိုဏ်းအကျဉ်းချုပ်။ ။သဟထပ်ထေးပစ္စည်းတွင်(ကု။ကု) စသည်ရသောသင်္ချာအတိုင်းကောက်ပါ။(ဗျာ။ဗျာ)၌သာ ကရိုဏ်းအား လျော်စွာ စဉ်းစားပါ။သဟကြီးအတွက် စဉ်းစားဘွယ်မရှိ။ ။

သဟကြီးထပ် အကျဉ်းချုပ်

ဆိုင်ရာသုဒ္ဓသင်္ချာအားလျော်စွာ ပဒ,ပဒါဝသာနထုတ်၊ပဒ,ပဒါဝသာနအားလျော်စွာ ပါဠိကိုဆို။ ပါဠိအတိုင်း အကောက်ကောက်၊ ရုပ်သက်သက်ကတ္တား သမ္ဘဒါနိဘရရနေလျှင် အစိပ်အပေါင်းဟုဆို၊ အကြွင်းကို အစိပ်အစိပ်ဟုဆို၊ ကရိုဏ်းအရ သဘာဂတို့ကို သုဒ္ဓသင်္ချာအားလျော်စွာရင်း (ဗျာ။ဗျာ)၌ တရားအားလျော်စွာရင်း အလတ်မျှကိုသာ စဉ်းစား၍ကောက်ပါ။ (အားလုံးအတွက် ကျယ်ဝန်းလှစွာ ပြခဲ့ထည်း အကျဉ်းမှာ ဤသဘောပင်။ သဟဇာတမျိုးများကားပါဠိ အကောက်လွယ်ပါ၏)။ ။

ပဥ္စဝိဘင်္ဂဝါရ　　　အနန္တရူပမျိုးဇယားခင်းရိုး

နာမ်အခြားမရှိ ကျေးဇူးပြုတတ်သော အနန္တရသဘောအတိုင်း အနန္တရဇယားမှပင် ပါဠိထုတ်ခြင်း ကောက်ခြင်းများကို ပြုလုပ်ရမည်ဖြစ်၍ ရှေးဦးစွာ ဇယားဆိုရိုးကိုရအောင်မှတ်။ ။

ဇယားခင်းရိုး။ ။ပထမဘွင် နာမက္ခန္ဓာအား တတ်သော ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဒုတိယအစရှိသော နောက်နောက်သော ဘွင် နာမက္ခန္ဓာအားတတ်သော ပထမအစရှိသော ရှေးရှေးသော ဘွင် နာမက္ခန္ဓာ၊အာဝဇ္ဇန်းဒွေအားတတ်သော ပဥ္စဝေါကာရဘဝင်ပဉ္စဒွ ၁၅-ခု၊ မနောဒွါရာဝဇ္ဇန်းအား တတ်သော အရူပဘဝင် ပဉ္စဒွ-လေးခု။ပဥ္စဝိညာဉ်အားတတ်သော ပဥ္စဒွါရာဝဇ္ဇန်း။သိုင်းအားတတ်သော ပဥ္စဝိညာဉ်။တီအားတတ်သောသိုင်း။ဝုဋ္ဌောအားတတ်သော တီ၊ ပရိတ္တာရုံ ဝီထိဖြစ်အံ့။ ဒုတိယဝုဋ္ဌောအား တတ်သော ပထမ ဝုဋ္ဌော၊ ပဥ္စဝေါကာရဘွင် ၁၅-ခုအားတတ်သော ဒုဝုဋ္ဌော။ အတိ မဟန္တာရုံ, မဟန္တာရုံ ဝိဘူတာရုံ, အဝိဘူတာရုံ ဝီထိဖြစ်အံ့၊ ကာမ ဇောတခုယုတ်သုံးဆယ် ပထမဇောအားတတ်သော ဝုဋ္ဌော မနော ဒွါရာဝဇ္ဇန်း၊ ဒုဇောအား တတ်သော ပဇော၊ ပ၊ သတ္တမဇောအား တတ်သောဆဋ္ဌဇော။လောဘမူ,မောဟမူ,မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ တဒါရုံ ကောဒသ။ မကျသည်ဖြစ်အံ့၊ ဘွင် ကျေနပ်သအားတတ်သော လောဘမူ,မောဟမူ,မဟာကုသိုလ် အဆုံးဇော။ဒေါသမူဇောနောင်ရုံကျသည်ဖြစ်အံ့၊ ဥပေက္ခာရုံခြောက်ခု၊ မကျသည်ဖြစ်အံ့၊ ကာမဥပေက္ခာ ဘွင်ခြောက်ခုအား တတ်သော ဒေါသမူအဆုံးဇော၊ဟသိတုပ္ပါဒ်ဇောနောင်ရုံကျသည်ဖြစ်အံ့၊သောရုံငါးခု၊မကျသည်ဖြစ်အံ့၊ ပဥ္စဝေါကာရ တိဟိတ်ဘွင်ကိုးခုအားတတ်သော ဟသိတုပ္ပါဒ်အဆုံးဇော၊ မဟာကြိယာ သောမနဿ သဟဂုတ်ဇောနောင်ရုံကျသည်ဖြစ်အံ့၊ သောရုံငါးခု၊မကျသည်ဖြစ်အံ့၊ တိဟိတ်ဘွင်တေရသအားတတ်သော မဟာကြိ,သောအဆုံးဇော၊ မဟာကြိယာ ဥပေက္ခာ သဟဂုတ်ဇောနောင်ရုံကျသည်ဖြစ်အံ့၊ ဥရုံခြောက်ခု၊မကျသည်ဖြစ်အံ့၊တိဟိတ်ဘွင် တေရသအား တတ်သော မဟာကြိ,ဥ အဆုံးဇော၊ (ဇောနောင်ရုံ,ဘွင်ကျပုံတည်း)ဒုတိယရုံအားတတ်သော ပထမရုံ၊ကာမဘွင်ဘဆယ်အားတတ်သော ဒုရုံ၊ ။ မဟဂ္ဂုတ်ကုသိုလ် သောမနဿ သဟဂုတ်လေးခု၊ မဂ်သောမနဿ သဟဂုတ်တဆဲ့ခြောက်ခု၊အောက်ဖိုလ် သော,တဆဲ့နှစ်ခုအားတတ်သော ဂေါတြဘု,ဝေါဒါန်,အနုလုံ ကိစ္စတတ်သော မဟာကုသိုလ် ပထမဒွေ၊ မဟဂ္ဂုတ်ကုသိုလ်ဥပေက္ခာသဟဂုတ်ငါးခု၊မဂ်ဥပေက္ခာ သဟဂုတ်လေးခု၊အောက်ဖိုလ် ဥပေက္ခာသဟဂုတ်သုံးခုအားတတ်သော ဂေါတြဘု,ဝေါဒါန်,အနုလုံကိစ္စ တတ်သော မဟာကုသိုလ် တတိယဒွေ၊ မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ်လေးခု၊ အရဟတ္တဖိုလ် သော,ထေးခုအားတတ်သော ဂေါတြဘု,အနုလုံ ကိစ္စတတ်သော မဟာကြိယာ ပထမဒွေ။ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ သဟဂုတ်ငါးခု၊ အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်တခုအားတတ်သော ဂေါတြဘု,အနုလုံကိစ္စတတ်သော မဟာကြိယာ တတိယဒွေ၊ (ဒွတ္တိံသ သုခုမညာဏ စသည်အရာတည်း။ ဇယားတွင် ကြည့်၍ ပေါင်းခါဆို) သမာပတ္တိဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကုကြိ အား တတ်သော ရှေးရှေးသော ဇောတူမဟဂ္ဂုတ်ကုကြိ။ ။

ပဥ္စဝေါကာရတိဟိတ်ဘွင်ကိုးခုအားတတ်သော ရူပကုကြိ အဆုံးဇော၊ပဥ္စဝေါကာရတိဟိတ်ဘွင်ကိုးခု၊ အာကာဘွင်အားတတ်သော အာကာကုကြိအဆုံးဇော၊ပဥ္စဝေါတိဘွင်ကိုးခု၊အာကာဘွင်၊ ဝိညာဘွင်အားတတ်သော ဝိညာ ကုကြိအဆုံးဇော၊ပဥ္စဝေါတိဘွင်ကိုးခု၊အာကာဘွင်,ဝိညာဘွင်,အာကိံဘွင်အားတတ်သော အာကိံ ကုကြိ အဆုံးဇော၊ တိဟိတ်ဘွင်တေရသ။ နိရောဓသမာပတ်မှ ထသော အခါ အနာဂါမိဖိုလ်,အရဟတ္တဖိုလ်အားတတ်သော နေဝ ကုကြိအဆုံးဇော၊ (အတူကိုပေါင်း၍ဆို) သောတာပတ္တိဖိုလ်အား တတ်သော သောတာပတ္တိမဂ်။ ပ၊ အရဟတ္တဖိုလ်အား တတ်သော အရဟတ္တမဂ်၊ နောက်နောက်သော ဖိုလ်လေးခုအား တတ်သော ရှေးရှေးသော ဇောတူဖိုလ်လေးခု၊တိဟိတ်ဘွင် တေရသအားတတ်သော ဖိုလ်လေးခုအဆုံးဇော၊ ။မရဏာသန္နအခါ ရုံနောင်စုတိကျသည်ဖြစ်အံ့။ကာမစုတိတဆယ်အားတတ်သောဒုရုံ။အကုသိုလ်ဇောနောင်စုတိကျသည်ဖြစ်အံ့၊ ကာမစုတိတဆယ်အား တတ်သော အကုသိုလ်ပဥ္စမဇော။မဟာကုသိုလ်ဇောနောင်စုတိကျသည်ဖြစ်အံ့။ စုတိကျေနပ်သအားတတ်သော မဟာကုသိုလ်ပဥ္စမဇော၊ မဟာကြိယာဇောနောင် စုတိကျသည်ဖြစ်အံ့။ တိဟိတ်စုတိ တေရသအား တတ်သော မဟာကြိယာ ပဥ္စမဇော။(ပဝတ္တိအတွက်တည်း)ကာမ ပဋိသန္ဓေတဆယ်အားတတ်သော ဒွိဟိတ်,အဟိတ် စုတိ။ပဋိသန္ဓေ ကျေနပ်သအားတတ်သော ကာမတိဟိတ်စုတိ၊ သဟိတ် ပဋိသန္ဓေ သတ္တရသအားတတ်သော ရူပစုတိ။ကာမတိဟိတ်ပဋိလေးခု၊ အရူပ ပဋိလေးခုအားတတ်သော အာကာစုတိ။ ကာမတိဟိတ် ပဋိထေးခု။ ဝိညာ,အာကိံ,နေဝ ပဋိ အားတတ်သော ဝိညာစုတိ၊ ကာမတိဟိတ် ပဋိလေးခု၊ အာကိံ နေဝ ပဋိအားတတ်သော အာကိံစုတိ၊ ကာမတိ ဟိတ်ပဋိလေးခု၊နေဝ ပဋိ အားတတ်သော နေဝ စုတိ၊ ။

ခင်းရိုးသဘောအကျဉ်းချုပ်မှတ်ရန်။ ။ဆိုရိုးကို အပြည့်အစုံ အကျယ်ပြထားသဖြင့် လွန်စွာ ရှည်လျားလှသည်ဟု မငြီးငွေ့ပါနှင့် ကျက်လည်းမကျက်ပါနှင့်၊ ဆိုင်ရာ ဆိုင်ရာ ဝီထိစိတ်စဉ်များကိုသာ ကြည့်၍သွားပုံကိုမှတ်ပါ၊ ဝီထိချတတ်သျှင် အနန္တရအတွက် ခက်ဘွယ်မရှိ။ ။

ဇယားကို(ကု။ကု)စသည်ဖြင့် ခွဲနည်း။ ။ ဇယားကိုအပေါင်းအား ဖြင့်ပြထားရာ ၎င်း၌အလိုရှိသော(ကု။ကု)စသည်ကိုခွဲ၍ယူရမည်၊

ပဥ္စည်းကု။ပစ္စယုပ္ပန်ကု ကို ရှာသျှင် ကာမဇောဝါရတွင် ဇော အချက်တင်သော ပထမာဒိဇောပစ္စည်း၊ ဒုတိယာဒိဇော ပစ္စယုပ္ပန် တွေ့မည်။ ဈာနဝီထိတွင် ပရိကံစသည် စွည်း။ဥပစာ စသည် ပ္ပန်။ ၊ ဂေါတြဘု စွည်း၊မဟဂ်ကု ပ္ပန်ကိုရင်း။ သမာပတ္တိဝီထိတွင် ရှေးရှေး ဇောတူ မဟဂ်ကု စွည်း၊နောက်နောက်ဇောတူမဟဂ်ကု ပ္ပန်ကိုရင်း၊ မဂ္ဂဝီထိတွင် ပရိကံစသည် စွည်း ဥပစာစသည် ပ္ပန်ကိုရင်း။ အနုလုံ ပစ္စည်း ဂေါတြဘု,ဝေါဒါန် ပ္ပန်ကိုရင်း ဂေါ,ဝေါ စွည်း၊ မဂ်ပ္ပန်ကိုရင်း တွေ့မည်၊ ။ဇယားအတိုင်းဆက်ထက်၍ရှာကာမတွေ့ပြီ၊ရင်းတရား စုကို ပစ္စည်းဘက်က အားလုံးပေါင်းသျှင် အဆုံးဇော ကြဉ်သော (သတ္တမဇောမှာ ပစ္စည်းမဖြစ်နိုင်) လောကီကုသိုလ်သတ္တရသချ၏၊ ပစ္စယုပ္ပန်ကိုပေါင်းသျှင် ပထမဇောကြဉ်သော (ပထမဇောမှာ ပစ္စယုပ္ပန်မဖြစ်)ကုသိုလ်ကေဝီသချ၏။ ။အစိပ်အကိပ် တနည်းကားကို မဟာကုဒုဇောအား တတ်သော ပဇောစသည်ဖြင့် ဆိုရိုးအတိုင်း လိုရာကိုခွဲ၍ဆိုရမည်။ ။

## ပဌာဝါရဝိဘင်္ဂအနန္တရူပမျိုး၏ပါဠိတော်,အကောက်ဇယား

| | ရှေးရှေးဖိတ် ပစ္စည်း | | | | | | | | နောက်နောက်ဖိတ်ပစ္စယုပ္ပန် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | / ပရိတ္တာရုံ | | | | | | | | အတိမဟန္တာရုံ၊မဟန္တာရုံ၊ဝိဘူတာရုံ၊ အဝိဘူတာရုံ | | | | | | | | | |
| ဖိတ် များ | ပဋိ | ဘွင် ၁၅၊၁၆ | [illegible] | [illegible] | [illegible] | သံ | ဏ | မ ၇ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ရုံ | ရုံ | ကာမဘွင်၊ ၁၀ |

| ကာမဇောဝါရ | | | | | | |
|---|---|---|---|---|---|---|
| ပဋ္ဌဝေါ၁၅ | ။ | | ၇ | လောဘမူ။မောဟမူ။ မဟာကုသိုလ် | ၁၀ | ဘွင်၊၁၉ |
| အရူပ ၄ | ။ | ပဋ္ဌဝေါဘွင်၁၅ | | ဒေါသမူ | ဥ | ၆ | ကာမဇော၊၆ |
| | | | | ဟသိတုပ္ပါဒ် | သော | ၅ | ပဋ္ဌဝေါဘိ၊၉ |
| | | | | မဟာကြိယာသောမနဿသဟဂုတ် | သော | ၅ | တိဟိတ်၊၁၃ |
| | | | | ။ ဥပေက္ခာ ။ | ဥ | ၆ | တိဟိတ်၊၁၃ |

| ဈာနဖိတ် | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| န | ဒ | မ | ပ | ဥ | နု | ဂေါ | မဟဂ်ကု (သော ဥ / ၄ ၅) | ကြိဈာန် (သော ဥ / ၄ ၅) | ဈာန် | ဈာန် | ဘွင် |

| သမာပဇ္ဇနဖိတ် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ရှေးရှေးသောဇောတူ မဟဂ်ကု,ကြိ | | နောက်နောက်သော မဟဂ်ကု,ကြိ | | | [illegible] | ဥ + | ထ + | ဗိုင် + | ဖိ + |
| ရူပကု,ကြိ | အာကာ | ဝိညာ | အာကိ | နေဝ | ၉ | ၁၀ | ၁၀ | ၁၂ | ၁၃ |

| မဂ္ဂဖိတ် | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| န | ဒ | မ | ပ | ဥ | နု | ဂေါ / ဂေါ | မဂ် (သော ဥ / ၁၆ ၄) | ဖိုလ် | ဖိုလ် | ဖိုလ် | တိဘွင် ၁၃ |

| ဖလသမာပတ္တိ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| န | ဒ | မ | နု | နု | နု | နု | ဖိုလ် (သော ဥ / ၁၂ ၄ ၃ ၁) | ဖိုလ် (ရှေးရှေးသောဇောတူ ဖိုလ်၄) | ဖိုလ် (နောက်နောက်သော ဖိုလ်၄) | တိဘွင် ၁၃ |

| နိရောဓသမာပတ္တိ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| န | ဒ | မ | ပ | ဥ | နု | ဂေါ | နေဝ၊ ကု / နေဝ။ ကြိ | နိရောဓ | အနာဂါမိဖိုလ် / အရဟတ္တဖိုလ် | တိဘွင် |

| မရဏာသန္နဖိတ် | | | | |
|---|---|---|---|---|
| နောင် | စုတိ | ကာမစု | ရ | တိဟိတ်စု |
| ရုံ | | ၁၀ | | |
| ဇော | | ၁၀ | ၁၉ | ၁၃ |
| ဘွင် | | | ၁၉ | |

| ပဋိသန္ဓေ | စုတိနောင် | အဟိတ် ပဋိ၊ ၂ | ဒွိဟိတ် ပဋိ၊၄ | တိဟိတ် ပဋိ၊၄ | ရူပ ပဋိ။ ၅ | အာကာ ပဋိ။၁ | ဝိညာ ပဋိ။၁ | အာကိ ပဋိ။၁ | နေဝ ပဋိ။၁ | ပဋိ |
|---|---|---|---|---|---|---|---|---|---|---|
| | ဒွိဟိတ်အဟိတ်စုတိ | ။ | ။ | | | | | | | ၁၀ |
| | ကာမတိဟိတ် ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၉ |
| | ရူပ ။ | × | | | | | | | | ၁၇ |
| | အာကာ ။ | | | ။ | | ။ | ။ | ။ | ။ | ၈ |
| | ဝိညာ ။ | | | ။ | | | ။ | ။ | ။ | ၇ |
| | အာကိ ။ | | | ။ | | | | ။ | ။ | ၆ |
| | နေဝ ။ | | | ။ | | | | | ။ | ၅ |

## ပဋ္ဌာဝိဘင်္ဂပါဠိ အနန္တရူပနိဿယမျိုး တနည်းကားကောက်ပုံ

ဝိထိဇယား၌ မျဉ်းသား၍ပြထားသည်ကား (ကု၊ကု) စသော ဆိုင်ရာပါဠိများကိုထုတ်ရန်ဖြစ်၏။ မျဉ်းမသားသော ဝိထိတို့သည် ဆိုင်ရာဆိုင်ရာ ပုရိမာစသောပါဠိတွင် ဝင်ကြကုန်၏။ ပြထားသော ပါဠိဇယားသည် ဝိထိဇယားမှ ထုတ်အပ်သော ပါဠိဖြစ်ကြောင်းကို တိုက်ဆိုင်၍ကြည့်ရှုပြီး ဝိထိဇယားမှပါဠိဖြစ်လာအောင်ကြံဆပါ။ ။

(ကု၊ကု)။ ။"အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ"ကား ဘုံတူအာရုံပြား။"ဂေါတြဘုမဂ္ဂဿ၊ဝေါဒါနံမဂ္ဂဿ" ကား အာရုံတူဘုံပြား။ပုရိမာတို့ကား ဘုံတူဘုံပြားဖြစ်ကုန်၏။ ။

(ကု၊ဗျာ)။ ။ဖေဒမှထ၍ ဝုဋ္ဌာနခေါ်ရကား မရဏာသန္နဝိထိ၌ ဖောနောင် စုတိကိုပါ ယူရပေမည်။ဖိုလ်မှာဖောကိစ္စတတ်၍ ဝုဋ္ဌာ အမည်မရသေးကြောင့် သီးခြားဟောသည်၊ ကာမဖောနောင် ဖိုလ်ဖောကို "အနုလောမံ စသည်ဖြင့်မဟဂ္ဂုတ်ဖောနောင် ဖိုလ်ဖော ကို"နိရောဓာ ဝုဋ္ဌဟန္တဿ"စသည်ဖြင့်ဟောတော်မူ၏။ ။

(အကု၊ဗျာ)။ ။မရဏာသန္န အကုသိုလ်ဖောနောင် စုတိကိုပါ ယူပါ။ ။

(ဗျာ၊ဗျာ)။ ။ပုရိမာကို ဝိပါက်ကြိယာ ရောခါ ဟောသည်။ ဝိပါက်,ဝိပါက်ချင်း၊ ကြိယာ,ကြိယာချင်းကိုသာယူပါ။ "ဘဝင်္ဂံ အာဝဇ္ဇနာယ"ကား ဝိပါက်က ကြိယာကို "ကြိယံ ဝုဋ္ဌာနဿ" ကား ကြိယာက ဝိပါက်ကို ပစ္စည်းတတ်ပုံကိုဟောတော်မူ၏။ အကြွင်းပါဠိ (ကု၊ဗျာ)သဘောနှင့်တူပြီ။ ။

**အာသေဝန**။ ။(ကု၊ကု) (အကု၊အကု) အနန္တရနှင့်တူပြီ။ (ဗျာ၊ဗျာ)၌ ကြိယာဇောမျှသာဖြစ်၍ "ပုရိမာပုရိမာ ကြိယာဗျာက တာနံ"စသည်ကိုဆိုရန် ကွင်းပြထားသည်။ ။

**အနန္တရကမ္မ**။ ။ကြက်ခြေပြအတိုင်းဆိုပါ။ ။

---

## အနန္တရူပနိဿယမျိုး တနည်းကား အကောက်

---

အကောက်ဇယားတွင် တနည်းကားမှတပါး အပေါင်းကောက်ပုံများကို အကြွင်းအရံပြထားပြီ။တနည်းကား အကျယ်ကောက်များကို အကောက်ဆိုရိုးဇယားအတိုင်း လိုရာများကိုရွေး၍ ကောက်ရပေမည်၊ကောက်ပုံနည်းကို ပြဦးအံ့။ ။

(ကု၊ကု) တနည်းကား။ ။မဟာကုသိုလ်ဖောအား တတ်သော ပဌမဖော။ ဒုတိယဖောအားတတ်သော ဒုတိယဖော ...ပ....သတ္တမဖောအား တတ်သောဆဋ္ဌဖော။ မဟဂ္ဂုတ်ကုသိုလ်သောမနဿသဟဂုတ်လေး ခု၊မဂ်သောမနဿသဟဂုတ် ၁၆-ခုအားတတ်သောဂေါတြဘု,ဝေါ ဒါန်ကိစ္စတတ်သော မဟာကုသိုလ်ပဌမဒွေ။ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ငါးခု။ မဂ်ဥပေက္ခာသဟဂုတ်လေးခုအားတတ် သော ဂေါတြဘု,ဝေါဒါန်ကိစ္စတတ်သောမဟာကုသိုလ်တတိယဒွေ။ သမာပဇ္ဇနဝိထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ်အားတတ် သော ရှေးရှေးသောဖောတူမဟဂ္ဂုတ်ကုသိုလ်ပစ္စည်းတရားရ၏။ ။

သမ္မုဒါန်။ ။မဟာကုသိုလ် ဒုတိယာဒိဖော,မဟဂ္ဂုတ်ကုသိုလ် ကိုးခု၊မဂ်လေးခု ပစ္စယုပ္ပန်တရားရ၏။ ။

ကနိုက်၊ကောက်နည်း။ ။အနန္တရူပ(၇)မျိုးတွင် အာသေဝနှင့် ဂ မှမှတပါး ကြွင်းငါးမျိုးမှာ တပြိုင်နက်အမြဲရ၏၊အာသေဝရသော (ကု၊ကု) (အကု၊အကု) နှင့် တပြိုင်နက်၊ (ဗျာ၊ဗျာ) နှင့် ဇောသာရ၍ ယထာရဟာခြောက်ပစ္စည်းစီ၊ အနန္တရ ကမ္မမှာ (ကု၊ဗျာ)၌သာ ယထာရဟာ ဝင်၍ ခြောက်ပစ္စည်း၊ကြွင်းအချက်တို့၌ ၎င်းတို့နှင့် မဆိုင်၍ တပြိုင်နက် ငါးပစ္စည်းစီဟု သိ၍ကြည့်ခါ ဇယားများ အားလုံး ကိုကောက်ပါ။ ။

(ကု၊ဗျာ)ကဏ္ဍား၊တနည်းကား။ ။မဟာကုဖောနောင်ရုံဘွင် ကိုဆိုပါ။အောက်ဖိုလ်သောမနဿ သဟဂုတ်တဆဲ့နှစ်ခုအား တတ် သော အနုလုံကိစ္စတတ်သော မဟာကုပဌွေ၊အောက်ဖိုလ် ဥပေက္ခာ သဟဂုတ် သုံးခုအားတတ်သော အနုလုံကိစ္စတတ်သော မဟာကု တဒွေ။ ရူပအရူပဖောနောင်ဘွင်၊ နိရောဓသမာပတ်မှထသောအခါ နေဝကုဖောနောင် အနာဂါမိဖိုလ်၊မဂ်နောင်ဖိုလ်တို့ကို ဇယားဆိုရိုး အတိုင်း ပစ္စည်းကုကိုဆို၊ မရဏာသန္နအခါ မဟာကု ဖောနောင် စုတိကျသည်ဖြစ်အံ့၊ စုတိကျေနှစ်သအားတတ်သော မဟာကုသိုလ် ပဋ္ဌမဖော ပစ္စည်းတရားရ၏။ ။

သမ္မုဒါန်။ ။ဇယားအတိုင်းပင်ကောက်တော့။ ။

(အကု၊အကု)ကဏ္ဍား၊တနည်းကား။ ။အကုသိုလ် ဒုတိယ ဖောအားတတ်သော ပဌမဖော....ပ....သတ္တမဖော အားတတ် သော ဆဋ္ဌဖောပစ္စည်းတရားရ၏။ ။

သမ္မုဒါန်။ ။အကုသိုလ်ဒွါဒသဒုတိယာဒိဖောပစ္စယုပ္ပန်တရား ရ၏။ ။

(အကု၊ဗျာ)ကဏ္ဍား၊တနည်းကား။ ။အကုဖောနောင်ရုံဘွင်ကို ရွေး၍ဆို။ မရဏာသန္နအခါ အကုသိုလ်ဖောနောင် စုတိကျသည် ဖြစ်အံ့၊ ကာမစုတိတဆယ်အားတတ်သော အကုသိုလ် ပဋ္ဌမဖော ပစ္စည်းတရားရ၏။ ။

သမ္မုဒါန်။ ။ဇယားအတိုင်းပင်ကောက်တော့။ ။

(ဗျာ၊ဗျာ)ကဏ္ဍား၊တနည်းကား။ ။ဇယားဆိုရိုး အစဉ် အတိုင်းဆို၊ ဟသိတုပ္ပါဒ် မဟာကြိယာ ပဌမဖော အားတတ်သော ဝုဋ္ဌော,မနောဒွါရာဝဇ္ဇန်း၊ ဒုဖော အားတတ်သော ပဖော....ပ.... သတ္တမဖောအားတတ်သော ဆဋ္ဌဖော။ ဖောနောင်ရုံကို (ဗျာ)အ တွက်ရွေးဆို၊ ရုံချင်းချင်း ရုံကဘွင်ကိုဇယားအတိုင်းဆို။ မဟဂ္ဂုတ် ကြိယာသော....၄။ အရဟတ္တဖိုလ်သော... ၄ ခုအား တတ်သော ဂေါတြဘု အနုလုံ ကိစ္စတတ်သော မဟာကြိပဌွေ၊မဟဂ္ဂုတ်ကြိဥ .. ၅ ခု၊အရဟတ္တဖိုလ် ဥ....တစ်ခုအားတတ်သော ဂေါတြဘုအနုလုံ ကိစ္စတတ်သော မဟာကြိတဒွေ။ သမာပဇ္ဇနဝိထိ၌ နောက်နောက် သော မဟဂ္ဂုတ်ကြိယာအားတတ်သော ရှေးရှေးသော ဖောတူ မဟဂ္ဂုတ်ကြိယာ၊ ရူပအရူပကြိယာဖောနောင်ဘွင်၊ နိရောဓမှ ထ သောအခါ နေဝကြိဖောနောင် အရဟတ္တဖိုလ်။ ဖိုလ်ချင်းချင်း၊ ဖိုလ် နောင်ဘွင်၊မရဏာသန္နအခါများကို အားလုံးဇယားအတိုင်းဆိုပါ။ ဖောနောင်စုတိ၌ မဟာကြိဖောနောင် စုတိကျသည်ဖြစ်အံ့။ တိဟိတ် စုတိ၁၃ခုအားတတ်သော မဟာကြိပဋ္ဌမဖောဟုဆို၊ အကြွင်း အားလုံးဇယားဆိုရိုးအတိုင်းဆိုပါ။ ။

သမ္မုဒါန်။ ။ဇယားအတိုင်းပင်ကောက်ပါ။ ။

(ဗျာ၊ကု) (ဗျာ၊အကု)။ ။ဇယားအတိုင်းကောက်ပါ။ ။

### အာသေဝနပစ္စည်း

(ဗျာ၊ဗျာ)ကဏ္ဍား၊တနည်းကား။ ။ဟသိ,မဟာကြိ ဒုဖော အားတတ်သော ပဖော....ပ....သတ္တမဖောအားတတ်သော ဆဋ္ဌ ဖော၊ မဟဂ္ဂုတ်ကြိယာသော....၄ ခုအားတတ်သော ဂေါတြဘု ကိစ္စတတ်သော မဟာကြိပဌွေ မဟဂ္ဂုတ်ကြိ ဥ....၅ ခုအားတတ် သော ဂေါတြဘုကိစ္စတတ်သော မဟာကြိတဒွေ၊ သမာပဇ္ဇန ဝိထိ၌ နောက်နောက်သောမဟဂ္ဂုတ်ကြိယာအားတတ်သော ရှေးရှေးသော

## ပဋ္ဌာဝိဘင်္ဂပါဠိ၏ အနန္တရူပနိဿယမျိုး ပါဠိတော်ဇယား

| | ပစ္စည်း ပါဠိ | ပစ္စည်းတရား | | ပစ္စယုပ္ပန်ပါဠိ | ပစ္စယုပ္ပန်တရား |
|---|---|---|---|---|---|
| ကု | ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ | ဆုံးဖောကြွင်ကိကု၁၇ | ကု | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ * | ပဖောကြွင် ကု ၂၀ |
| | အနုလောမံ ၂ | သင်္ခါရ၏အရုံ, မဟာကုပ, တခွေ | | ဂေါတြဘုဿ \| ဝေါဒါနဿ | နိဗ္ဗာန်အာရုံ, မဟာကုပ, တခွေ |
| | ဂေါတြဘု \| ဝေါဒါနံ | နိဗ္ဗာန်အာရုံ ॥ | | မဂ္ဂဿ ၂ * | ॥ သောတာ။ထက်မဂ် |
| ကု | ကုသလံ | ကိကု ၁၇ အဆုံးဖော | ဗျာ | ဝုဋ္ဌာနဿ | ရုံ ၁၁။မဟာဝိ ၆ |
| | × မဂ္ဂေါ | မဂ် ၄ | | ဖလဿ | ဖိုလ် ၄ |
| | အနုလောမံ | သင်္ခါရ၏အရုံ, မဟာကုပ, တခွေ | | သေက္ခာယ ဖလသမာပတ္တိယာ | အောက်ဖိုလ် ၃ |
| | နိရောဓာဝုဋ္ဌဟန္တဿ နေဝ.....ကုသလံ | နိရောဓမှထ, နေဝ.....ကု | | ဖလသမာပတ္တိယာ * | အနာဂါမိဖိုလ် |
| အကု | ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ | ဆုံးဖောကြွင်အကု-၁၂ | အကု | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ * | ပဖောကြွင် အကု ၁၂ |
| အကု | အကုသလံ | အကု ၁၂ အဆုံးဖော | ဗျာ | ·ဝုဋ္ဌာနဿ * | ရုံ ၁၁။မဟာဝိ ၆ |
| ဗျာ | ပုရိမာ ပုရိမာ ဝိပါကာ ဗျာကတာ | ရဟန္တာ၏, ဘဝင်, ကြွင်ဝိ ၃၆ | ဗျာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ | ရဟန္တာ၏စုတိနှင့်အကွ ဝိ ၃၆ |
| | (ကြိယာ ဗျာကတာ ခန္ဓာ | ဆုံးဖော်ဒွေ, မဇ္ဈိုကြွင်ကြိ ၁၉ | | ကြိယာဗျာကတာနံ ခန္ဓာနံ ) * | ပဉ္စဖော, ပစ္စ, မဇ္ဈိုကြွင်ကြိ ၁၉ |
| | ဘဝင်္ဂ | ဘဝင်ပစ္ဆေဒ ၁၉ | | အာဝဇ္ဇနာယ | အာဝဇ္ဇန်းနွေ |
| | ကြိယံ | ကြိဆုံးဖော, ဒွေ, ပဉ္စဒွါ | | ဝုဋ္ဌာနဿ | ရုံ၁၁။မဟာဝိ၆။ဒွေပဉ္စ |
| | အနုလောမံ | သင်္ခါရ၏အရုံ, မဟာကြိပ, တခွေ | | *အရဟတော ဖလသမာပတ္တိယာ | အရဟတ္တဖိုလ် |
| | နိရောဓာဝုဋ္ဌဟန္တဿ နေဝ....ကြိယံ | နိရောဓမှထ နေဝ.....ကြိ | | ဖလသမာပတ္တိယာ * | အရဟတ္တဖိုလ် |
| ဗျာ | အာဝဇ္ဇနာ | ဝုဋ္ဌာန မနောဒွါရာဝဇ္ဇန်း | ကု | ကုသလာနံ ခန္ဓာနံ * | မဟာကု ပ ဖော |
| ဗျာ | ॥ | ॥ | အကု | အ ॥ * | အကု ၁၂ ပဖော |

## အနန္တရူပနိဿယမျိုး အကောက်ဇယား

| | ပစ္စည်း = ကတ္တား | | ပစ္စယုပ္ပန် = သမ္ပဒါန် | ဖြိုင် | ယထာ |
|---|---|---|---|---|---|
| ကု | အဆုံးဖောကြွင်ရှေးရှေးသော လောကီကုသိုလ် သတ္တရသ (တနည်းကား) | ကု | ပထမဖောကြွင်နောက်နောက်သောကုသိုလ်ဝေဘီသ | ၆ | |
| ကု | လောကီကုသိုလ် သတ္တရသ အဆုံးဖော၊မဂ်လေးခု (တနည်းကား) | ဗျာ | တဒါရုံ ၁၁၊ မဟာဝိတ်ဝိပါက် ကိုးခု၊ ဖိုလ်လေးခု | | ၆ |
| အကု | အဆုံးဖောကြွင်ရှေးရှေးသောအကုသိုလ်ဒွါဒသ (တနည်းကား) | အကု | ပထမဖောကြွင်နောက်နောက်သောအကုသိုလ်ဒွါဒသ | ၆ | |
| အကု | အကုသိုလ် ဒွါဒသ အဆုံးဖော (တနည်းကား) | ဗျာ | တဒါရုံ ၁၁။မဟာဝိတ် ဝိပါက် ကိုးခု | ၅ | |
| ဗျာ | ရဟန္တာ၏စုတိကြွင်ရှေးရှေးသောဝိပါက်၃၆၊ကြိယာ၂၀ (တနည်းကား) | ဗျာ | ရဟန္တာ၏စုတိနှင့်အကွ နောက်နောက်သောဝိပါက် ၃၆၊ ကြိယာ ၂၀ | | ၆ |
| ဗျာ | ဝုဋ္ဌော၊မနောဒွါရာဝဇ္ဇန်း | ကု | မဟာကုသိုလ် ပထမဖော | ၅ | |
| ဗျာ | ॥ | အကု | အကုသိုလ် ဒွါဒသ ပထမဖော | ၅ | |

## အာသေဝန(ဗျာ။ဗျာ)နှင့်အနန္တရကဗ္ဗအကောက်ဇယား

| | | | | | |
|---|---|---|---|---|---|
| ဗျာ | အဆုံးဖောကြွင်သော ရှေးရှေးသော ကြိယာဇော အဋ္ဌာရသ (တနည်းကား) | ဗျာ | ပထမဖောကြွင်သော နောက်နောက်သော ကြိယာဇော အဋ္ဌာရသ | ၆ | |
| ကု | မဂ် လေးခု စေတနာ | ဗျာ | မဂ္ဂါနန္တရဖိုလ်လေးခု | ၆ | |

ဇောတူမဟာဝိတ်ကြိယာပစ္စည်းတရားခု၏။ သမ္ပဒါန်။ ။ဟသိတုပ္ပါဒ် မဟာကြိယာ ဒုတိယာဒိဇော။ မဟာဝိတ်ကြိယာ ကိုးခု ပစ္စယုပ္ပန် တရားခု၏။ ။

အနန္တရကဗ္ဗ ပစ္စည်း။ ။ဇယားအတိုင်းပင်ကောက်ပါ။ ။

အနန္တရူပနိဿယမျိုး အကောက်အကျဉ်းချုပ်။ ။ဒီထိဆိုရိုး ဇယားဘိုရစေပြီးလျှင် ၎င်းမှဆိုင်ရာ ပါဠိများကိုထုတ်ယူပါ။၎င်းမှ ပင်ဆိုင်ရာအကောက်များကို တနည်းကားပါ၍ကျန်ကောက်ပါ။ ။ ပါဠိတော် ခရေပွင့်အမှတ်ပြုများ၌သာ ပစ္စယေန ပစ္စယောကို ဆိုပါ။ ။

ပဋ္ဌာန်းဘက်ဝါရ ပကတူပနိဿယမျိုး ပါဠိတော်အပြား

| | ပစ္စည်း ပါဠိ | ပစ္စည်းတရား |
|---|---|---|
| ကု | သဒ္ဓံ ဥပနိဿာယ \|<br>သီလံ သုတံ စာဂံ ပညံ ဥပနိဿာယ } | မဟာကု |
| | သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ | မဟာကု |
| | ပဌမဿ ဈာနဿ ပရိကမ္မံ \| ဒု \| တ \| စ<br>အာကာသာနဉ္စာယတနဿ ပရိကမ္မံ \| ဝိညာ \| အာကိံ \| နေဝ | ပရိကံဇောကိစ္စ<br>တတ်သော မဟာကု |
| | ပဌမံ ဈာနံ \| ဒု \| တ \| စ<br>အာကာသာနဉ္စာယတနံ \| ဝိညာ \| အာကိံ | ပဈာန်စသည် |
| | ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ \| ဒိဗ္ဗာယ သောတဓာတုယာ....<br>ဣဒ္ဓိဝိဓဉာဏဿ.... \| စေတောပရိယဉာဏဿ.....<br>ပုဗ္ဗေ.... \| ယထာ.... \| အနာဂတံသဉာဏဿ | ပရိကံဇောကိစ္စ<br>တတ်သော မဟာကု |
| | ဒိဗ္ဗစက္ခု \| ဒိဗ္ဗသောတ ဓာတု<br>ဣဒ္ဓိဝိဓဉာဏံ \| စေတော \| ပုဗ္ဗေ \| ယထာ | ဒိဗ္ဗစက္ခု စသော<br>အဘိညာဉ် |
| | ပဌမဿ မဂ္ဂဿ ပရိကမ္မံ \| ဒု \| တ \| စ | ပရိကံဇော..မဟာကု |
| | ပဌမော မဂ္ဂေါ \| ဒု \| တ | သောတာမဂ် စသည် |
| | သေက္ခာ မဂ္ဂံ ဥပနိဿာယ | အောက်မဂ် သုံးခု |
| | မဂ္ဂေါ | အောက်မဂ် သုံးခု |
| ကု | သဒ္ဓံ ဥပနိဿာယ\|သီလံ....ပညံဥပနိဿာယ | မဟာကု |
| | သဒ္ဓါ.......ပညာ | လောကီကု |
| ကု | သဒ္ဓံဥပနိဿာယ\|သီလံ....ပညံဥပနိဿာယ<br>သဒ္ဓါ.......ပညာ | မဟာကု |
| | × ကုသလံ ကမ္မံ | ဗလဝကု ၂၁စေတနာ |
| | အရဟာ မဂ္ဂံ ဥပနိဿာယ | အရဟတ္တမဂ် |
| | မဂ္ဂေါ | အရဟတ္တမဂ် |
| | မဂ္ဂေါ | မဂ်လေးခု |

| | ပစ္စယုပ္ပန် ပါဠိ | ပစ္စယုပ္ပန်တရား |
|---|---|---|
| ကု | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ<br>ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ<br>ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ ၂ | မဟာ,မဟဂ်ကု<br>မဂ်,အဘိညာဉ်<br>သမာပတ် |
| | သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ | မဟာကု |
| | ပဌမဿ ဈာနဿ \| ဒု \| တ \| စ<br>အာကာသာနဉ္စာယတနဿ \| ဝိညာ \| အာကိံ \| နေဝ | ရူပဈာန်<br>အရူပဈာန် |
| | ဒုတိယဿ ဈာနဿ \| တ \| စ \| အာကာ<br>ဝိညာဏဉ္စာယတနဿ \| အာကိံ \| နေဝ | ဒုဈာန် စသည် |
| | ဒိဗ္ဗဿ စက္ခုဿ \| ဒိဗ္ဗာယ သောတဓာတုယာ<br>ဣဒ္ဓိဝိဓဉာဏဿ \| စေတောပရိယဉာဏဿ<br>ပုဗ္ဗေ \| ယထာ \| အနာဂတံသ ဉာဏဿ | ဒိဗ္ဗစက္ခု စသော<br>အဘိညာဉ် |
| | ဒိဗ္ဗာယ သောတဓာတုယာ\|ဣဒ္ဓိဝိဓဉာဏဿ<br>စေတော\|ပုဗ္ဗေ\|ယထာ\|အနာဂတံသဉာဏဿ | ဒိဗ္ဗသောတစသော<br>အဘိညာဉ် |
| | ပဌမဿ မဂ္ဂဿ \| ဒု \| တ \| စ | သောတာမဂ် စသည် |
| | ဒုတိယဿ မဂ္ဂဿ \| တ \| စ | သကဒါမဂ် စသည် |
| | အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ၊ ဥပ္ပန္နံ သမာပဇ္ဇန္တိ<br>သင်္ခါရေ အနိစ္စတော...အနတ္တတော ဝိပဿန္တိ | အနုပ္ပန္န,ဥပ္ပန္န သမာပတ်<br>မဟာကု |
| | သေက္ခာနံ အတ္ထ ပဋိသမ္ဘိဒါယ။ ဓမ္မ။ နိရုတ္တိ<br>ပဋိဘာနပဋိသမ္ဘိဒါယ၊ ဌာနာဋ္ဌာနကောသလ္လဿ | ပဋိသမ္ဘိဒါလေးပါး<br>ဌာနာဋ္ဌာနကောသလ္လဉာဏ် |
| အကု | မာနံ ဇပ္ပေတိ ဒိဋ္ဌိံ ဂဏှာတိ ၂ | ဒိဋ္ဌိဝိ ၄-ဒိဋ္ဌိသံ ၄ |
| | ရာဂဿ,ဒေါသဿ,မောဟဿ,မာနဿ,ဒိဋ္ဌိယာ ပတ္ထနာယ | အကု-၁၂ |
| ဗျာ | { အတ္တာနံ အာတာပေတိ ပရိတာပေတိ<br>{ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ ၂ | ဒုက္ခ သဟဂုတ်<br>ကာယ ဝိညာဉ် |
| | ကာယိကဿ သုခဿ,ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ | ကာသု၊ကာဒု၊ဖိုလ် ၄ |
| | ဝိပါကဿ | ကုဝိ ကျေ့နတ်သ |
| | အနုပ္ပန္နံ ကြိယာသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ<br>သင်္ခါရေ အနိစ္စတော...အနတ္တတော ဝိပဿတိ | ....ကြိယာသမာပတ်<br>မဟာကြိ |
| | အရဟာ အတ္ထပဋိသမ္ဘိဒါယ။ ဓမ္မ။ နိရုတ္တိ<br>ပဋိဘာနပဋိသမ္ဘိဒါယ၊ ဌာနာဋ္ဌာနကောသလ္လဿ | ပဋိသမ္ဘိဒါလေးပါး<br>ဌာနာဋ္ဌာနကောသလ္လဉာဏ် |
| | ဖလသမာပတ္တိယာ | ဖိုလ်လေးခု |

## ပါဠိတော်ဟောတော်မူပုံ

(ကု၊ကု)။ ။၎င်း၏ပါဠိတော် ဟောတော်မူပုံကို ကြည့်လျှင် ပစ္စည်းဘက်က သဒ္ဓါစသည် ပစ္စယုပ္ပန်ဘက်က ဒါနံဒေတိစသည်ကို ၎င်း(အစိပ်အစိပ်ဘည်း) တဖန် သဒ္ဓါစသည်က သဒ္ဓါစသည်အား (အပေါင်းတည်း)ဟူ၍ပစ္စည်း၏သဘောအားလုံးဘို့တွင်အစိပ်တချက် အပေါင်းတချက်ကိုဟောမြဲမှတ်ပါ)ထို့ နောက်ဈာန် အဘိညာဉ် မဂ်ဟု သုံးချက်မှတ်၍ဈာန်ပရိကံက ဈာန်အား ဈာန်ချင်းချင်းအားကျေးဇူးပြုပုံကို ဟောတော်မူ၏။ အဘိညာဉ် မဂ်ဘို့ကိုလည်း နည်းတူ ဟောတော်မူ၏။ တဖန် မဂ်ကို အကြောင်းပြု၍ အနုပ္ပန္န သမာပတ်ကိုဖြစ်စေမှု၊ ဥပ္ပန္န သမာပတ်ကိုဝင်စားမှုနှင့် ဝိပဿနာပြုမှု ဘို့၎င်း မဂ်က ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့် ဌာနာဋ္ဌာန ကောသလ္လ ဉာဏ်အား ကျေးဇူးပြုမှုဘို့၎င်းဟောတော်မူ၏။ ဤဟောစဉ်ကိုမှတ်လျှင် ပါဠိလွယ်၏။

ပဋိသမ္ဘိဒါဉာဏ်လေးပါးတရားကိုယ်။ ။"တိဿော ပဋိသမ္ဘိဒါ ကာမာဝစရ ကုသလတော စတူသု ဉာဏသမ္ပယုတ္တေသု စိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇန္တိ၊ ကြိယတော စတူသု ဉာဏသမ္ပယုတ္တေသု စိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇန္တိ၊ အတ္ထပဋိသမ္ဘိဒါ ဧတေသုစေဝ ဥပ္ပဇ္ဇတိ စတူသု မဂ္ဂေသုစ စတူသု ဖလေသုစ ဥပ္ပဇ္ဇတိ"ဟူသော ပဋိသမ္ဘိဒါ ဝိဘင်း အဘိဓမ္မာဘာဇနီယ အတိုင်းကောက်ပါ။

(ကု၊အကု)။ ။ပစ္စည်း"ကု"ဖြစ်၍ သဒ္ဓါစသည်ကို ပစ္စယုပ္ပန် "အကု"ဖြစ်၍ မာနံဇပ္ပေတိ စသည် ရာဂ စသည်ဘို့မှတ်ပါ။

(ကု၊ဗျာ)။ ။ပစ္စည်းသဒ္ဓါစသည်၊ပစ္စယုပ္ပန်ဗျာအတွက်အတ္တာနံ အာတာပေတိ စသည်နှင့် အပေါင်းဘက် ကာယိကသုခစသည်ကို ဆိုပါ။

ဗလဝကုဘက်က ကမ္မံ။ ။"ကုသလံကမ္မံ ဝိပါကဿ"မှာ ၎င်းအတွက်ပင်၊ မဂ်က သမာပတ် စသည်တို့အား ကျေးဇူးပြုပုံမှာ (ကု၊ကု)သဘောသွားပင်ဖြစ်၏၊ နောက်ဆုံး "မဂ္ဂေါ ဖလသမာပတ္တိယာမှာ အနန္တရကဒွါအတွက်ဖြစ်၏။

## ပဋ္ဌာနပါဠိတော်၏ ပကတူပနိဿယမျိုးပါဠိတော်ဇယား

| | ပစ္စည်းပါဠိ | ပစ္စည်းတရား | | ပစ္စယုပ္ပန်ပါဠိ | ပစ္စယုပ္ပန်တရား |
|---|---|---|---|---|---|
| အကု | ရာဂံ ဥပနိဿာယ ၊<br>ဒေါသံ မောဟံ မာနံ ဒိဋ္ဌိံ ပတ္ထနံ ဥပနိဿာယ | လော၊ဒေါ၊အကု<br>မိစ္ဆာဒိဋ္ဌိ၊ဒိဋ္ဌိသံ၊လော | အကု | ပါဏံဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာဘဏတိ၊ ပိသုဏံ၊ ဖရုသံ၊ သမ္ဖပ္ပလာပံ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ၊ အရဟန္တံ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ ၂ | ဒေါ၊မော၊ အကု၊ အကု<br>အကု၊ဒေါ၊မော၊ အကု<br>အကု<br>ထော၊မော၊အကု<br>ဒေါ<br>ဒေါ<br>ဒေါ |
| | ရာဂေါ၊ဒေါသော၊မောဟော၊မာနော၊ဒိဋ္ဌိ၊ပတ္ထနာ | အကု ၁၂ | | ရာဂဿ....ပတ္ထနာယ | အကု-၁၂ |
| | ပါဏာတိပါတော ၊ အဒိန္နာဒါနံ<br>ကာမေသု မိစ္ဆာစာရော ၊ မုသာဝါဒေါ<br>ပိသုဏာဝါစာ ၊ ဖရုသာဝါစာ ၊ သမ္ဖပ္ပလာပေါ<br>အဘိဇ္ဈာ ၊ ဗျာပါဒေါ ၊ မိစ္ဆာဒိဋ္ဌိ | အကု ၁၂ | | ပါဏာတိပါတဿ ၊ အဒိန္နာဒါနဿ<br>ကာမေသုမိစ္ဆာစာရဿ ၊ မုသာဝါဒဿ<br>ပိသုဏာယဝါစာယ၊ဖရုသာယဝါစာယ၊သမ္ဖပ္ပလာပဿ<br>အဘိဇ္ဈာယ ၊ ဗျာပါဒဿ ၊ မိစ္ဆာဒိဋ္ဌိယာ ၁၀ | အကု-၁၂ |
| | မာတုဃာတိ ကမ္မံ ၊ ပိတုဃာတိ ကမ္မံ<br>အရဟန္တဃာတိ ကမ္မံ ၊ ရုဟိရုပ္ပါဒ ကမ္မံ<br>သံဃဘေဒ ကမ္မံ ၊ နိယတမိစ္ဆာဒိဋ္ဌိ | ဒေါ ဒွေ<br>သတ္တမ<br>ဇော၊ဒိဋ္ဌိသံ | | မာတုဃာတိကမ္မဿ ၊ ပိတုဃာတိကမ္မဿ<br>အရဟန္တဃာတိကမ္မဿ၊ရုဟိရုပ္ပါဒကမ္မဿ<br>သံဃဘေဒ ကမ္မဿ ၊ နိယတမိစ္ဆာဒိဋ္ဌိယာ ၆ | ဒေါဒွေ<br>သတ္တမ<br>ဇော၊ဒိဋ္ဌိသံ |
| အကု | ရာဂံဥပနိဿာယ၊ဒေါသံ.... ပတ္ထနံ ဥပနိဿာယ | အကု-၁၂ | ကု | ဒါနံ ဒေတိ....သမာပတ္တိံ ဥပ္ပါဒေတိ ၂ | ကု-၂၁ |
| | ရာဂေါ.......ပတ္ထနာ | အကု-၁၂ | | သဒ္ဓါယ....ပညာယ | မဟာကု |
| | ပါဏံ ဟန္တွာ တဿ ၊ အဒိန္နံ အာဒိယိတွာ၊ မုသာဘဏိတွာ ပိသုဏံ၊ ဖရုသံ၊ သမ္ဖပ္ပလပိတွာ၊ သန္ဓိံ ဆိန္ဒိတွာ၊ နိလ္လောပံ ဟရိတွာ၊ ဧကာဂါရိကံ ကရိတွာ၊ ပရိပန္ထေ ဌတွာ၊ ပရဒါရံ ဂန္တွာ၊ ဂါမဃာတံ ကရိတွာ၊ နိဂမဃာတံ ကရိတွာ တဿ | အကု-၁၂ | | ပဋိဃာတတ္ထာယ ဒါနံ ဒေတိ.....သမာပတ္တိံ ဥပ္ပါဒေတိ ၂ | ကု-၂၁ |
| | မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ ၊ ပိတရံ၊ အရဟန္တံ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတွာ၊ သံဃံ ဘိန္ဒိတွာ တဿ | ဒေါဒွေ<br>သတ္တမဇော | | ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ ၃ | မဟာကု |
| အကု | ရာဂံဥပနိဿာယ ၊ ဒေါသံ....ပတ္ထနံ ဥပနိဿာယ | အကု-၁၂ | ဗျာ | အတ္တာနံ အာတာပေတိ....ဒုက္ခံ ပစ္စနုဘောတိ ၂ | နု....ကာယဝိညာဉ် |
| | ရာဂေါ.......ပတ္ထနာ | | | ကာယိကဿ သုခဿ....ဖလသမာပတ္တိယာ | သု၊ဒု၊မိုလ် ၄ |
| | × အကုသလံ ကမ္မံ | အကု၁၂ ရှိစေတနာ | | ဝိပါကဿ | အကုဝိ ၇ |
| ဗျာ | ကာယိကံ သုခံ၊ ကာယိကံ ဒုက္ခံ၊ ဥတု၊ ဘောဇနံ၊ သေနာသနံ | သု၊ဒု၊ဥတု၊ဘော၊သေ | ဗျာ | ကာယိကဿ သုခဿ ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ၅ | သု၊ဒု၊မိုလ် ၄ |
| | ကာယိကံ သုခံ .. ....သေနာသနံ | ဝိ ၃၆၊ ကြွံ ၂၀၊ ရုပ် ၂၈ | | ကာယိကဿ သုခဿ....ဖလသမာပတ္တိယာ | ဝိ ၃၆၊ ကြွံ ၂၀ |
| | ဖလသမာပတ္တိ | မိုလ် ၄ | | ကာယိကဿ သုခဿ | သု....ကာယဝိညာဉ် |
| | အရဟာ ကာယိကံ သုခံ ဥပနိဿာယ ၊<br>ကာယိကံ ဒုက္ခံ....သေနာသနံ ဥပနိဿာယ | ဝိ ၃၆၊ ကြွံ ၂၀၊ ရုပ် ၂၈ | | အနုပ္ပန္နံ ကြိယာသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ | ...ကြိယာ သမာပတ် |
| | | | | သင်္ခါရေ အနိစ္စတော....အနတ္တတော ဝိပဿတိ | မဟာကြိ |
| ဗျာ | ကာယိကံ သုခံ ဥပနိဿာယ ၊....သေနာသနံ ဥပနိဿာယ | သု၊ဒု... စသည် | ကု | ဒါနံ ဒေတိ ...သမာပတ္တိံ ဥပ္ပါဒေတိ ၂ | ကု-၂၁ |
| | ကာယိကံ သုခံ....သေနာသနံ | မိုလ်ကြဉ် ဝိ၊ ကြိ၊ ရုပ် | | သဒ္ဓါယ....ပညာယ | မဟာကု |
| ဗျာ | ကာယိကံ သုခံ ဥပနိဿာယ၊...သေနာသနံ ဥပနိဿာယ | သု၊ဒု....စသည် | အကု | ပါဏံ ဟနတိ....သံဃံ ဘိန္ဒတိ ၂ | အကု-၁၂ ❘ |
| | ကာယိကံ သုခံ....သေနာသနံ | ကိုဝိ၊ ကြိ၊ ရုပ် | | ရာဂဿ....ပတ္ထနာယ | အကု-၁၂ |

(အကု၊အကု)။ ။အကုသိုလ်ချင်းဖြစ်၍ ရာဂစသည်က ပါဏံဟနတိ စသည်အားလည်း ရာဂစသည်က အချင်းချင်းအားလည်း၊ နှုတ်ရိုက်သယ်ပါး၊ ပဋ္ဌာန် နက်ရိုက်ယံ၊ နိယတမိစ္ဆာဒိဋ္ဌိတို့ကို စက်ကာ၍ ဟောတော်မူ၏။ ။

(အကု၊ကု)။ ။ပစ္စည်းအကု၊ပစ္စယုပ္ပန် ကုသိုလ်တွေ အတိုင်းဆိုပါ။ အကုသိုလ်ကိုပြုပြီး နှင်းကိုပယ်ဖျောက်ခြင်းငှါ ဒါန စသည်ကိုပြု မှုကိုဆို။ ပဋ္ဌာန် နက်ရိုက်ယံများကိုပြုလျှင် ဖျာန်စသည့် မရနိုင်တော့၍ ဥပေါသထကမ္မံ ကရောတိဘိုင်ရှိသာဆိုပါ။ ။

(အကု၊ဗျာ)။ ။သဘောသွားအတိုင်းဆို။ဗဟုဝကမ္မအတွက် လည်းဆိုပါ။ ။

(ဗျာ၊ဗျာ)စသောသုံးချက်။ ။အထက်နည်းကိုမှီး၍ဆိုတော့ မထူးတော့ပြီ။ ။

ပဋ္ဌာဒိဘင်ဝါရ ပကတူပနိဿယမျိုး အကောက်ဇယား

| ပစ္စည်း=ကဏ္ဍား | | ပစ္စယုပ္ပန်=သဋ္ဌဒါန် | | ငြိမ် | ယထာ |
|---|---|---|---|---|---|
| ကု | ဗဿဝဖြစ်သောအရဟတ္တမဂ်ကြဉ် ကု၂၀။စေ၃၀ | ကု | ကု၂၁။စေ၃၀ | ၁ | |
| ။ | ။ လောကီကု ၁၇။စေ၃၀ | အကု | အကု၁၂။စေ၂၇ | ၁ | |
| ။ | ။ ကု၂၁။စေ၃၀ | ဗျာ | ဝိပါက်၃၆။ကြိယာ၂၀။စေ၃၀ | | ၆ |
| အကု | ။ အကု၁၂။စေ၂၇ | အကု | အကု၁၂။စေ၂၇ | ၁ | |
| ။ | ။ ။ | ကု | ကု၂၁။စေ၃၀ | ၁ | |
| ။ | ။ ။ | ဗျာ | ဝိပါက်၃၆။ကြိယာ၂၀။စေ၃၀ | | ၂ |
| ဗျာ | ။ ဝိ၃၆။ကြိ၂၀။စေ၃၀။ရုပ်၂၈ | ဗျာ | ။ | ၁ | |
| ။ | ။ အရဟတ္တဖိုလ်ကြဉ်ဝိ၃၅ ။ | ကု | ကု၂၁။စေ၃၀ | ၁ | |
| ။ | ။ လောကီဝိပါက်၃၂ ။ | အကု | အကု၁၂။စေ၂၇ | ၁ | |
| ဗလဝနာနာက္ခဏိကကမ္မအကောက် | | | | | |
| ကု | ဗလဝဖြစ်သော ကု၂၁ရှိ စေတနာ | ဗျာ | ကုသလဝိပါက် ၁ကျနတိသ | | ၆ |
| အကု | ။ အကု၁၂ ။ | ဗျာ | အကုသလဝိပါက်၇ | ၂ | |

အနန္တရုပနိဿယမျိုး,ပကတူပနိဿယမျိုးပါဠိတော်ဇယားများ၌ ပါဠိတော်များ၏အစဉ်အစဉ် ပစ္စည်းပစ္စယုပ္ပန်တရားများကို ပါဠိတော်ကို ဆောင်ရာ၌ရင်း,အနုဝါဒကိုဆိုရာ၌ရင်း သက်သာလွယ်ကူစေရန် တပါတည်းပြထားပေသည်။အာရမ္မဏမျိုးက ပြခဲ့သည့်အတိုင်း ၂၊၅၊၆။၁၀ စသောဘာဏန်းများရှိလျှင် နှစ်ကြိမ်စသည်ဆိုပါ၊ အနန္တရူပမျိုးတွင် ခရေပွင့်ပြထားရာများ၌သာ "ပစ္စယေနပစ္စယော"ဟုဆိုပါ၊ ပကတူပမျိုးတွင်ကား ကြိယာဆုံးသော ပုဒ်မှတပါး အားလုံး "ပစ္စယေနပစ္စယော"ဟုဆိုပါ။ ။

မှတ်ချက်။ ။ပါဏာတိပါတော စသည်၌ "ပါဏာတိပါတော ပါဏာတိပါတဿ ဥပနိဿယပစ္စယေနပစ္စယော"။ ပါဏာတိပါတော အဒိန္နာဒါနဿ ကာမေသုမိစ္ဆာစာရဿ"စသည်ဖြင့်တပါးကိုမူတည်ပြီး ဆယ်ပါးကို ဖွဲ့ခါဖွဲ့ခါ မူလီသွတ်၍ဆိုပါ၊ ကြွင်းရှ ဤသဘောယူဆပါ။ ။

ဗလဝနာနာက္ခဏိကကမ္မပါဠိတော်။ ။ကြက်ခြေ ပြထားရာ(ကု။ဗျာ)(အကု။ဗျာ)၌ဆိုပါ၊ ။

## ပကတူပနိဿယမျိုးအကောက်

ပါဠိတော်ရှည်လျားလှသော်လည်း အကောက်မှာ လွယ်ကူလှပါ၏။အကျဉ်းချုပ်မှတ်ရန်မှာ ကုသိုလ်ပစ္စယုပ္ပန်နေလျှင် အရဟတ္တမဂ်,ဖိုလ်ကို ပစ္စည်းဘက်ကကြဉ်ပါ။ အကုသိုလ်ပစ္စယုပ္ပန်နေလျှင် လောကီကို ပစ္စည်းဘက်က ကောက်ပါ၊ပစ္စယုပ္ပန်များမှာ နာမ်ကုန်ရကြ၏။ ။

ကံနိကာယ်ကောက်။ ။(ကု။ဗျာ)တွင် အနန္တရကမ္မဝင်၍ခြောက်ပစ္စည်း၊(အကု။ဗျာ)တွင် ဗဿဝကမ္မသာဝင်၍ နှစ်ပစ္စည်းသာ၊ တစ်တို့မှာ ပကတူပနိဿယ တပစ္စည်းအတွက်သာဖြစ်၏။ ။

ပကတူပသဘော။ ။ဤပကတူပသည် အကြောင်း အကျိုးဝန်၍ ကျေးဇူးပြုရာ၌ ဇုံးကပြုဘူးသော ကုသိုလ်ကြောင့် ဗျာန်တရား,မဂ်တရားတို့ ရသောအခါ ဝေးသောအကြောင်း,သဒ္ဓါသည်ကြောင့် ဒါနစသည်ကိုပြုရာ၌ နီးသောအကြောင်း,မဂ်စေတနာက ဖိုလ်ကို ကျေးဇူးပြုရာ၌ အလွန်နီးသောအကြောင်းဟု အကြောင်းဝေး အကြောင်းနီးရှိ၏။ ။

ပကာသ။ ။ကောင်းမြတ်အကျိုးတရားဖြစ်စေအောင် ကောင်းစွာပြုအပ် ဖြစ်စေအပ် မှီဝဲအပ်သော အားကြီးသော အကြောင်းသည် ပကာသမည်၏။ဤပကတသည် သဒ္ဓါစသော မိမိအဇ္ဈတ္တသန္တာန်၌ဖြစ်စေအပ်သော ဥပ္ပါဒိတ၊ဥတုဘောဇနသေနာသနစသော ဗဟိဒ္ဓ၌ ပေါင်းသင်းဆက်ဆံစားသောက်တွေ့ထိခြင်းတို့ဖြင့် မှီဝဲဆည်းကပ်အပ်သော ဥပသေဝိတဟု နှစ်မျိုးရှိ၏။ ။

ရုပ်ပစ္စယုပ္ပန်မရပုံ။ ။ရုပ်တရားတို့မှာ တစုံတရာပြုလုပ်ဆောင်ရွက်စေ ဆော်နိုင်မှုမရှိသော အစေတန,အဗျာပါရ သဘောများသာဖြစ်၍ အထက်ကပြခဲ့သော ပကတသဘောမျိုးမရှိ၍ပစ္စယုပ္ပန်တွင် မပါ။ ။

နိဗ္ဗာန်ပစ္စည်း၌လည်းမရပုံ။ ။နာမ်တရားတို့သည် နိဗ္ဗာန်ဒိတ, ဥပသေဝနအကြောင်းနှင့် ပြည့်စုံကြ၍ ပစ္စည်းဘက်က ရကြလည်း နိဗ္ဗာန်မှာ ထိုအကြောင်းနှစ်ပါးမရှိ၍ ပစ္စည်းပင်မရ။ ။

ပကတူပသုံးမျိုး။ ။(၁)အာရမ္မဏာဓိပတိ, အနန္တရူပမျိုးနှင့် မရောဘဲ ပကတိ ပင်ကိုယ်သဘောအားဖြင့်သာ အားကြီးသော ပကတူပ (၂)မဂ္ဂါရမ္မဏတိက်တွင် အာရုံမျိုးနှင့်ရောခါဟောတော်မူသော ပကတာရမ္မဏ၊ (၃)ဤကုသလတိက်၌ပင် အနန္တရူပမျိုးနှင့်ရောခါဟောသော ပကတူပဟု သုံးမျိုးရှိ၏၊ မရောဘဲ ပင်ကိုယ်သဘောအားဖြင့်ပင် အားကြီးလှသော ဤပကတူပသည် ရောသောအခါ သာ၍လွန်၍အားကြီးကြ၏၊ ။

ကာယိကသုခစသည်တို့၏တရားကိုယ်။ ။ပါဠိတော်၌ရှိ သုခ,ဒုက္ခ,ဥတု,ဘောဇန,သေနာသန ဟူသော အဗျာကတတရားတို့၏ တရားကိုယ်မှာ နိဗ္ဗာန်ကြဉ်အပ်သော အလုံးစုံသော စတုဘူမက အဗျာကတတရားတို့ဖြစ်ကြ၏၊ ပါဠိတော်ဇယား တရားကိုယ်အကောက်များတွင် ရသင့်သလိုပြထားသည်၊ ။

ဗလဝနာနာက္ခဏိကကမ္မ။ ။ပကတူပနိဿယမှ ထွက်လာသော ဗလဝနာနာက္ခဏိကကမ္မဖြစ်၍ ပကတူပ ပါဠိအားလျော်စွာ ပါဠိကိုထုတ်ရပေမည်၊ကမ္မမှထွက်လာသော ပကတူပကမ္မဖြစ်ပါမူကား ကမ္မသဘောအတိုင်း "ကုသလာစေတနာဝိပါကာနံခန္ဓာနံ" စသည်ကို ထုတ်ရထတံ့၊ ဤသို့ မူလီအားလျော်စွာ ထုတ်ရပုံကို သာဘာဂခဏ်း၌ အပြည့်အစုံပြထားပေ၏၊ ။

ဗလဝနာနာက္ခဏိကကမ္မတနည်းကား။ ။ဗဿဝဖြစ်လ နာနာက္ခဏိကကမ္မတနည်းကား အကောက်ဇယားတွင် အလိုရှိရာ နာမ်သက်သက် ပစ္စယုပ္ပန်တရားများကိုရွေး၍ဆိုပါ၊ ။

ပဉ္စာဝိဘင်္ဂဝါရ ဝတ္ထုပုရေဇာတမျိုး ပါဠိတော်ဇယား

| | ပစ္စည်း ပါဠိ | ပစ္စည်းတရား | | ပစ္စယုပ္ပန်ပါဠိ | ပစ္စယုပ္ပန်တရား |
|---|---|---|---|---|---|
| ဗျာ | စက္ခာယတနံ... (ပ)..... ကာယာယတနံ<br>ဝတ္ထု | စက္ခုဝတ္ထု(ပ)ကာယဝတ္ထု<br>ဟဒယဝတ္ထု | ဗျာ | စက္ခုဝိညာဏဿ .....(ပ).....ကာယဝိညာဏဿ<br>ဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ | စက်ခွေ(ပ)ကာခွေ<br>ဝိ၂၂၊ကြိ၂၀၊စေ၃၈ |
| ။ | ။ | ။ | ကု | ကုသလာနံ ခန္ဓာနံ | ကု၂၁၊စေ၃၈ |
| ။ | ။ | ။ | အကု | အ ။ | အကု၁၂၊စေ၂၇ |

ဝတ္ထုပုရေဇာတမျိုးအကောက်ဇယား

| | ပစ္စည်း=ကဏ္ဍား | | ပစ္စယုပ္ပန်=သန္တာန် | မြိုင် | ယထာ |
|---|---|---|---|---|---|
| ဗျာ | မဇ္ဈိမာယုကဖြစ်၍....စက္ခုဝတ္ထု (ပ) ကာယဝတ္ထု ဝုတ္တိစိတ်မှပြန်၍ရေသော်.... ။ ။ | ဗျာ | · စက်ခွေ · · (ပ)....ကာခွေ မရဏာသန္နအခါ စက်ခွေ....(ပ).... ကာခွေ | (၄) | |
| | ပဋိသန္ဓေအစရှိသောရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု | | ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိ၄၊ ခွေပဉ္စကြဉ် ပထမဘဝင်အစရှိသော နောက်နောက်သော ဝိပါက်၂၂၊ကြိ၂၀ | | ၇ |
| | ဝုတ္တိစိတ်မှပြန်၍ရေသော်(၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု | | မရဏာသန္နအခါပဉ္စဝေါကာရဘုံ၌ဖြစ်သော ခွေ၊ ကြိုး၊ ခွေ၊ ယိ၊ ဥ၊ ဝုဋ္ဌော မရဏာသန္နကြိယာဇောငါးချက်တဒါရုံစုတိ | | |
| ဗျာ | ဝုဋ္ဌော,မနောဒွါရာဝဇ္ဇန်းအစရှိသောရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထု ဝုတ္တိစိတ်မှပြန်၍ရေသော်....ဟဒယဝတ္ထု | ကု | ပဉ္စဝေါကာရဘုံ....နောက်နောက်သောကုသိုလ်ဇောဝီသ မရဏာသန္နကုသိုလ်ဇောငါးချက် | | ၄ |
| ဗျာ | ဝုဋ္ဌော,မနောဒွါရာဝဇ္ဇန်း....ဟဒယဝတ္ထု ဝုတ္တိစိတ်မှပြန်၍ရေသော်....ဟဒယဝတ္ထု | အကု | ပဉ္စဝေါကာရဘုံ....နောက်နောက်သောအကုသိုလ်ဇောဝီသ · မရဏာသန္နအကုသိုလ်ဇောငါးချက် | | ၈ |

**ဝတ္ထုပုရေဇာတ ပါဠိတော်ထုတ်နည်း။** ။သုဒ္ဓ သချာတွင် ပစ္စည်းမှာဆဝတ္ထုဖြစ်၍"စက္ခာယတနံ(ပ)ကာယာယတနံဝတ္ထု" ဟု ထုတ်ရ၏၊စက္ခုဝိညာဉ်ခွေသည် စက္ခုဝတ္ထု၌ မှီရကား "စက္ခာယတနံ စက္ခုဝိညာဏဿ"ဟုဆို၊ ကြွင်းသော သောတဝတ္ထု စသည်ကိုလည်းဆို၊ ကြွင်းသော ဝိပါက်ကြိယာ ကုသိုလ် အကုသိုလ် တရားတို့သည် ဟဒယဝတ္ထု၌မှီကြ၍ "ဝတ္ထု ဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ၊ ကုသလာနံ ခန္ဓာနံ" စသည်တို့ကို ဆိုရ၏။ (သချာထွက်လာပုံလွယ်ပါပြီ)။ ။

**အကောက်(ဗျာ၊ဗျာ)ကဏ္ဍား။** ။စက်ခွေအားတတ်သောမဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု စသည်ဖြင့် အကောက်ဇယားအတိုင်းကောက်ပါ၊မရဏာသန္နအခါ စက်ခွေအားတတ်သော ဝုတ္တိစိတ်မှပြန်၍ရေသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော စက္ခုဝတ္ထုစသည်ဆိုပါ၊အကြွင်းဇယား အတိုင်းကောက်ပါ၊ ။

**မရဏာသန္နအခါ။** ။ဝတ္ထုပုရေဇာတရလျှင် ဝတ္ထာရမ္မဏ အမြဲရနိုင်သော်လည်း ၎င်းဆိုင်ရာ ပစ္စယုပ္ပန်တရားများကိုသာ ရနိုင်သည်။ ။

**ရှင်းဦးအံ့။** မရဏာသန္နအခါ ပဉ္စဝိညာဉ်အားတတ်သော ပဉ္စဝတ္ထုသည် ဝတ္ထာရမ္မဏနှင့် လုံးဝမဆိုင်၊ ထို့ပြင်(ဗျာ၊ဗျာ) ၌ မရဏာသန္နအခါ ပဉ္စဝေါကာရ ဘဝင်ပဉ္စဒွါရ(၁၅)ရ အာဝဇ္ဇန်းခွေ စသည်တို့အားတတ်သော ဟဒယဝတ္ထု၌ ပဉ္စဝေါကာရ ဘဝင်ပဉ္စဒွါရ စသည်တို့သည် ပုရေဇာတ၏ သဘောအတိုင်း မရဏာသန္နအခါမှာ ရှေ့ကဖြစ်နှင့်သော ဟဒယဝတ္ထုကိုမှီကြ၏၊ ၎င်းတို့ မှီရာဝတ္ထုကို အာရုံပြုကြရမည်ဟုမဆိုလို၊ ၎င်းမှ မှီရာဝတ္ထုကိုပင် အာရုံပြုရမည့် ဝတ္ထာရမ္မဏကဲ့သို့ အလိုမရှိရကား အာရမ္မဏ ချက်တွင် ပြခဲ့သည့်အတိုင်း ၎င်းနှင့်သာဆိုင်သော "မနော ဒွါရာဝဇ္ဇန်း မရဏာသန္နကြိယာဇောငါးချက်,တဒါရုံကိုသာလျှင်ဆွဲ၍ထုတ်ခါ ကောက်ရပေမည်။ ဤ (ဗျာ၊ဗျာ)၌ ဝတ္ထာရမ္မဏသည် အစိပ်အားဖြင့်ဝင်၏၊ (ဗျာ၊ကု)(ဗျာ၊အကု)၌ သီးခြားပြထားသည်။ ။

**သန္တာန်။** ။ပစ္စယုပ္ပန်များကို ရသင့်သလို အားလုံး ပေါင်းခါ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်သော ဝိပါက် ၃၂၊ကြိ ၂၀၊ တိုက်ကောက်ပါ။ ။

**ကနိုဏ်းများ။** ။(ဗျာ၊ဗျာ)၌ ဝတ္ထုခြောက်မျိုးတွင် အာရမ္မဏ ဝင်၍(၇)ဖြစ်၏၊ (ဗျာ၊ကု)၌ ဣန္ဒြိယပြုတ်၍(၄)ဖြစ်၏၊(ဗျာ၊အကု)၌ ဝတ္ထာရမ္မဏနိုင်၍ အာရမ္မဏ ရှစ်မျိုးစလုံးရနိုင်၏။ ။

**(ဗျာ၊ကု)(ဗျာ၊အကု)။** ။ဇယားအတိုင်းကောက်ပါတော့။ ။

**ဝတ္ထုပုရေဇာတဣန္ဒြိယ။** ။သုဒ္ဓသချာအတိုင်း ဣန္ဒြိယအသံပါအောင် "စက္ခုန္ဒြိယံ စက္ခုဝိညာဏဿ"စသည်ဖြင့် အာယတနကို ဣန္ဒြေပြင်ခါ ဇယားအထက်ကွက်အတိုင်းပါဠိထုတ်ပါ ကောက်ပါ။

**ကနိုဏ်း။** ။ပစ္စည်းရေအတိုင်း တပြိုင်နက် ခြောက်ပစ္စည်း တည်း။ ။

**ဝတ္ထုပုရေဇာတသဘော။** ။ပဉ္စဝိညာဉ်တို့သည် မချုပ်သေး သော ပဉ္စဝတ္ထုကိုမှီကြ မချုပ်သေးသော ပဉ္စာရုံကို အာရုံပြုကြသဖြင့် ပစ္စုပ္ပန်ကာလ၌သာဖြစ်ကြကုန်၏။ မနောဓာတ်,မနောဝိညာဏဓာတ်တို့သည်ကား ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီကြကုန်၏၊ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်သည် မိမိနှင့် အတူ ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုကိုမှီရသော်လည်း ပုရေဇာတ လက္ခဏာမဟုတ်၊ သဟဇာတ လက္ခဏာသာဖြစ်၍ သဟဇာတ နိဿယသာဖြစ်၏၊ မိမိ၏ရှေ့မှီစရာ ဝတ္ထုရုပ်မရှိ၍ အတူတကွဖြစ် သော သဟဇာတ ဟဒယဝတ္ထုကိုသာမှီရ၏။ ။

ဂုဏ်တရားတို့သည် ဥပါဒ်ဆဲခဏ၌ အားနည်းကြ[illegible]ခဏ၌သာ အားရှိကြကုန်သဖြင့် ဥပါဒ်ဆဲခဏ၌ [illegible] ဌီ ခဏကျမှသာ အနိုက်ခံနိုင်ကြ၏ဟု မိန့်ဆိုကြကုန်၏။ ။

## ပစ္စယဝိဘင်္ဂဝါရ ပစ္ဆာဇာတမျိုး ပါဠိတော်နှင့်အကောက်ဇယား

| | ပစ္စည်းပါဠိ | ပစ္စည်းတရား | | ပစ္စယုပ္ပန်ပါဠိ | ပစ္စယုပ္ပန်တရား |
|---|---|---|---|---|---|
| ကု | ပစ္ဆာဇာတာ ကုသလာခန္ဓာ | နောက်ဖြစ်သောကု ၂၁ | ဗျာ | ပုရေဇာတဿ ဣမဿ ကာယဿ | တိဇကာယ, စတုဇကာယ |
| အကု | " အ " | " အကု ၁၂ | ဗျာ | " | " |
| ဗျာ | " ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ | " ဝိ ၃၂၊ ကြိ ၂၀ | ဗျာ | " | ကေဇ, ဥဇ, တိဇ, စတုဇ |

## ပစ္ဆာဇာတမျိုးအကောက်

| | ပစ္စည်း=ကတ္တား | | ပစ္စယုပ္ပန်=သမ္ပဒါန် | ဖြိုင် |
|---|---|---|---|---|
| ကု | ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်ဖြစ်သော ကု၂၁၊ စေ၃၈ | ဗျာ | ဥပ္ပါဒမနောဘင်္ဂါဝဋ္ဋန်းအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ရုပ်၏ဌီသို့ရောက်သောတိဇကာယစတုဇကာယ | ၄ |
| အကု | " အကု၁၂၊ စေ၂၇ | ဗျာ | " | ၄ |
| ဗျာ | ပဉ္စဝေါ....အရူပဝိပါက်လေးခုကြဉ်သော ပထမဘဝင် အစရှိသောနောက်ဖြစ်သောဝိပါက်၃၂၊ ကြိယာ၂၀၊ စေ၃၈ | ဗျာ | ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကေဇကာယ, ဥဇကာယ, တိဇကာယ, စတုဇကာယ | ၄ |

## ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မမျိုးပါဠိတော်

| | | | | | | |
|---|---|---|---|---|---|---|
| ကု | ကုသလာစေတနာ | ကာမကုစေ၊ ပဉ္စဝေါကုစေ | ဗျာ | ဝိပါကာနံခန္ဓာနံ ကဋတ္တာစရူပါနံ | ကာမကုဝိ၁၆ | ကဋတ္တာရုပ် |
| အကု | အ " | အကု၁၂၊ စေ | ဗျာ | " | အကုဝိ-၇ | " |

## ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မမျိုးအကောက်

| | | | | |
|---|---|---|---|---|
| ကု | ကာမကုသိုလ်စေတနာဟုဆိုအပ်သော ဒုဗ္ဗလနာနာက္ခဏိကကမ္မ<br>ပဉ္စဝေါကာရကုသိုလ်စေတနာဟုဆိုအပ်သော ဗလဝဒုဗ္ဗလ နာနာ.....ကမ္မ | ဗျာ | ကာမကုသလဝိပါက် ၁၆<br>ကဋတ္တာရုပ် | ၁ |
| အကု | အကုသိုလ်ပွါးသော စေတနာဟုဆိုအပ်သော ဒုဗ္ဗလနာနာက္ခဏိကကမ္မ<br>" ဗလဝဒုဗ္ဗလနာနာ...ကမ္မ | ဗျာ | အကုသလဝိပါက် ၇<br>ကဋတ္တာရုပ် | ၁ |

## ရုပ်အာဟာရမျိုး ရူပဇီဝိတိန္ဒြိယမျိုးပါဠိတော်

| | | | | |
|---|---|---|---|---|
(ဗျာ။ကု)။ ။ဝတ္ထုကုသလာနံ ခန္ဓာနံ၊ ။

(ဗျာ။အကု)။ ။ဝတ္ထုအကုသလာနံခန္ဓာနံ၊ "နိဿယပစ္စယာ အာရမ္မဏေ၊ဝိပ္ပယုတ္တပစ္စယာ အာရမ္မဏေ"၌ ဝိဘင်္ဂက ပြခဲ့သည့် အာရမ္မဏသဘောအတိုင်းပင်ထုတ်။အကောက်များဝိဘင်္ဂအတိုင်း ကောက်။ ။

**အာပုရေ။** ။ဝိဘင်္ဂကပြခဲ့သည့်သဘောပင်။မထူးပြီ။ ။

**ဝဏ္ဏာဓိ။** ။၎င်းမှာလည်း အာရမ္မဏမျိုးမူလိဖြစ်လျှင် "ဝတ္ထုံ ဂရုံကတွာ အဿာဒေတိ"စသည်ကိုဆိုရမည်။ ဝတ္ထုမျိုး မူလိဖြစ် လျှင် ဝတ္ထုသဘောကိုဆိုရပေမည်။ "နိဿယပစ္စယာဥပနိဿယေ ကေ"၌ ဝတ္ထုံဂရုံကတွာ အဿာဒေတိ"စသည်ကိုထုတ်။ "ဥပ နိဿယပစ္စယာ နိဿယေကေ"၌ "ဝတ္ထုအကုသလာနံ ခန္ဓာနံ"ကို ထုတ်၊ ။

**ဗလဝနာနာက္ခဏ။** ။"ဥပနိဿယပစ္စယာ ကမ္မေဒွေ"၌ (ကု၊ ဗျာ)အတွက်"ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ"ကိုထုတ်(အကု၊ ဗျာ)တူပြီ၊ ။"ကမ္မပစ္စယာဥပနိဿယေဒွေ"၌ (ကု။ဗျာ) အတွက် "ကုသလံကမ္မံဝိပါကဿ"ကိုထုတ်။(အကု။ဗျာ)တူပြီ။ထုတ်တော့၊

**အနန္တရကမ္မ။** ။"အနန္တရပစ္စယာကမ္မေကေ"စသည်၌ "ကု သလာ စေတနာ ဝိပါကာနံ ခန္ဓာနံ"ကိုထုတ်။ "ကမ္မပစ္စယာ အနန္တ ရေကေ"စသည်၌ "မဂ္ဂေါဖလဿ"ကိုထုတ်။ ကရိုဏ်းများမှာ သ ဘာဂအတွက် နှစ်ပစ္စည်း၊ဃဋနာအတွက် ပစ္စည်းရေအတိုင်း တပြိုင် နက်ဆို။ ။

**သဟာဇာတဃဋနာ၊ကြီးလေး။** ။သဟာ။ ည၊ သံ၊ ဝိပ်တို့ကို ဝိ ဘင်္ဂအတိုင်းထုတ်ပါ။ ။

**ညးဝိ၅။** ။ပဌမအချက် "အညမညပစ္စယာ ဝိပ္ပယုတ္တေကေ"၌ (ဗျာ။ဗျာ) သာဖြစ်ရကား "အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အညမညပစ္စယေနပစ္စယော၊ ဝိပ္ပယုတ္တပစ္စယေနပစ္စယော၊ (ဃဋနာ အတွက် ခြောက်ပစ္စည်းဆိုပါ) "ပဋိသန္ဓိက္ခဏေ ခန္ဓာ ဝတ္ထုဿ အညမညပစ္စယေနပစ္စယော။ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ ဝတ္ထု ခန္ဓာနံ အညမည ပစ္စယေနပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စ ယော"၊ (ဤသဟာဇာတမျိုးများမှာ ပါဠိမကွဲပြားပြီဖြစ်၍မူ၊ မူလိစ သည် စိစစ်ဘွယ်မရှိ)။ ။

**သနိဿိပါက ငါးချက်။** ။ပထမအချက်ကိုဝိဘင်္ဂအတိုင်းထုတ်။ ။

**ဝိပါ။ည။** ။"ဝိပါက ပစ္စယာ အညမညေ ကေ" ဖြစ်ရကား

‘‘ဝိပါကဗျာကတော ကောခန္ဓာတိဿတ္တုံခန္ဓာနံဝိပါ။ ညႊပစ္စယေန ပစ္စယော စသည့်ဆို။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ကော ခန္ဓာ တိဿတ္တုံခန္ဓာနံဝတ္ထုဿစ စသည့်ဆို၊ ခန္ဓာဝတ္ထုဿ’’ဟု အများသတ်ဆို၊ ။

ဝိပါ။ သံ။ ။ဝတ္ထုဿကိုဖြုတ်၍ အထက်နည်းဟော။ ။

ဝိပါ။ ဗိဂ်။ ။‘‘ဝိပါကာဗျာကတာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာ ခန္ဓာ ကဋတ္တာရူပါနံ။ ခန္ဓာ ဝတ္ထုဿ’’ဟုဆို။ ။

ဝိပါ။ ညႊ။ ဗိဂ်။ ။‘‘ခန္ဓာဝတ္ထုဿ’’ဟုထုတ်။ ။

သဟဇာတဃဋနာ၊ သာမညဃဋနာ၊ ပဌမအချက်။ ။သင်္ချာ သတ္တတို့ကို ဟောတုစသော မိမိတို့ပစ္စည်းအားလျော်စွာဆိုပါ၊ ။

ဒုတိယအချက်။ ။(ကု။ ကု) (အကု။ အကု)ဆိုပါ။ (ဗျာ။ ဗျာ) ဝိပါကာ ဗျာကတာ ကြိယာဗျာကတာ ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေ။ အညႊ။ ပစ္စယေနပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာဟေတုသမ္ပယုတ္တကာနံခန္ဓာနံဝတ္ထုဿစ ဟေ။ အညႊပစ္စယေနပစ္စယော။ (အာဟာရစသည်၌ အာဟာရာစသည်ကိုဆို)၊ ။

တတိယအချက်။ ။‘‘ဝတ္ထုဿစ’’ကိုဖြုတ်၍ ဒုတိယ အချက်အတိုင်းဆို။ ။

စတုတ္ထအချက်။ ။(ကု။ ဗျာ)ကုသလာဟေတူစိတ္တသမုဋ္ဌာနာနံ ရူပါနံ (အကု။ ဗျာ)ဆိုတော့။ (ဗျာ။ ဗျာ)ဝိပါကာ ဗျာကတာ ကြိယာဗျာကတာဟေတူစိတ္တသမုဋ္ဌာနာနံရူပါနံ။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာဟေတူ ကဋတ္တာရူပါနံ။ ။

သဒိပါကင်္ဂါးချက်။ ပဌမအချက်။ ။ဝိပါကာ ဗျာကတာ ဟေတူသမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ။ ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာဟေတူ သမ္ပယုတ္တကာနံခန္ဓာနံ ကဋတ္တာစ ရူပါနံ... ။ ။

ဒုတိယအချက်။ ။ဤဒုတိယအချက်မှစ၍ ပဌမအချက် တိုင်အောင်သဘာဂများနှင့်မဆိုင်ပြီ၊ ဃဋနာများအတွက်သာဖြစ်၏။ ‘‘ဝိပါကာဗျာကတာဟေတူ သမ္ပယုတ္တကာနံခန္ဓာနံ၊ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာဟေတူ သမ္ပယုတ္တကာနံခန္ဓာနံ ဝတ္ထုဿစ’’ဟုဆို။ ။

တတိယအချက်။ ။‘‘ဝတ္ထုဿစ’’ကိုဖြုတ်၍ ဒုတိယ အချက်အတိုင်းဆို။ ။

စတုတ္ထအချက်။ ။ဝိပါကာဗျာကတာဟေတူစိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာဟေတူကဋတ္တာရူပါနံ။ ။

ပဉ္စမအချက်။ ။ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာ ဟေတူ ဝတ္ထုဿ။ ။(ဟေတုပစ္စည်းကို ဥပလက္ခဏနည်းအားဖြင့်ပြလိုက်သဖြင့်အာဟာရ။ ဣန္ဒြိယ၊ မဂ္ဂပစ္စည်းတို့ကိုလည်း အာဟာရာ,ဣန္ဒြိယာ စသည်ဖြင့်ဆိုပါ)၊ ။

ဝိနိယ။ သဘာ။ ဒေ။ ပညာ။ ။ဈာန်မဂ်ဟုနှစ်ပစ္စည်းရရာ ဈာန်ကဟော လျှင် ဣန္ဒြိယာ၊ မဂ္ဂကဟောလျှင် မဂ္ဂင်္ဂါနိဒ္ဒေသကိုးချက်စလုံးဆိုတော့။ ။

စေတနာ။ ကေဂ္ဂတာ စသည်။ ။ရသော ပစ္စည်းရေအားလျော်စွာ မိမိတို့ဆိုင်ရာ ပါဠိကိုထုတ်၍ဆိုပါ။ စေတနာတွင် ကံ က ဟော လျှင် စေတနာ။ ဟာ က ဟောလျှင် အာဟာရာဟုဆို၊ ကံက ဟော သောအခါ ဝိဘင်္ဂအတိုင်း အများသတ်တွင် ‘‘စေတနာဝတ္ထုဿ’’ ဟုဆို။ ။

ဆန္ဒာဒိ။ ။ဝိဘင်္ဂဝါရ သဟဇာတ ဓိပတိ၌ အဓိပတိ တရား ကိုယ်သုံးပါး လေးပါးစီရကြသဖြင့် ‘‘ကုသလာဓိပတိ။ အကုသလာ ဓိပတိ။ ဝိပါကာဗျာကတာကြိယာဗျာကတာဓိပတိ’’ဟုဟောတော် မူ၏၊ ဤဃဋနာခန်း၌ကား အဓိပတိတရားကိုယ်များကို ကပါး စီခွဲထားသည့်အတိုင်း ပစ္စယနိဒ္ဒေသကိုနည်းမှီး၍ဟောရပေမည်။ ။

ပဌမအချက်။ (ကု။ ကု)။ ။‘‘ကုသလာ ဆန္ဒာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဓိ။ သဟ။ နိ။ အတ္ထိ၊ အဝိဂတ ပစ္စယေန ပစ္စယော’’ဟုဆို၊ ဤ သဘောသွားအတိုင်း ကျန်ငါးချက်ကိုလည်း ဆို၊ ဝီမံသာဓိ၌အကျယ်ပြထားသည်။ ။

ဝီရိယာဓိ။ ။‘‘ကုသလာ ဝီရိယာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ’’စသည့်ဆို။ ။

စိတ္တာဓိ။ ။‘‘ကုသလာ စိတ္တာဓိပတိ သမ္ပယုတ္တကာနံခန္ဓာနံ’’ စသည်ဆို။ ။

အမေးမှာ။ ။ဒုကပဋ္ဌာန်း ဟေတုဂေါစ္ဆက ဟေတုဒုက်သွားကို ပြခဲ့ပြီ။ အဓိပတိတပါးစီ ဟောထားပုံကိုရင်း ခန္ဓာဝါရ ၌ပြခဲ့ ကိုရင်းနည်းယူ၍ ပါဠိထုတ်လျှင် ‘‘ကုသလော အမောဟော သမ္ပယုတ္တကာနံ ခန္ဓာနံ’’ စသည်ကို ထုတ်ရပေမည်၊ ကုသလတိက်ပါဠိ သဘော အတိုင်းကိုသာယူလိုက ကုသလာဟေတူ စသည်ကိုပင် ဆိုရပေမည်။ ။

ဝီမံသာဓိ။ ပဌမအချက်။ (ကု။ ကု)။ ။ကုသလာ ဝီမံသာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ ဓိ။ သ။ ညႊ။ နိ။ ဈာ။ မဂ္ဂ။ သံ။ အတ္ထိ။ အဝိဂတ ပစ္စယေန ပစ္စယော’’ဟုဆို။ ။

(ကု။ ဗျာ)။ ။ကုသလာ ဝီမံသာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေ။ ဓိ။ သ။ နိ။ ဈာ။ မဂ္ဂ။ ဝိပ်။ အတ္ထိ အဝိဂတပစ္စယေန ပစ္စယော။ ။

(ကု။ ကုဗျာ)။ ။ကုသလာ ဝီမံသာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဟေ။ ဓိ။ သ။ နိ။ ဈာ။ မဂ္ဂ။ အတ္ထိ။ အဝိဂတ ပစ္စယေန ပစ္စယော။ ။

(ဗျာ။ ဗျာ)။ ။ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဝီမံသာ ဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဟေ။ ဓိ။ သ။ နိ။ ဈာ။ မဂ္ဂ။ အတ္ထိ။ အဝိဂတ ပစ္စယေန ပစ္စယော။ (သဘာဂများနှစ်ပစ္စည်း ဃဋနာမှာ ပဌမအချက် သင်္ချာစတ္တာရိ။ ပစ္စည်းရေမှာ တဖြိုင်နက် ရသင့်သောပစ္စည်းများကိုယူပါ။ ။

ဒုတိယအချက်။ ။(ကု။ ကု) (ဗျာ။ ဗျာ)ဟု သင်္ချာ ခွေ ရှိ၏။ (ကု။ ကု)ကို အထက်နည်းဟော၊ (ဗျာ။ ဗျာ) ကို ရုပ်ဖြုတ်ဟော။ ညႊ။ သံ တို့အမြဲပါပါစေ။ ။

တတိယအချက်။ ။(ကု။ ဗျာ) (ဗျာ။ ဗျာ)ဟုခွေ ရှိ၏။ (ကု။ ဗျာ) ကိုရှေးနည်းဟော၊ ။

(ဗျာ။ ဗျာ)။ ။ဝိပါကာဗျာကတာ ကြိယာ ဗျာကတာ ဝီမံသာ ဓိပတိ စိတ္တသမုဋ္ဌာနာနံရူပါနံ’’ဟုဆို။ ကရိုဏ်းပါ၌ပစ္စည်းရေရသည့် အတိုင်းဆို၊ ။

သဒိပါက။ ပဌမအချက်။ ။‘‘ဝိပါကာ ဝီမံသာဓိပတိ သမ္ပယုတ္တ ကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ။ ။

ဒုတိယအချက်။ ။ရုပ်ဖြုတ်ဆို။ ကရိုဏ်း(၁၁)ပစ္စည်းဆို။ ။

တတိယအချက်။ ။ဝိပါကာ ဝီမံသာ ဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေ ဓိ။ သ။ နိ။ ဝိ။ ဈာ။ မဂ္ဂ ဝိပ်။ အတ္ထိ၊ အဝိဂတ ပစ္စယေန ပစ္စယော၊ ။

အကျဉ်းချုပ်။ ။ကျယ်ဝန်းသွင်ဆွာ သဘာဂ ဃဋနာများကို ဝိဘင်းထုတ်ပုံကောက်ပုံရေးပြခဲ့သည်း အကျဉ်းချုပ်အားဖြင့် ပြခဲ့ပြီး ဝိဘင်္ဂပါဠိ၌တော်ကိုနည်းမှီ၍သဘာဂအတွက်နှစ်ပစ္စည်း။ ဃဋနာအတွက် ရသင့်သမျှပစ္စည်းများကိုထုတ်ရန်ဖြစ်၏။ ပြ သင်္ချာခန်းများကို ဤသဘာဂ စသည်ဖြင့် စခမ်းသွားရသည့်ဖြစ်၏။ သဘောဖြင့် မှတ်မှုမှတပါး ကျက်စရာမရှိ။ ။

## ပဋ္ဌာဝါရ ပစ္စယုဒ္ဒါရ

ပဋ္ဌာန်းကျမ်းကြီး၌ ပဋ္ဌာဝါရပစ္စနိက်သင်္ချာခဏ်းများမှာ လွန်စွာ ခက်ခဲလှသဖြင့် ထောက်တည်ရာကို ရစိမ့်သောငှာ သင်္ဂါယနာ တင် အရှင်မြတ်တို့သည် ဤပစ္စယုဒ္ဒါရကို သင်္ဂါယနာတင်ထား တော်မူကြကုန်၏။ ပစ္စယုဒ္ဒါရ၌ပေးတော်မူသောနည်းကိုယူ၍ ပစ္စ နိက်သင်္ချာများကို ဆုံးဖြတ်ရ၏။ဖြည့်ဖုံလုနီးပါးမျှ ဟောထားသော ဤကုသလတိက်၌ပင် စာမူများ ချွတ်ယွင်းမှုတို့ကြောင့် အခက်အ ခဲတွေ့တတ်ကြရာ ပေယျာလများလိုလိုသာရှိသော အထက်တိက် ဒုက်တို့၌ကား အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း။ ဒသနပဟာတု တိက်ပစ္စယုဒ္ဒါရ ပါဠိတော်၌"ဂဏနာယ ဥပဓောရေတဗ္ဗာဂဏောတဗ္ဗံ။ ဂဏ္ဍေန ဥပဓာရေတဗ္ဗာဂဏောတဗ္ဗံ"စသည်ဖြင့်ရင်း"ဆုဓာပိ သ ဟဇာတံပုရေဇာတံအတ္ထိ။ ယေဝေပဋ္ဌာနလိခိတာ။ တေပါဠိယံ ဂ ဏေန္တာနံ ဗုဒ္ဓနေနန သမေန္တိ။ တေပါဠိယံ နလိခိတာ။ဂဏနာ ပါ ကဋဟောန္တိ။ယဒိသံသယောဥပ္ပဇ္ဇတိ။အနုလောမေအတ္ထိပစ္စယေ ပေက္ခိတဗ္ဗံ။"ဟု ပါဠိတော်၌ဖင် အမှာအထားများစွာ ပါရှိနေပေ သည်။ ။

ရှစ်ပစ္စည်းမှထွက်လာသောမျိုးပေါင်း။ ။အာရမ္မဏမျိုး(၇)မျိုး သဟဇာတ(၁၅)မျိုးစသည်ဖြင့် မိသကသုံးမျိုးမပါဘဲပေါင်းလျှင် (၄၉)မျိုးရှိ၏။ မိသကပါလျှင်(၅၆)မျိုးရှိ၏။ ။

အာပုဏ္ဏ ၅။ ။ရင်းမှာ နိဿယ။ ပုရေဇာတ။ ဝိပ္ပယုတ္တ။ အတ္ထိ။အဝိဂတ ငါးပစ္စည်းတည်း။ အကြွင်းသိသာပြီ။ ။

သင်္ချာ။ ။ကုသလပဒ၌ ပဒါဝသာနလေးပါး။ အကုသလ ပဒ၌ ပဒါဝသာနလေးပါးစသည်ဖြင့် ပေါင်းလျှင် သင်္ချာတဆဲ့ငါးပါး ရှိ၏။ ဤကုသလတိက်၌ ဤတဆဲ့ငါးပါးထက်မပိုပြီ။ မွေပစ္စနိက် စသော ပဋ္ဌာန်းကျမ်းများ၌ ဝိသဇ္ဇနာ(၄၉)ချက်ရကြောင်း ပုစ္ဆာဝါရက ပြ ခဲ့ပြီ။ ။

သုဒ္ဓသင်္ချာ။ ။ဤဇယားကို အလျားလိုက်ကြည့်လျှင် အာရမ္မ ဏ အစရှိသော ပစ္စည်းတို့၏ သုဒ္ဓသင်္ချာများဖြစ်ကြ၏။ ။

ပစ္စယုဒ္ဒါရ။ ။ထက်အောက်(ဒေါင်လိုက်)ကြည့်လျှင် ပစ္စယုဒ္ဒါ ရလာ၍ဖြစ်၏။ ဒေါင်းမိုက်ကြည့်နည်း၊ ပစ္စယုဒ္ဒါရတွင်"ပစ္စယုဒ္ဒါရ ပစ္စည်းရေပေါင်း"ဟု အောက်ဆုံးကရေးထားရာ (ကု၊ကု)အကွက် ၌ မျိုးပစ္စည်းရေသုံးခုရှိ၏၊ ပစ္စယုဒ္ဒါရအကွက်တွင် (ကု၊ကု)ရနိုင် သော အမှတ်ပုဒ်များကိုရှာလျှင် "အာရမ္မဏ။ သဟဇာတ။ ဥပ နိဿယ"ဟု သုံးကွက်တွေ့ရ၏ (ကု၊အကု)စသည်ကိုလည်း ဤသ ဘောယူပေ။ (ကု၊ဗျာ၊ကု)တွင် "သဟဇာတံ-ပုရေဇာတံ" ဟု သဟဇာတ ပုရေဇာတ မိသကကိုဆို၍ အသံအားလျော်စွာ "ဒွါ ဒသမေတွေ"ဟု ဆိုသော အဋ္ဌကထာနည်းအတိုင်း နှစ်ပစ္စည်းဟု ပြထားသည်။ (ကု၊ဗျာ၊ဗျာ)တွင်လည်း ထိုနည်းဟူ" သဟဇာတံ။ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ" ဟု ဟော၍ လေးပြထားသည်။ အဋ္ဌကထာပြနည်းဟူ.ဘည်း။ ။

ပစ္စယာဒိနဲ့အ။ ။ပစ္စယုဒ္ဒါရ ပစ္စည်းရေပေါင်းတွင် ပစ္စယ ပရိဂ္ဂဟ ဖြင့် "ဝေဒနာခန္ဓာဘလောစက္ခုရောဂသညာ" ဟု ဖြေပါ်ရှိ။ ။

၂၄။ပစ္စည်းပေါင်း။ ။ကုသိုလ်သည် ကုသိုလ်အား ပုရေ ပစ္စာ။ ဒိပါ။ နိ ပြ ည်ပေါင်း နှစ်ဆယ်ဖြင့် ကျေးဇူးပြုနိုင် ၏။ ကုသိုလ်သည် အကုသိုလ်အား အာရမ္မဏာဓိပတိ။ ဥပနိဿ ယ ပစ္စည်းဖြင့် ကျေးဇူးပြုကြောင်းစသည်ကို ဇယားပြ အ တိုင်း ရေတွက်ပါ။ ။

အဋ္ဌကထာ။ ။အဋ္ဌကထာတွင် (ကု၊ကု)၌ ဂဏနဝိသတိ။ (ကု၊ဗျာ)၌ အဋ္ဌာရသ။(ကု၊ကု၊ဗျာ)၌ ဒသ (ဗျာ၊ဗျာ)၌ တေဝီသတိ ဟုရှိရာ ပစ္စနိက်"နဟေတုယာပန္နရသ"အရဟေတုပစ္စည်းပါသေး သင်္ချာတို့ကိုနှုတ်၍ပြထားခြင်းဖြစ်၏။ ။

မျိုးပစ္စည်းရေပေါင်း။ ။(ကု၊ကု)၌ မျိုးပစ္စည်းအားဖြင့် အာ ရမ္မဏမျိုးမှ ၃ ပစ္စည်း၊ (အာရမ္မဏကွက်အတွင်းရှိ လက်ဝဲဂဏန်း များနှင့် ပုဒ်များကို တိုက်ဆိုင်၍ကြည့်ပါ) သဟဇာတမျိုးမှ ၁၃-ပစ္စည်း အနန္တရူပမျိုးမှ ၆-ပစ္စည်း၊ ပကတူပမျိုးမှ ၁-ပစ္စည်းအား ဖြင့် အားလုံးပေါင်းလျှင် ၂၃-ပစ္စည်းရ၏။ ဤနည်းအတိုင်းအကြွင်းရ ကို ရေတွက်ပါ။ ။

ခရေပွင့်။ ။အာပုဏ်။ဝဏ္ဏာဝိတို့မှာ သီးခြားပစ္စည်းမရှိပြီ ဖြစ်၍ မျိုးပစ္စည်းကိုရေတွက်ရာ၌ မပါကြောင်းကို ခရေပွင့်အမှတ်ဖြင့် ပြ ထား၏။ ။

(ကု၊ဗျာ၊ကု)စသည်။ ။(ကု၊ဗျာ၊ကု)၌ နိဿယ။အတ္ထိ။ အဝိဂ တ ဟု ၃-ပစ္စည်း။(ကု၊ဗျာ၊ဗျာ)တွင် သဟဇာတ်ဗြီးလေးပစ္စည်းမိသက ရသော အတ္ထိ။အဝိဂတ နှစ်ပစ္စည်းဖြစ်၍ ၆-ဟုရေးထားသည်။ ။

မှာထားချက်။ ။အဋ္ဌကထာ၌ "ဇေဝံသဗ္ဗပစ္စယသင်္ဂါဟိကာနံ ဆုမေသံ အဋ္ဌန္နံ ပစ္စယာနံ ဝသေန ဇေကူန ပညာသာယံပဋ္ဌာသု...." စသည်ဖြင့် ပြသည်ကား မိသကသုံးမျိုးမှာ သီးခြားမဟုတ်ဘဲ အတ္ထိ အဝိဂတတွင် အကျုံးဝင်၍ ၄၉-မျိုးဟုဆိုတော်မူ၏။ပစ္စယုဒ္ဒါ ရ ထုတ်ရာတွင် ဤမိသကများကိုပါ ဆိုရမည်ဖြစ်၍ ဤ၌ ၅၆-မျိုး ပြထားပေ၏။ ။

## ပစ္စယုဒ္ဒါရ ဆိုရိုး

(ကု၊ကု)။ ။ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဟဇာတပစ္စယေန ပစ္စယော၊ ဥပနိဿယပစ္စ ယေန ပစ္စယော။ ကုသလော ကုသလဿ၌ အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ ဤသုံးပစ္စည်းကို ထုတ်အပ်၏။ (အမှတ်ပြပုဒ်မရှိရာ ပစ္စ ယုဒ္ဒါရအကွက် အာရမ္မဏ၊သဟဇာတ စသည်ကိုကြည့်ရန်ပြောခဲ့ ပြီ)။ ။

အာရမ္မဏဖြင့် အာရမ္မဏ။ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပ နိဿယ ဤသုံးပစ္စည်းကို ပြအပ်၏၊ ။သဟဇာတဖြင့် ဟေတု။ သဟဇာတာဓိပတိ။သဟဇာတ အညမည၊ သဟဇာတ နိဿယ။ သဟဇာတကမ္မ၊ နာမ်အာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊မဂ္ဂ၊ သမ္ပ ယုတ္တ၊သဟဇာတတ္ထိ။သဟဇာတ အဝိဂတ။ဤတဆဲ့သုံးပစ္စည်းကို ပြအပ်၏။ (သဟဇာတ ၁၅-မျိုးကိုရေ ပစ္စည်းစဉ်အတိုင်း အဆို လွယ်ရန်ပြပေ၏။ အဓိပတိတွင် အာဓိ သဟာဓိ နှစ်မျိုးရှိရာ အာဓိ ကို အာရမ္မဏဖြင့် ယူသွားကြောင်း မိတ်ထဲကသိထားပါ၊ အကြွင်း မျိုးကွဲရှိသောပစ္စည်းဟူသမျှ ဤသဘောချည်းယူပေ)။ ။

ဥပနိဿယဖြင့် အနန္တရူပနိဿယ၊ ပကတူပနိဿယ ဤနှစ် ပစ္စည်းကိုထုတ်အပ်၏။ (နှစ်မျိုးရသော ဝါရတို့ကို ထုတ်ပြီးမှပြပါ။ တမျိုးတည်းသာရသော (ကု၊အကု) စသည်၌ကား ထုတ်ရန် မလို ပြီ)။ ။

အနန္တရူပနိဿယဖြင့် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာ သေဝန၊ နတ္ထိ၊ ဝိဂတ။ ဤခြောက်ပစ္စည်းကိုပြအပ်၏၊ ပကတူပနိဿယ ဖြင့် ပကတူပနိဿယ တပစ္စည်းသာပြအပ်၏။ (ဤနည်းပေး အ တိုင်း ကြွင်းသောဝါရတို့ကိုဆိုပါ။မကျယ်စေလိုခြင်း,ဇယား၌ထည့် သွင်းထားစွာပြထားခြင်းတို့ကြောင့် နည်းချခါ သိလောက်ရာဌာနများ ၌ လက်တွေ့ဆိုပါတော့၊ ထူးရာမျှပြအံ့)၊ ။

(ဗျာ၊ကု)။ ။ကုသလော စ အဗျာကတော စ ဓမ္မာ ကုသ လဿဓမ္မဿသဟဇာတံ ပုရေဇာတံ၊(ဇယားပြအတိုင်းပင်ဖြစ်၏)။

| မျိုးပစ္စည်းများ | | ပစ္စယုဒ္ဒါရ | ကုပဒ။ ၄ | | | | အကုပဒ။ ၄ | | | | ဗျာပဒ။ ၃ | | | ကုဗျာ ၂ | | အကုဗျာ ၂ | | သင်္ချာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကု | အကု | ဗျာ | ကုဗျာ | အကု | ကု | ဗျာ | အကုဗျာ | ဗျာ | ကု | အကု | ကု | ဗျာ | အကု | ဗျာ | |
| | | | ကု | - | - | - | အကု | - | - | - | ဗျာ | - | - | ကုဗျာ | - | အကုဗျာ | - | |
| အာရမ္မဏ | ၁ | အာရမ္မဏ | ။ | ။ | ။ | | ။ | ။ | ။ | | ။ | ။ | ။ | | | | | ၉ |
| အာဓိ၊ အာရမ္မဏူပနိဿယ | ၂ | | ။ | ။ | ။ | | ။ | | | | ။ | ။ | ။ | | | | | ၇ |
| အာပု၊ ဝတ္ထု | ၃ | | | | | | | | | | ။ | ။ | ။ | | | | | ၃ |
| *အာပုဓိ၊ ဝတ္ထုဓိ | | | | | | | | | | | | | *။ | | | | | ၁ |
| သဟငယ် | ၇ | သဟဇာတ | ။ | | ။ | ။ | ။ | | ။ | ။ | ။ | | | | | | | ၇ |
| သဟကြီး | ၄ | | ။ | | ။ | ။ | ။ | | ။ | ။ | ။ | | | | ။ | | ။ | ၉ |
| အည။သံ | ၂ | | ။ | | | | ။ | | | | ။ | | | | | | | ၃ |
| ဝိပါက | ၁ | | | | | | | | | | ။ | | | | | | | ၁ |
| သဟဝိပ် | ၁ | | | | ။ | | | | ။ | | ။ | | | | | | | ၃ |
| အနန္တရ | ၅ | ဥပနိဿယ (အနန္တရူပ) | ။ | | ။ | | ။ | | ။ | | ။ | ။ | ။ | | | | | ၇ |
| အာသေဝန | ၁ | | ။ | | | | ။ | | | | ။ | | | | | | | ၃ |
| အနန္တရကမ္မ | ၁ | | | | ။ | | | | | | | | | | | | | ၁ |
| ပကတူပနိဿယ | ၁ | ဥပနိဿယ (ပကတူပ) | ။ | ။ | ။ | | ။ | ။ | ။ | | ။ | ။ | ။ | | | | | ၉ |
| ဗလဝနာနာက္ခဏိကကမ္မ | ၁ | | | | ။ | | | | ။ | | | | | | | | | ၂ |
| ဝတ္ထုပုရေဇာတ | ၅ | ပုရေဇာတ | | | | | | | | | ။ | ။ | ။ | | | | | ၃ |
| ဝတ္ထုပုရေဇာတိန္ဒြိယ | ၁ | | | | | | | | | | ။ | | | | | | | ၁ |
| ပစ္ဆာဇာတ | ၄ | ပစ္ဆာဇာတ | | | ။ | | | | ။ | | ။ | | | | | | | ၃ |
| ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ | ၁ | ကမ္မ | | | ။ | | | | ။ | | | | | | | | | ၂ |
| ရူပ်အာဟာရ | ၃ | အာဟာရ | | | | | | | | | ။ | | | | | | | ၁ |
| ရူပဇီဝိတိန္ဒြိယ | ၃ | ဣန္ဒြိယ | | | | | | | | | ။ | | | | | | | ၁ |
| သဟဇာတ-ပုရေဇာတမိဿက | ၃ | သဟဇာတံ-ပုရေဇာတံ | | | | | | | | | | | | ။ | | ။ | | ၂ |
| ပစ္ဆာဇာတာဟာရမိဿက | ၂ | ပစ္ဆာဇာတံ-အာဟာရံ | | | | | | | | | | | | | ။ | | ။ | ၂ |
| ပစ္ဆာဇာတိန္ဒြိယမိဿက | ၂ | ။ ဣန္ဒြိယံ | | | | | | | | | | | | | ။ | | ။ | ၂ |
| ပစ္စယုဒ္ဒါရပစ္စည်းရေပေါင်း | | | ၃ | ၂ | ၅ | ၁ | ၃ | ၂ | ၅ | ၁ | ၇ | ၃ | ၃ | ၂ | ၄ | ၂ | ၄ | |
| ၂၄ ပစ္စည်းရေပေါင်း | | | ၂၀ | ၃ | ၁၉ | ၁၁ | ၂၀ | ၂ | ၁၉ | ၁၁ | ၂၄ | ၁၂ | ၁၂ | ၃ | ၄ | ၃ | ၄ | |
| မျိုးပစ္စည်းရေပေါင်း | | | ၂၃ | ၄ | ၂၈ | ၁၁ | ၂၃ | ၂ | ၅ | ၁၁ | ၄၆ | ၁၉ | ၁၉ | ၃ | ၆ | ၃ | ၆ | |

ကုသလဗျာကတော ကုသလဿ၌ သဟဇာတပုရေဇာတမိဿကပစ္စည်းကို ထုတ်အပ်၏၊ ထိုသဟဇာတပုရေဇာတမိဿကပစ္စည်းဖြင့် အရေဖြစ်သော နိဿယ, အတ္ထိ, အဝိဂတ ဤသုံးပစ္စည်းကို ပြအပ်၏။ ။

(အကုဗျာ။ဗျာ)။ ။ကုသလော စ အဗျာကတော စ ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ၊ (ပစ္ဆာဇာတံကို နောက်ဣန္ဒြိယံသို့လိုက်စေ၍ ပစ္ဆာဇာတိန္ဒြိယဟု သိပါ)။ ။

ကုသလဗျာကတောအဗျာကတဿ၌ သဟဇာတ, ပစ္ဆာဇာတာဟာရမိဿက, ပစ္ဆာဇာတိန္ဒြိယမိဿက ဤလေးပစ္စည်းကို ထုတ်အပ်၏။ ။

သဟဇာတဖြင့် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤလေးပစ္စည်းကို ပြအပ်၏။ ။

ပစ္ဆာဇာတာဟာရမိဿကဖြင့် အရေဖြစ်သော အတ္ထိ၊ အဝိဂတ ဤနှစ်ပစ္စည်းကို ပြအပ်၏။ ။

ပစ္ဆာဇာတိန္ဒြိယမိဿကဖြင့်အရေဖြစ်သော အတ္ထိအဝိဂတ ဤနှစ်ပစ္စည်းကို ပြအပ်၏။ ။

(အကုဗျာ)။ ။(ကုဗျာ)ပဒအတိုင်းသိပါ။ ။

ဝိဘင်းဆုတ်ပုံကောက်ပုံ။ ။ပဥှာ ဝိဘင်္ဂဝါရက ပြခဲ့သည့်အတိုင်း (ကု၊ကု)ရသော အာရမ္မဏစသည်တို့ကိုကောက်၍ ဝိဘင်းထုတ်ပါ။မထူးပြီ။ ။

သဟဇာတံ-ပုရေဇာတံ။ ။ဝတ္ထုရှေ့နေ၍ သဟဇာတသက်သက်လည်း မဟုတ်၊ ခန္ဓာရှေ့နေ၍ ပုရေဇာတ သက်သက်လည်း မဟုတ်၍ "သဟဇာတပစ္စယေန ပစ္စယော၊ပုရေဇာတပစ္စယေန ပစ္စယော"ဟု မဟောမူ၍ "သဟဇာတံ-ပုရေဇာတံ"ဟု ဟောအံ၏၊ ကြွင်းမိဿကများနည်းတူပင်။ ။

ပစ္စယုဒ္ဒါရဇယားအကျဉ်းချုပ်။ ။ပစ္စယုဒ္ဒါရကိုနည်းယူ၍စီစဉ်ထားသော သုဒ္ဓသင်္ချာအတိုင်းပင်ဖြစ်ရာ သင်္ချာမျှကို ကြေညက်အောင် ဤပစ္စယုဒ္ဒါရကိုရွပြီးပါ၏။ ဤဇယားဖြင့် သုဒ္ဓသင်္ချာကိုအမျိုးမျိုးအသုံးချနိုင်အောင် စီစဉ်ထားမှုကို နားလည်၍ သုဒ္ဓသင်္ချာ၏တန်ဘိုးကို သိပါစေ။ ။

ရှေ့မျက်နှာ၌ ပြထားသော ပစ္စနိက်ဇယားမှာ ပြခဲ့ပြီးဖြစ်သော သဘာဂဇယားပင်ဖြစ်၏။ ၎င်းဇယားကိုပင် အနုလောမ ပစ္စနိက်၌ ၎င်း ပစ္စနီယာ နုလောမ၌၎င်း အသုံးချ၍ ပြလတံ့။ ပစ္စနိက်စသော ဆိုင်ရာဆိုင်ရာ အခက်များ၌နှုတ်ပုံယူဆပုံများကိုအသီးသီးပြထားခဲ့ပြီးဖြစ်သည်။ ဤနေရာမှပင်လျှင် ရှေ့သချာ်ခက်များကို နည်းယူခါ ကိစ္စပြီးစီးစေရန်ရှင်း၍မျိုးစဉ်အားဖြင့် ပြလိုက်အံ့။ ။

အာရမ္မဏမျိုး။ ။ခေါင်းစဉ်ရှစ်ပစ္စည်းကိုးမျိုးမှာခေါင်းဆောင်ပစ္စည်းများဖြစ်ကြ၏၊ (ဆိုင်ရာမျိုးဘို့တွင် တရားအရ အများဆုံး အကျယ်ဆုံးဖြစ်သည်) အောက်က ခရေပွင့် အမှတ်ပြ ပစ္စည်းတို့မှာလည်း ခေါင်းဆောင်နှင့်အလားတူ ပစ္စည်းများဖြစ်ကြ၏။ထို့ကြောင့် အာရမ္မဏစသောမျိုးတို့တွင် အာရမ္မဏစသော ခရေပွင့်ပြ ပစ္စည်းများကိုနှုတ်လျှင် သုညသာ ကျန်တော့မည်ဖြစ်၍ အထူးဘရေးတခုမျှမကျန်ရကား "ပြုတ်ပြီ"ဟု ရှေ့နားတွင် သုံးထား၏။ နှစ်ထဲတွင် နှစ်နှုတ်သကဲ့သို့ဘည်း။ ။

အာရမ္မဏသဲမှ အာဒိ။အာရမ္မဏူပကို နှုတ်ပုံ၊ ။အလေး အမြတ်မပြုတတ်သော ကာမဝိတ်စတုပဉ္စာသ၊ ဝိဥာဉ် ၃။ နေဝ ၃။ အဘိညာဉ်ငွေအားတတ်သော အလေးအမြတ် မပြုအပ်သော ဝိတ်ထရ ယုတ်ကိုးဆယ်၊ စေဌွေပဥာသ၊ ရုပ်အဌ္ဌဝီသ၊ နိဗ္ဗာန်ကျန်၏။ (နှုတ်ဟူသည် သဘာဂက ပြခဲ့သော သဘာဂတရားများကို နှုတ်ရ၏။ အာဒိ စသည်တို့မှာ အလေးအမြတ်ပြုတတ်သော တရားများဖြစ်၍ အလေးအမြတ်မပြုတတ်သောတရားများကျန်၏။ လောကုတ္တရာစိတ်ရှစ်ခုမှာ ဇကန်နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြု၍ အလေး အမြတ်မပြုတတ်သောတရားတွင် မပါနိုင်ပြီ၊ အာရမ္မဏမှ အာဒိ စသော အာရမ္မဏမျိုးတို့ကိုနှုတ်သော်ငည်း သချာကား မလျော့ဘဲ "နဝ"ပင်ကျန်ရှိနိုင်၏။ တရားများသာလျော့သွားသည်)။ ။

အာရမ္မဏမှ ဝတ္ထုခရမ္မဏ နှုတ်ပုံ။ ။ဝတ္ထုခရမ္မဏမှာ ကြန်ရသောတရားများမဟုတ်၊ ပစ္စည်းဟာဒယဝတ္ထုကိုကြည့်လျှင် မရဏာသန္နအခါ စသည့်မှာပါးသောအခါ၌ ဟာဒယဝတ္ထုကို ရနိုင်သေးခြင်း။ ၎င်းဟာဒယဝတ္ထုကိုအာရုံပြုနိုင်ကြသော အာရမ္မဏိကတရားများစွာရှိသေးခြင်း ထို့ကြောင့် အာရမ္မဏ၌ တရားအထူးလျော့ဘွယ်မရှိပြီ၊ မနောဒွါရဝဇ္ဇန်း။ မရဏာသန္နဇောငါးချက်၊ တဒါရုံ ဆားတတ်သော ရုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟာဒယဝတ္ထုဟုဆိုအပ်သော ဝတ္ထုာရမ္မဏမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်းဟုဆိုပါ။ (ဝတ္ထုာရမ္မဏသည် ဇယားအတိုင်း နိဿယ။ ဝိပ္ပယုတ္တဆိုင်၏၊ အကြွင်းပ ဤသဘောယူဆပါ)။ ။

အာရမ္မဏမှ အာပု နှုတ်ပုံ။ ။မနောဒွါရာဝဇ္ဇန်းကာမဇော တခု ယုတ်[illegible]ဆယ်၊ တဒါရုံ ကောဒ္ဒသ၊ ဝိဥာ ၃၊ နေဝ ၃။ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်မှတပါး အဘိညာဉ်ငွေ လောကုတ္တရာစိတ် [illegible] သော [illegible]တရ ယုတ်ကိုးဆယ်။ စေဌွေပဥာသ၊ [illegible] ရုပ်အဌ္ဌဝီသ၊ နိဗ္ဗာန်ကျန်၏။ (ငွေ

ပဥ္စ။ မနောဓာတ်သုံးခုသည် အာပု ပစ္စယုပ္ပန်ဇကန် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ အဘိညာဉ်လည်း အာပု ပစ္စယုပ္ပန် ဇကန်ဖြစ်၍ ၎င်းရကို အာရမ္မဏ ပစ္စယုပ္ပန်တွင်နှုတ်ရ၏။ ပစ္စည်းဘက်တွင်လည်း ပစ္စုပ္ပန် နိဗ္ဗန္နရုပ်ကို အပါဒါန်ခံခါ နှုတ်ရသည်)။ ။

ကြွင်းပစ္စည်းများ၊ အချင်းချင်းနှုတ်နည်း။ ။အာဒိမှ ဝတ္ထာရမ္မဏကိုနှုတ်လျှင် သဘာဂမှာ ဝတ္ထာဒိဖြစ်၍ ၎င်းသဘာဂဝတ္ထာဒိကို အပါဒါန်ခံခါ ဝတ္ထု[illegible]တပါး အလုံးစုံသော အာရမ္မဏာဓိပတိပစ္စည်းဟု ပြီးလွယ်အောင်ဆိုပါ။ အကျယ်ဆိုလိုက သုဒ္ဓသချာများကို အသီးသီးဖော်၍ဆိုပါ။ (တရားအထူးမလျော့ရာ၌ သဘာဂ တရားများကို အပါဒါန်ခံခါ"မှတပါး"ဟုဆိုပါ)။ ။

အာဒိမှ အာပု ကို နှုတ်ပုံ။ ။အာပုဒိ မှ တပါး အလုံးစုံသော အာရမ္မဏာဓိပတိပစ္စည်း။ သချာမလျော့။သတ္တပင်။ ဤနည်းဖြင့် ကြွင်းကျန်သော အာရမ္မဏမျိုးများကို ကုန်စင်အောင်နှုတ်ကြည့်ပါ။ ဆိုင်ရာအနုလောမပစ္စနိက်,ပစ္စနီယာနုလောမများ၌သည်း နှုတ်ပုံကို ပြထား၏။ အာဒိမှ အာရမ္မဏကို မနှုတ်နိုင်ကြောင်းကိုကား တစ်ထဲမှာ နှစ်မနှုတ်နိုင်သည့်သဘောအတိုင်းယူဆပါ။ ။

သဟဇာတမျိုးမှ သဟဇာတအငယ်များကို နှုတ်ပုံ။ ။သဟဇာတအငယ်များမှာ သဘောတူကြသဖြင့် ကိစ္စပြီးလွယ်ရန် တခါတည်းစုပေါင်း၍ပြမည်။ အချင်းချင်းအားရင်း အချင်းချင်းနာမက္ခန္ဓာ ဝိပ္ပဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားရင်းတတ်သော (ဟေ) ဟိတ် ခြောက်ပါး၊ (ဓိ)အဓိပတိတရားကိုယ်သုံးပါးလေးပါးတို့တွင် တပါးပါး၊ (ကံ)စေတနာ(ဟာ)နာမ်အာဟာရ တရားကိုယ်သုံးပါး။ (ဣ) နာမ်ဇီဝိတိန္ဒြေတရားကိုယ်ရှစ်ပါး။ (ဈာ)ဈာနင်တရားကိုယ်ငါးပါး၊(မဂ္ဂ) မဂ္ဂင်တရားကိုယ်ကိုယ်ကိုးပါးမှတပါး အလုံးစုံသောပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားရင်း ဥပါဒါရုပ်အားရင်း တတ်သော အလုံးစုံသော မဟာဘုတ်လေးပါး၊(ဤအချက်သဟာငယ်များနှင့် လုံးဝမဆိုင်ပြီ) အချင်းချင်းအားတတ်သော (ဟေ) ပဋိသန္ဓေ ဟိတ်သုံးပါး(ဓိ)မရှိပြီ။ (ကံ)ပဋိသန္ဓေ၌ရှိသော စေတနာ၊ (ဟာ)ပဋိသန္ဓေ၌ရှိသော နာမ်အာဟာရ တရားကိုယ်သုံးပါး။ (ဣ)ပဋိသန္ဓေ နာမ်ဇီဝိတိန္ဒြေတရားကိုယ်ရှစ်ပါး၊(ဈာ)ပဋိသန္ဓေ ဈာနင်တရားကိုယ်ငါး ပါး၊(မဂ္ဂ)ပဋိသန္ဓေ မဂ္ဂင်တရားကိုယ်ငါးပါးမှ တပါး ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟာဒယဝတ္ထုကျန်၏။ အငယ်များမှာ တရား ကိုယ်များသာဖြစ်၍ သဟဇာတ၌ဆိုင်ရာတရားကိုယ်များသာလျော့ သွား၏။ သချာကား မလျော့ဘဲ နဝ ပင်။ ။

သဟဇာတမှ အညမညာ နှုတ်ပုံ။ ။ဝိပ္ပဇရုပ်၊ ဟာဒယဝတ္ထုမှ တပါး ပဋိသန္ဓေ ကမ္မဇရုပ်အားတတ်သော ပဥ္စဝေါကာရတ္တံ၌ ဖြစ် သောအခါ အရူပဝိပါက်လေးခု။ငွေပဉ္စဝိညာဉ်တဆယ်၊ ရဟန္တာတို့ ရုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ (အညမညာ၏ ပစ္စယုပ္ပန်မှာ နာမ်ကုန်နှင့် ဟာ ဒယဝတ္ထုဖြစ်၍ ဤသို့ ပထမအချက် အ တွက်ကျန်သည်) ဥပါဒါရုပ်အားတတ်သော အလုံးစုံသော မဟာ

ဘုတ်လေးပါး။(အညမညပစ္စယပုဒ်၌ မဟာဘုတ်ရသည့်)ကျန်သည်။ ၎င်းတရားကို သင်္ချာထုတ်လျှင် ပစ္စည်းတရားမှာ နာမ် နှင့် ဘုတ်။ ပစ္စယုပ္ပန်တရားမှာ ရုပ်ဖြစ်၍ (ကုဒျာ) (အကုဒျာ) (ဗျာဒျာ) ဟု သုံးချက်။ထို့ပြင် ပဋ္ဌာနဝိဘင်္ဂဝါရ သဟဇာတပစ္စည်းကိုပြန်ကြည့်လျှင် ခန္ဓာမဟာဘုတ်ကို ကတ္တားထား၍ စိတ္တဇရုပ်ကို သမ္ပယုတ် ထားခါ ဟောသဖြင့် ဤ၌လည်း ကတ္တားကဘုတ်ကိုပါရနေ၍ (ကုဗျာဒျာ) (အကုဗျာဒျာ)ဟု ဤသင်္ချာနှစ်ခုပါ သင်္ချာပဋ္ဌကျန်၏။ ။

သဟဇာတမှ ဝိပါက နှုတ်ပုံ။ ။အချင်းချင်းအားရင်း အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားရင်းတတ်သောအလုံးရုံသောကုသိုလ် အကုသိုလ်ကြိယာ နာမက္ခန္ဓာလေးပါး အချင်းချင်းအားရင်း ဥပါဒါ ရုပ်အားရင်းဘတ်သော အလုံးရုံသော မဟာဘုတ်လေးပါး။ပဋိသန္ဓေ ကာလ ပဋိသန္ဓေနာမက္ခန္ဓာအားတတ်သော ဟဒယဝတ္ထု ကျန်၏။ သင်္ချာမှာ ၁၀ ပင်။ (သုဒ္ဓသင်္ချာချင်းတိုက်ကြည့်ခါ နှုတ်ပါ)။ ။

သဟဇာတမှ သမ္ပယုတ္တနှုတ်ပုံ။ ။စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်အားတတ်သော ပဋ္ဌဝါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခု၊ နွဲပဋ္ဌဝိညာဉ်တဆယ်၊ ဟေတုက္ခာတ္တိရုတ်ကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားရင်း ဥပါဒါရုပ်အား ၎င်းတတ်သော အလုံးရုံသော မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဋ္ဌဝါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ကျန် သည်။ အညမညကဲ့သို့ သင်္ချာပဋ္ဌကျန်သည်။ တွက်ကြည့်။ ။

သဟဇာတမှ သဟဇာတ ဝိပ္ပယုတ္တနှုတ်ပုံ။ ။အချင်းချင်းအား တတ်သော အလုံးရုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ အ ချင်းချင်းအားရင်း ဥပါဒါရုပ်အားရင်းတတ်သော အလုံးရုံသော မ ဟာဘုတ်လေးပါး။(ပထမအချက်၌ သမ္ပယုတ္တသဘောကျန်၍(ကုဒျာ ကု) (အကုဒျာအကု) (ဗျာဒျာ) ဟု သင်္ချာတိဂဝိရ၏။ ဒုတိယ အ ချက်၌ ရုပ်များသာဖြစ်ရကား (ဗျာဒျာ) ပင်ဖြစ်၍ သင်္ချာတိဂဝိပင်၊ မတိုးပြီ။ ဤ၌ အညမညကဲ့သို့ ကတ္တားအတွက် ခန္ဓာ,မဟာဘုတ် တရားများရသော်လည်း ပစ္စယုပ္ပန်မှာ မဟာဘုတ်မပါဘဲ ဥပါဒါ ရုပ်များသာဖြစ်နေ၍ "ကုသလာခန္ဓာစ မဟာဘူတာစ စိတ္တသမုဋ္ဌာ နာနံ ရူပါနံ ဟူသော (ကုဒျာဒျာ) စသော နှစ်ချက်ကိုမရ။ "စိတ္တ သမုဋ္ဌာနာနံ"မှာ မဟာဘုတ်နှင့်တကွဖြစ်သော ဥပါဒါရုပ်အတွက် ပင်ဖြစ်ကြောင်းကို ခန္ဓာဝါရ,ဖွဲ့ပြရာ၌ကြည့်ပါ)။ ။

သဟဇာတအလတ်အချင်းချင်းနှုတ်ပုံ။ အညမှဝိပါကနှုတ်ပုံ။ ။ အချင်းချင်းအားတတ်သော အလုံးရုံသော ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာလေးပါး။ အချင်းချင်းအားတတ်သော မဟာဘုတ် လေးပါး။ ပဋ္ဌဝါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအားတတ်သော ဟဒယ ဝတ္ထု။ သင်္ချာတိဂဝိပင်ကျန်၏။ ။

အညမှသံနှုတ်ပုံ။ ။အချင်းချင်းအားတတ်သော မဟာဘုတ် လေးပါး၊ အချင်းချင်းအားတတ်သော ပဋ္ဌဝါကာရ ပဋိသန္ဓေ နာ မက္ခန္ဓာ ဟဒယဝတ္ထု။ သင်္ချာဧကံသာရတော့မည်။ တရားကိုကြည့် ပါ။ (ဗျာဒျာ)တည်း။ ။

အညမှ ဝိပ် နှုတ်ပုံ။ ။အချင်းချင်းအားတတ်သော အလုံးရုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားတတ်သော မ ဟာဘုတ်လေးပါး၊ သင်္ချာတိဂဝိတည်း။ (သဘာဂ ညှိ၍ ပြုတ်၍ ပင်)။ ။

ဝိပါက။သဟဇာတဝိပ်ဝိ၌မှ နှုတ်ပုံ။ ။၎င်းတရားများကို အနုလောမ ပစ္စနိက်၌ အကျယ်ပြထားပြီ။ ။

သမ္ပယုတ္တမှ ဝိပါက နှုတ်ပုံ။ ။အချင်းချင်းအားဘတ်သောအ လုံးရုံသော ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာလေးပါး။သင်္ချာ တိဂဝိပင်။ ။သမ္ပယုတ္တမှ အညကို မနှုတ်နိုင်ပြီ။သဟဇိပ်ကိုလည်း ဝိသဘာဂ ဖြစ်၍ နှုတ်ဘွယ်မရှိပြီ။ ။

သဟဇာတအလတ်မှ အဝေယ်များကို နှုတ်ပုံ။ ။အလတ်သုဒ္ဓ သင်္ချာများထဲတွင်သဘာကြီးမှနှုတ်ဘိသကဲ့သို့ ဆိုင်ရာ အဝေယ်တရား ကိုယ်များကိုနှုတ်၍ဆိုပါ။ တရားကိုယ်များသာဖြစ်၍ သင်္ချာများ မ လျော့ကြပြီ။ ။

သဟဇာတ အဝေယ်အချင်းချင်း နှုတ်နည်း။ ။သုဒ္ဓသင်္ချာ သ ဘာဂ ပစ္စည်းရေအတိုင်း ဆိုင်ရာသဘာဂများကိုသာနှုတ်ရပေမည်။ မဆိုင်ရာ ဝိသဘာဂအတွက် စဉ်းစားဘွယ်မရှိ။ ။

ဟေတုမှ သဟဇာတ် နှုတ်ပုံ။ ။သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တ ဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အားတတ်သော ဝိမံသာဓိပတိမှ တပါး ဟိတ်ခြောက်ပါးကျန်၏။ သင်္ချာသတ္တပင်။(ဝိမံသာဓိပတိမှာ အမောဟ တစိတ်သာဖြစ်၍ ဝိပါက်တဆဲ့သုံးခုရှိ အမောဟကျန်၍ ဟိတ်ရေမလျော့)။ ။

ဟေတုမှ ဣန္ဒြိယနှုတ်ပုံ။ ။သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇ ရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတတ်သော အမောဟမှ တ ပါး ဟိတ်ငါးပါး။သတ္တပင်။ဤနည်းကိုမှီး၍ ဆိုင်ရာဆိုင်ရာ သဘာဂ များကိုနှုတ်ပါ။ ။

အဝေယ်မှ အဝေယ် နှုတ်ပုံ။ ။ဆိုင်ရာ သဘာဂများကိုနှုတ်ပါ၊ အနုလောမ ပစ္စနိက်၌လည်းပြထား၏။ ။

အနန္တရူပချီ။ အနန္တရမှ အာသေဝနနှုတ်ပုံ။ ။ကာမဇောတခု ယုတ်သုံးဆယ် ပထမဇော။ အာဝဇ္ဇန်းနွဲ။ ရဟန္တာတို့၏စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာအား တတ်သော ရှေးရှေးသော လောကီဇောသတ္တစတ္တာလီသ အဆုံးဇော။မဂ်လေးခု။ အာဝဇ္ဇန်းနွဲ။ရဟန္တာတို့၏စုတိကြဉ်သောဝိပါက်ဆတ္တိံသ,နာမက္ခန္ဓာ (ကုဒျာကု) (အကုဒျာအကု)ပြုတ်၍ သင်္ချာပဋ္ဌကျန်၏။ ။

အနန္တရမှ အနန္တရ ကမ္မ နှုတ်ပုံ။ ။အနန္တရကမ္မကို အပါဒ်နှံခဲ့သို။ ။

ပကတူပနိဿယကမ္မကိုနှုတ်ပုံ။ ။အပါဒ်နှံခဲ့၍ ဆိုပါ။ ။

ဝတ္ထုပုရေဇာတမျိုး။ပုရေ ကိုနှုတ်ပုံ။ ။ပဋ္ဌဝတ္ထု ပြုတ်ပြီဖြစ်၍ ပဋ္ဌဝါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော မ နောဓာတ် မနောဝိညာဏဓာတ်အားတတ်သော ဟဒယဝတ္ထု ကျန် ၏။ တိဂဝိပင်။ ။

ပစ္ဆာ။ ကံ။ ဟာ။ ဈာန် မျိုး။ ။နှုတ်ဘွယ်အထူးမရှိပြီ။ ။

သမူဟဏ္ဍမအားဖြင့် နှုတ်ပုံများကိုပြခဲ့ပြီဖြစ်ရာ အလိုရှိရာတို့ကို ဆိုင်ရာဆိုင်ရာ နှုတ်၍ဆိုရုံသာရှိတော့၏။ ။

အကျဉ်းချုပ်။ ။မည်မျှပင်ကျယ်ပြန့်စွာပြခဲ့လည်း အကျဉ်း အားဖြင့် ဆိုင်ရာဆိုင်ရာ သဘာဂပစ္စည်းများ၏သုဒ္ဓသင်္ချာချင်းတိုက် ဆိုင်ခါ နှုတ်လိုက်လျှင် [illegible] ပစ္စယုပ္ပန်ဘက်က မည်မျှကျန်သည်ကို [illegible] သင်္ချာရေတွက်နိုင် ဖြစ် ၏။

## ပဋ္ဌာဝါရ ပစ္စနိက်

ဤပစ္စနိက်ကို ပဋ္ဌယက္ကမအားဖြင့် မဟောမူ၍ သမုဟာက္ကမအား ဖြင့်သာ ဟောတော်မူ၏။ ပဋ္ဌာန်းကျမ်းကြီးတွင် ဤပစ္စနိက်၏ သင်္ချာ အယူအဆများသည်ခက်၏။ ဆဝါရန္ဒြကဲ့သို့ "အကုသလံဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ" စသည်ဖြင့် ဟော တော်မမူဘဲ "နဟေတုယာပန္နရသ" စသည်ဖြင့် ဟောတော်မူသော ကြောင့် ဤပစ္စနိက်၏ လက္ခဏာကိုသိမိဖို့သော၄ါ သင်္ဂါယနာတင် အရှင်မြတ်တို့သည် ပစ္စယုဒ္ဓါရကိုဟောတော်မူကြကုန်၏။ ပစ္စယုဒ္ဓါ ရကို နောက်နားကပြခဲ့ပြီ။ ။

ဇယားသဘော။ ။မျိုးစဉ်သမုဟာက္ကမအားဖြင့် ဟောတော်မူ သည့်အတိုင်း အာရမ္မဏစသော မျိုးတို့ကိုခေါင်းစဉ်၍ ၎င်းတို့၌ အ သီးသီးပစ္စည်းပေါင်း မည်မျှစီသက်ဆိုင်သည်ကို ပြထားသည့် အ တိုင်းကြည့်လျှင် အာရမ္မဏ၌(၈)မျိုး သဟဇာတ၌ (၁၅)မျိုး စ သည်တို့ကို သုဒ္ဓသင်္ချာကပြခဲ့သည့်အတိုင်းတွေ့ရပေမည်။ ။

ကံ။ ။၎င်းမှာ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိကမျိုးကမ္မဖြစ်၏။ ။

ခရေပွင့်များ။ ။ခရေပွင့်များမှာ ခေါင်းဆောင် မျိုးပစ္စည်းများ ဖြစ်ကြရာ ၎င်းတို့မှအဖြစ်အားဖြင့်ဝင်လာလျှင်၎င်းတို့ဆိုင်ရာပစ္စည်း ဟူသမျှပြုတ်ကြ၏။ ဥပမာ။ နအာရမ္မဏမှဝင်လာလျှင် အာရမ္မဏ မျိုးအားလုံးပြုတ်၏။ အကြွင်းစုကို နည်းတူယူဆပါ။ ။

ခေါင်းစဉ်မျိုး သင်္ချာလေ့ကျင့်နည်း။ ။ဤကုသလတိက် ပဋ္ဌာ ဝိဘင်္ဂဝါရတွင် ဟောတော်မူသော (၂၄)ပစ္စည်းစလုံး၏ သင်္ချာများ သည် ခေါင်းစဉ်(၈)မျိုးတွင် အကုန်ဝင်ကြ၏။ ၎င်း၈မျိုး၏ သင်္ချာ တို့ကို အဂ္ဂဟိတဂဟဏနည်းအားဖြင့်ပေါင်းလျှင် အများဆုံးပန္နရသ ရ၏။ ပေါင်း၍ကြည့်ပါ။ ၎င်းတို့မှ အာရမ္မဏပြုတ်သွားလျှင် သင်္ချာ မည်မျှကျန်သည်၊ သဟဇာတပြုတ်လျှင် မည်မျှကျန်သည်၊ နှစ်မျိုး ပြုတ်လျှင် သုံးမျိုးပြုတ်လျှင် မည်မျှကျန်သည်ကိုသုဒ္ဓသင်္ချာ၏သင်္ချာ များကို လေ့ကျင့်ပေးပါ၊ ။

မိဿကများ။ ။သဟာနှင့် ပုရေနှစ်မျိုးလုံး ကျန်သေးလျှင် သဟဇာတ ပုရေဇာတ မိဿက အမြဲရ၏၊ သဟသော်၎င်း ပုရေ သော်၎င်း တမျိုးမျိုးပြုတ်လျှင် သဟပုရေ မိဿကမရပြီ၊ ပစ္ဆာ။ ဟာ၊ ဣ တို့ကျန်သေးလျှင် ပစ္ဆာဇာတာဟာရ။ ပစ္ဆာဇာတိန္ဒြိယ မိဿကများရကြ၏၊ ဟာသာပြုတ်၍ ပစ္ဆာနှင့် ဣ ကျန်သော်၎င်း, ဣသာပြုတ်၍ ပစ္ဆာ နှင့် ဟာ ကျန်သော်၎င်း မိဿက ရသေး၏။ ပစ္ဆာသော်၎င်း,ဟာ၊ဣ နှစ်မျိုးစလုံးသော်၎င်းပြုတ်လျှင် ဤမိဿက များမရပြီ၊ ။

သံပေါက်များ။ ။ဤပစ္စနိက်သင်္ချာခဏ်းသည် မည်မျှပင် ခက် ခဲသော်လည်း ဤကုသလတိက်အတွက် ဂဏန်းသေတာထစ်ချရေးသား ထားသောသံပေါက်များ၏သဘောကို နည်းပေးသည့်အတိုင်း ကျေ နပ်အောင်ကြံဆပါလျှင် အလွယ်ဆုံးဖြစ်ခါ သင်္ချာမှန်များကိုပါမိတို့ ကိုယ်တိုင်ဆုံးဖြတ်နိုင်လတံ့၊ ပေယျာလများကိုပါ ကုန်စင်အောင် ကုနစ္စာပေါ်နိုင်လတံ့။ (စာမူများ ချွတ်ယွင်းချက် နောက်ပိုင်းမှာ ကြည့်)၊ ။

. သံပေါက်များကို ရှင်းလင်းပြခြင်း။ သုဒ္ဓသင်္ချာ ပန္နရသ။ ။ပစ္စ နိက် သုဒ္ဓသင်္ချာများကို အထူးမကျက်ရတော့ဘဲ ဇယားပြ အတိုင်း ဆိုင်ရာ သဘာဂမျိုးတွင်နှုတ်ခါနှုတ်ခါ ဆိုရ၏၊ ဝိသဘာဂမျိုးများ ဖြစ်မူကား တရုံတရုံနှုတ်ဘွယ်မလို။ ၎င်းတို့၏ သုဒ္ဓသင်္ချာကိုသာ ဆိုရ၏၊ ။

နဟေတုသည် သဟမျိုးဖြစ်၍ သဟထဲတွင်ဟိတ်ခြောက်ပါးကို နှုတ်၍လည်း တရေးကိုယ်သာလျှင်း သင်္ချာမလျော့၍ ပန္နရသပင် ဖြစ်၏၊ ။(အာရမ္မဏစသော မျိုးပစ္စည်းတွေထဲမှာလည်း ဟိတ် ခြောက်ပါးပါနေ၍နှုတ်ရလိမ့်ဦးမည်မှာ မယောင်လေနှင့်၊ ဇယားကို ကြည့်ပါ။ ဟေတုသည် သဟမျိုးနှင့်သာ သဘာဂဖြစ်၍ ၎င်းအ ကွက်မှာသာရှိနေသည်။ နှုတ်ဆိုသော်သည်း သဘာဂကိုသာ နှုတ် ရကြောင်းပြောခဲ့ပြီ၊ ပန္နရသရသော ပစ္စည်းစုသမျှ ဤသဘော ချည်းပင်ဖြစ်၏၊ ။

သ,အဉ်,နိ,သံ-ဂေဉ်ဒသံ၊ နသဟဇာတေကောဒသ။ ။နသဟ ဇာတေ ဖြစ်၍ သဟမျိုးပြုတ်ပြီ၊ ခေါင်းစဉ်ရှိ ကျန်မျိုးများကိုပေါင်း ကြည့်ပါ။ အာ၊ဥ သင်္ချာနဝ တွင် (အာနှင့်ဥ သင်္ချာတူသည်) ပစ္ဆာ ဟာ,ပစ္ဆာဣ မိဿကမှ (ကုဗျားဗျာ) (အကုဗျာ၊ဗျာ) နှစ်ချက် တိုးလာ၍ ဧကာဒသဖြစ်၏။ ပုရေ၊ ပစ္ဆာ။ ကံ၊ ဟာ၊ ဣ တို့ သီးခြား သင်္ချာမတိုးပြီ၊ သဟပြုတ်၍ သဟဇာတ-ပုရေဇာတ မိဿက လည်းမရပြီ။ ။

နအညမညေ ဧကာဒသ။ နသမ္ပယုတ္တေ ဧကာဒသ။ ။သဟမျိုး မပြုတ်။ သဟထဲ အည၊သံ ကိုနှုတ်လျှင် (သုဒ္ဓသင်္ချာဆိုရိုးတွင် နှုတ် ကွင်းတရေးကို ပြထားသည်) (ကု၊ဗျာ) (အကု၊ဗျာ) (ဗျာ၊ဗျာ) (ကုဗျာ၊ဗျာ) (အကုဗျာ၊ဗျာ) ဟု (ဗျာ)ငါးချက်ကျန်၏၊ သဟက ပြခဲ့သော ဧကာဒသတွင် ဤ(ဗျာ) ငါးချက်ကို ရောလည်း သင်္ချာမတိုးပြီဖြစ်၍ ဧကာဒသပင်ရ၏၊ ။

နနိဿယေ ဧကာဒသ။ ။သဟာထက်တိုးခါ ပုရေမျိုး ပြုတ် သော်လည်း သင်္ချာမလျော့၍ ဧကာဒသပင်ရ၏၊ ။

နပုရေဇာတေ တေရသ။ နပုရေဇာတေ တေရသ။ ။သဟာ နှင့် ပုရေ နှစ် မျိုးစလုံးရှိမှသာ သဟ ပုရေမိဿကကိုရရာ ပုရေပြုတ်သဖြင့် ဤ မိဿကဆိုင်ရာ (ကုဗျာ၊ကု)(အကုဗျာ၊အကု)နှစ်ချက်မရ၍ တေရ သဖြစ်၏၊ ။

ဝိပ်,အဓိ,အဝိ-နဝန္ဒို၊ နဝိပ္ပယုတ္တေ နဝ။ ။သဟာတွင် ဝိပ္ပယုတ္တ ကိုနှုတ်လျှင် (နှုတ်ပုံပြခဲ့ပြီ) နာမ်သက်သက်နှင့် ဘုတ်သာကျန်၍ (ကု၊ကု) (အကု၊အကု) (ဗျာ၊ဗျာ) ဟု သုံးချက်ရ၏၊ အာ၊ ဥ နဝ တွင် ဤသုံးချက် ပါပြီးဖြစ်၍ သင်္ချာမတိုး။ပုရေ၊ ပစ္ဆာတို့ပြုတ်ကြ၍ မိဿကသုံးမျိုးစလုံး မရနိုင်ရကား ဤနဝပင်ဖြစ်၏၊ ။

နောအတ္ထိယာ နဝ၊ နောအဝိဂတေ နဝ။ ။အာ၊ ဥနှင့် ကံသာ ကျန်၏၊မိဿကများလည်းမရ၊သင်္ချာတိုးလည်းမရှိ၍နဝပင်၊ ။

ဒုက။ အာဥ နှစ်ဝ၊ လျော့တိုက။ သင်္ချာ တေရသ။

နအာ၊နဥ။ ။(ကု၊အကု)(အကု၊ကု)ကို ၎င်းနှစ်ပစ္စည်းသာ ရကြောင်း ပစ္စယုဒ္ဓါရတွင်ကြည့်ပါ။ ယခု၎င်းနှစ်ပစ္စည်းစလုံးပြုတ်ပြီ ဖြစ်၍ ဤသင်္ချာနှစ်ချက်လျော့ခါ တေရသဖြစ်၏၊ ။

ပစ္ဆာသဟ။ လျော့ဘိုက။ သင်္ချာနဝသာ။

နပစ္ဆာ၊နသဟ။ ။ဤနှစ်ပစ္စည်းပြုတ်လျှင် မိဿကများ လုံးဝ မရတော့ပြီ၊အာ၊ဥနဝတွင် ပုရေ၊ကံ၊ဟာ၊ဣတို့ကိုရောလည်းသင်္ချာ မတိုးလာပြီ၊ ။

ဇိကာဒိ၊ အာဥပုရေ၊ လျော့တုံကား၊ သင်္ချာနဝသာ။

နအာ၊နဥ၊နပုရေ။ ။သဟ၊ပစ္ဆာ၊ကံ၊ဟာ၊ဣ ကျန်၏၊ သဟာ နဝတွင် ပစ္ဆာဟာ,ပစ္ဆာဣ မိဿကရောလည်း သင်္ချာမတိုးလာ ပြီ၊နဝပင်၊ ။

ဇဝဥသဟာ၊ လျော့တုံကား၊ ထင်ရှားသတ္တသာ။

နအာ၊နသဟာ၊နဥပ။ ။ပုရေ၊ပစ္ဆာ၊ကံ၊ဟာ၊ဣ ကျန်၏၊ပုရေ နှင့်ပစ္ဆာပေါင်းပဥ္စ သကနှစ်ချက်တိုး၊သတ္တဖြစ်၏၊ ။

| | ပဋ္ဌာဝါရ | | ပစ္စနိက်ဇယား | | | | | | | နဟေတုပစ္စည်း နည်းပြသင်္ချာဇယား | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပစ္စည်း | အာ ၉ | သဟ ၉ | ဥပ အနန္တရ ၇ | ဥပ ပကတူ ၉ | ပုရေ ၃ | ပစ္ဆာ ၃ | ကံ ၂ | ဟာ ၁ | ဣ ၁ | သုဒ္ဓ ဒုက | ၃။၄ ၅။၆ | ၇ ၈ | ၉ | ၁၀ ၁၁ | ၁၂ ၁၃ | ၁၄ ၁၅ | ၁၆။၂၁ (သဟ) | ၁၆။၂၁ (သရှ) |
| ဟေ | | ဟေ | | | | | | | | ၁၅ | | | | | | | | |
| အာ | *အာ | | | | | | | | | ။ | | | | | | | | |
| ဓိ | အာဓိ | သဟာဓိ | | | | | | | | ။ | ၁၅ | | | | | | | |
| နံ | | | *နံ | | | | | | | ။ | ။ | | | | | | | |
| သနံ | | | *သနံ | | | | | | | ။ | ။ | | | | | | | |
| သ | | *သ | | | | | | | | ၁၁ | ၁၁ | | | | | | | |
| ည | | ည | | | | | | | | ၁၁ | ၁၁ | ၁၁ | | | | | | |
| နိ | ဝတ္ထာ | *သဟာနိ | | | *ပုရေနိ | | | | | ၁၁ | ၁၁ | ၁၁ | | | | | | |
| ဥ | အာရမ္မဏူ | | *အနန္တရ | *ပကတူ | | | | | | ၁၅ | ၁၃ | ၇ | ၅ | | | | | |
| ပု | အာပု | | | | *ဝတ်ပု | | | | | ၁၃ | ၁၃ | ၁၁ | ၁၁ | ၅ | | | | |
| ပစ် | | | | | | *ပစ္ဆာ | | | | ၁၅ | ၁၅ | ၉ | ၉ | ၃ | | | | |
| သေ | | | သေ | | | | | | | ။ | ။ | ၁၁ | ၁၁ | ၅ | ၃ | | | |
| ကံ | | သဟာကံ | နံကံ | ဗထဝကံ | | | *ကံ | | | ။ | ။ | ။ | ။ | ။ | ၁ | | | |
| ဝိ | | ဝိပါ | | | | | | | | ။ | ။ | ။ | ။ | ။ | ၃ | ၁ | | |
| ဟာ | | နာမ်ဟာ | | | | | | *ရုပ်ဟာ | | ။ | ။ | ။ | ။ | ။ | ။ | ။ | | |
| ဣ | | သဟာဣ | | | ပုဣ | | | | *ရုပဣ | ။ | ။ | ။ | ။ | ။ | ။ | ။ | | |
| ဈာ | | ဈာ | | | | | | | | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁ | ၁ |
| မဂ် | | မဂ် | | | | | | | | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| သံ | | သံ | | | | | | | | ၁၁ | ၁၁ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ဝိပ် | ဝတ္ထာ | သဟာဝိပ် | | | *ပုရေဝိပ် | *ပစ္ဆာဝိပ် | | | | ၉ | ၉ | ၉ | ၉ | ၃ | ။ | ။ | ။ | ။ |
| အတ် | အာပု | *သဟ | | | *ပုရေ | *ပစ္ဆာ | | *ရုပ်ဟာ | *ရုပဣ | ၉ | ၉ | ၉ | ၉ | ၂ | ၂ | | | |
| နတ် | | | *နတ် | | | | | | | ၁၅ | ၁၅ | ၁၁ | ၁၁ | ၅ | ၃ | ၁ | ။ | ။ |
| ဝိဂ | | | *ဝိဂ | | | | | | | ၁၅ | ၁၅ | ၁၁ | ၁၁ | ၅ | ၃ | ၁ | ။ | ။ |
| အဝိ | အာပု | *သဟ | | | *ပုရေ | *ပစ္ဆာ | | *ရုပ်ဟာ | *ရုပဣ | ၉ | ၉ | ၉ | ၉ | ၂ | ၂ | | | |

အာဥ အည၊ လျှော့တုံက၊ သင်္ချာ သတ္တသား။

နအာ။နအည။နဥပ။ ။အညသားလျှော့၍ (ဗျာ)ငါးချက်တိုး လာလည်း သင်္ချာမှာ မတိုးဘဲ "အာဥသဟ"ကဲ့သို့ သတ္တပင် ဖြစ်၏။သံလည်းတူ၏။ ။

အာဥသဟ၊ ပုရေဇ၊ လျှော့က ပဉ္စသား။

နအာ။နသဟ။နဥပ။နပုရေ။ ။ပစ္ဆာ။ကံ။ဟာ။ဣ သာကျန်ရာ ပစ္ဆာတိကတွင် ပစ္ဆာဟာ, ပစ္ဆာဣ မိဿကနှစ်ချက်တိုး။ ပဉ္စ ဖြစ်၏။ ။

အာဥဝိပ္ပ၊ လျှော့တုံက၊ သင်္ချာ ပဉ္စသား။

နအာ။နဥပ။နဝိပ္ပ။ ။သဟတွင် ဝိပ်နှုတ်ရာ သင်္ချာတိက၊ ၎င်းတွင် ကံမှ (ကု။ဗျာ) (အကု။ဗျာ)နှစ်ချက်တိုး၍ ပဉ္စဖြစ်၏။ ဝိပ္ပ ဆိုသဖြင့် ပုရေမျိုး ပစ္ဆာမျိုးလည်း ပြုတ်လေပြီ။ ။

အာဥသဟ၊ ပစ္ဆာဇ၊ လျှော့က ပဉ္စသား။

နအာ။နသဟ။နဥပ။နပစ္ဆာ။ ။ပုရေ။ကံ။ဟာ။ဣ သာကျန်၍ ပဉ္စ။ ။

ပစ္စနိက်အကျဉ်းချုပ်။ ။ဟေလိုသောပစ္စည်းများသည် မျိုးပါပြုတ်သောပစ္စည်းလော၊ တရားသာလျှော့၍ သင်္ချာမကျ လျှော့သောပစ္စည်းလော၊ တရားလည်းလျှော့ သင်္ချာလည်း လျှော့သော ပစ္စည်းလော့ဟု သဘောကိုထောက်ဆပြီး ကြွင်းကျန်သော သင်္ချာ ကြွင်းသော မျိုးသင်္ချာတို့ကို ပေါင်း၍သင်္ချာထုတ်၊ သံပေါက် သဘောမိလျှင် အားလုံးညီမှုပြီး၏။ ။

ပဋ္ဌာဝါရပစ္စနိက်သုဒ္ဓသင်္ချာသံပေါက်

| | |
|---|---|
| ၁ | သ,အဉ်,နိ,သံ၊ ဧက်ဒသံ၊ ပုဂ် တေရသ |
| ၂ | ဝိပ်,အတ်,အဝိ၊ နဝဂ္ဂိ၊ ကြွင်းသိ ပန္နရသ |

ဒုကသံပေါက်

| | |
|---|---|
| ၃ | အာ,ဥနှစ်ဝ၊ လျှော့တုံက၊ သင်္ချာ တေရသာ |
| ၄ | ပစ္ဆာသဟ၊ လျှော့တုံက၊ သင်္ချာ နဝသာ |

တိကာဒိသံပေါက်

| | |
|---|---|
| ၅ | အာ,ဥ,ပုရေ၊ လျှော့တုံက၊ သင်္ချာ နဝသာ |
| ၆ | အာ,ဥ,သဟ၊ လျှော့တုံက၊ သင်္ချာ [illegible]သာ |
| ၇ | အာ,ဥ,အည၊ လျှော့တုံက၊ သင်္ချာ သတ္တသာ |
| ၈ | အာ,ဥ,သဟ [illegible] |
| ၉ | အာ,ဥ, [illegible] |
| ၁၀ | အာ,ဥ, [illegible]သာ |
| ၁၁ | အာဥသဟ၊ ပစ္ဆာဇ၊ လျှော့က ပဉ္စသာ |

ပဋ္ဌာဝါရပစ္စနိက် သုဒ္ဓသင်္ချာဆိုင်း

ပစ္စနိက်သုဒ္ဓသင်္ချာ။ ။မျိုးစဉ်သုဒ္ဓသင်္ချာများကို သုဒ္ဓသင်္ချာအတိုင်း အကျယ်ထုတ်ဖော်၍ဆိုပါ။ ဤကျမ်း၌ကား ကျဉ်းစိမ့်သော၌ အတိုသဘောအားဖြင့်သာရေးအံ့၊ သူးရာမျှကိုသာဖော်ပြအံ့။ ။

နဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌။ ။အလုံးစုံသော အာရမ္မဏပစ္စည်း။ အချင်းချင်းအားရင်း, အချင်းချင်းနာမက္ခန္ဓာစိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားရင်းတတ်သော ဟိတ်ခြောက်ပါးမှတပါးအလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားရင်း, ဥပါဒါရုပ်အားရင်းတတ်သော အလုံးစုံသော မဟာဘုတ်လေးပါး။ အချင်းချင်းအားတတ်သော ပဋိသန္ဓေဟိတ်သုံးပါးမှ တပါးသော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ,ဟဒယဝတ္ထုဟုဆိုအပ်သော သဟဇာတပစ္စည်း။(သဟဇာတထဲမှ သဘာဂဖြစ်သော ဟေတုကိုနုတ်ပုံတည်း။ အကြွင်းစု ဤသဘောယူဆပါ)။ အလုံးစုံသော အနန္တရ ပ နိဿယပစ္စည်း။ ပကတူပ နိဿယပစ္စည်း။ ဝတ္ထုပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း။ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း (သုဒ္ဓ သင်္ချာများကို ကြေညက်ပြီးဖြစ်လျှင် ဖော်၍ဆိုရန်မလိုပြီ။ မကြေသေးမူဖော်ဆိုပါ) ဤပစ္စည်းတရားရှစ်ပါးတို့သည်နဟေတုပစ္စည်းတတ်သောတရားတို့မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နယသို့လိုက်၍ရင်း။ ဝါရသို့လိုက်၍ရင်း။ တိက်ပုဒ်၏ အရသို့ လိုက်၍ရင်း။ ကဏ္ဍားသမ္ဗန္ဓ နေဟန်သို့လိုက်၍ရင်း "နဟေတုယာပန္နရသ"ဟု သင်္ချာတတ်၍ဟောအပ်ကုန်၏။ (ပန္နရသအရေရေတွက်လိုမူ ပစ္စယဥ္ဓါရ ဇယားအတိုင်းရေပါ)။ ဤနည်းပြကိုမှီး၍ အကျယ်ဆိုလိုလျှင် ဆိုပါ။ ဤမှနောက်၌ကား ကိစ္စပြီးလွယ်အောင် အကျဉ်းနည်းမျှသာ ရေးပြအံ့)။ ။

နာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌။ ။(နာရမ္မဏသို့၍ခေါင်းစဉ် အာရမ္မဏမျိုးပြုတ်ပြီ) အလုံးစုံသော သဟဇာတပစ္စည်း။ အနန္တရူ။ ပကတူ။ပုရေ။ပစ္ဆာ။ကံ။ဟာ။ဣ ပစ္စည်း။ "နာရမ္မဏေ ပန္နရသ"။ ။

နာဓိပတိသုဒ္ဓ၌။ ။အထေးအမြတ်မပြုတတ်သော ကာမစိတ် စတုပညာသ။ပိညာ ၃၊ နေဝ ၃၊ အဘိညာဉ်နှစ်အား တတ်သော အထေးအမြတ်မပြုအပ်သော စိတ် ဂ၉။ စေ ၅၂။ ရုပ် ၂၈၊ နိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏပစ္စည်း။ (အာရမ္မဏတွင် အာဓိနုတ်ကြွင်းတည်း။ လောကုတ်ရှစ်မှာ အာဓိကြန်ဖြစ်၍ပြုတ်သည်။ ကြန်ဟုသမျှပြုတ်မည်ဟုယူဆပါ) သဟဇာတာဓိပတိ ပစ္စည်းမှ တပါး အလုံးစုံသောသဟဇာတပစ္စည်း(ဟေတုကဲ့သို့ အဓိပတိတရားကိုယ်သုံးပါးလေးပါးမှတပါးဟု အကျယ်နုတ်ပါ) ကြွင်းမျိုးများမှာအဓိပတိနှင့် လုံးဝမဆိုင်ပြီဖြစ်၍ ခေါင်းစဉ်အတိုင်းပြီးလွယ်အောင် အနန္တရူ။ ပကတူ။ပုရေ။ပစ္ဆာ။ကံ။ဟာ။ဣ ပစ္စည်းဟုဆိုပါ။ "နာဓိပတိယာပန္နရသ"။ ။

မှာထားချက်။ ။ဆိုတတ်လောက်ပြီဖြစ်၍ဤမှနောက်၌ပစ္စည်းများကိုမရေးပြတော့ဘဲခေါင်းစဉ်အတိုင်းဆိုဟုသာရေးတော့အံ့။ ။

နာနန္တရ။နသမနန္တရ။နာနန္တရူ။နောဒိဂတသုဒ္ဓ၌။ ။အနန္တရပြုတ်ပြီဖြစ်၍ရင်းကိုချ၍ ခေါင်းစဉ်အတိုင်းဆိုတော့။ "နာနန္တရေ ပန္နရသ။ နသမနန္တရေ ပန္နရသ။ နောနန္တရသာပန္နရသ။ နောဝိဂတေ ပန္နရသ"။ ။

နသဟဇာတသုဒ္ဓ၌။ ။သဟပြုတ်ပြီ။အကျန်ခေါင်းစဉ်အတိုင်းဆိုပါ။ "နသဟဇာတေ ကောဒသ"။(ကောဒသရကြောင်းပြခဲ့ပြီ)။ ။

နအညမညသုဒ္ဓ၌။ ။အလုံးစုံသော အာရမ္မဏပစ္စည်း။စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေ ကမ္မဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ နေဝသညာနာသညာဝိညာဉ် တဆယ်၊ ရဟန္တာတို့စုတိကြဉ်သော ပဉ္စဝေါကာရ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဥပါဒါရုပ်အားတတ်သော မဟာဘုတ်လေးပါးဟုဆိုအပ်သော သဟဇာတပစ္စည်း(သဟတွင် အညနုတ်ကြွင်းတည်း) ကြွင်းမျိုးများဆိုပါ။ "နအညမညေ ကောဒသ"။ ။

နနိဿယသုဒ္ဓ၌။ ။ဝတ္ထာရမ္မဏမှတပါး အာရမ္မဏ ပစ္စည်း။ သဟနှင့်ပုရေမျိုးပြုတ်ပြီ။အကြွင်းဆိုပါ။ "နနိဿယေ ကောဒသ"။ ။

နဥပနိဿယသုဒ္ဓ၌။ ။(အာရမ္မဏတွင် အာရမ္မဏူပကို အာဓိ အတိုင်းနုတ်၍ဆိုပါ) အနန္တရူ။ပကတူထည်းပြုတ်ပြီ၊ဆိုပါ။ "နဥပနိဿယေ ပန္နရသ"။ ။

နပုရေဇာတသုဒ္ဓ၌။ ။မနောဒွါရဝဇ္ဇန်း ကာမဇောတခဲ့ယုတ်သုံးဆယ်။ တဒါရုံကောဒသ။ ဝိညာ ၃။ နေဝ ၃။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ အဘိညာဉ်မှတပါး အဘိညာဉ်နှစ် လောကုတ်ရှစ်ခုအား တတ်သော စိတ် ဂ၉။ စေ ၅၂။ ပစ္စုပ္ပန် နိပ္ဖန္နရုပ်အဋ္ဌာရသမှတပါး ရုပ်အဋ္ဌဝီသ၊နိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏပစ္စည်း(ဒွေပဉ္စ။မနောဓာတ်မှာ အာပုကြန်ဖြစ်၍ လျော့သည်)ပုရေပြုတ်၏။ အကြွင်းမျိုးစုဆိုတော့။ "နပုရေဇာတေ တေရသ"။ ။

နပစ္ဆာဇာတသုဒ္ဓ၌။ ။ပစ္ဆာပြုတ်၏။ဆို။ "နပစ္ဆာဇာတေပန္နရသ"။

နာသေဝနသုဒ္ဓ၌။ ။အလုံးစုံသော အာ၊သဟပစ္စည်း။ အကုသိုလ် ဒွါဒသ၊ဟသိတုပ္ပါဒ်၊မဟာကုသိုလ်၊မဟာကြိယာ ပထမဇော၊ အာဝဇ္ဇန်းနှစ်၊ရဟန္တာတို့ စုတိနှင့်တကွ ဝိပါက်ဆတ္တိံသအား တတ်သော လောကီဇော သတ္တစတ္တာလီသအဆုံးဇော၊ မဂ်လေးခု၊ အာဝဇ္ဇန်းနှစ်၊ရဟန္တာတို့စုတိကြဉ်သောဝိပါက်ဆတ္တိံသဟုဆိုအပ်သော အနန္တရူပနိဿယပစ္စည်း။ (အနန္တရတွင် အာသေကိုနုတ်ခု(ကုဗ္ဗာ)စသော ကြွင်းငါးချက်တရားတို့၏ စွည်း,ပြန် ကို နှလုံး သွင်း၍ဆိုပါ) အကြွင်းစုဆိုပါ။ "နာသေဝနေပန္နရသ"။ ။

နကမ္မသုဒ္ဓ၌။ ။အလုံးစုံသော အာရမ္မဏပစ္စည်း။ သဟဇာတကမ္မပစ္စည်းမှတပါး သဟဇာတပစ္စည်း။အနန္တရကမ္မမှတပါး အနန္တရူပ ပစ္စည်း။ဗလဝကမ္မမှတပါး ပကတူပ ပစ္စည်း။ ကံပြုတ်၏။ ဆိုတော့။ "နကမ္မေ ပန္နရသ"။ ။

နဝိပါကသုဒ္ဓ၌။ ။အလုံးစုံသောအာရမ္မဏပစ္စည်း။အချင်းချင်းအားရင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်အားရင်းတတ်သော အလုံးစုံသော ကုသိုလ် အကုသိုလ်ကြိယာ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားရင်း, ဥပါဒါရုပ်အားရင်းတတ်သော မဟာဘုတ် လေးပါး။ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာအားတတ်သော ဟဒယဝတ္ထုဟုဆိုအပ်သော သဟဇာတပစ္စည်း (သဟကြွင်းတည်း) အကြွင်းဆိုပါ။ "နဝိပါကေ ပန္နရသ"။ ။

နအာဟာရသုဒ္ဓ၌။ ။သဟတွင် နာမ်အာဟာရကိုနုတ်။ရုပ်အာဟာရပြုတ်၏။ အကြွင်းဆိုပါ။ "နအာဟာရေ ပန္နရသ"။ ။

နဣန္ဒြိယသုဒ္ဓ၌။ ။သဟတွင် သဟဣကိုနုတ်။ပုရေတွင်ပုဣကိုနုတ်လျှင် မနောဓာတ်,အရူပဝိပါက်လေးခုကြဉ်သောမနောဝိညာဏဓာတ်အားတတ်သောပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကျန်၏၊ ရူပဇီ ပြုတ်၏၊အကြွင်းဆိုပါ။ "နဣန္ဒြိယေ ပန္နရသ"။ ။

နဈာန။နမဂ္ဂသုဒ္ဓ၌။ ။သဟတွင် ဈာန်,မဂ်ကိုနုတ်၍ အကြွင်းစုဆိုပါ၊ "နဈာနေ ပန္နရသ။ နမဂ္ဂေ ပန္နရသ"။ ။

နသမ္ပယုတ္တသုဒ္ဓ၌။ ။အလုံးစုံသော အာရမ္မဏပစ္စည်း။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတတ်သောပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ နေဝသညာနာသညာဝိညာဉ်တဆယ်၊ ရဟန္တာတို့စုတိ

ပဋ္ဌာဝါရပစ္စနိက် နဟေတု ပစ္စည်း ဒုကာဒိ

ကြည်သောပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊အချင်းချင်းအားရင်း, ဥပါဒါရုပ်အားရင်းတတ်သော မဟာဘုတ်လေးပါး၊ အချင်းချင်း အားတတ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ဟု ဆိုအပ်သော သဟဇာတပစ္စည်း(သဟကြွင်းတည်း)အကြွင်း ဆိုပါ၊ "နသမ္ပယုတ္တေ ကောဒသ"။ ။

နဝိပ္ပယုတ္တ သုဒ္ဓံ။ ။ဝတ္ထုရူပါမှတပါး အလုံးစုံသော အာ ရမ္မဏ ပစ္စည်း၊ အချင်းချင်းအားတတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ အချင်းချင်းအားရင်း,ဥပါဒါရုပ်အား ရင်းတတ်သော မဟာဘုတ်လေးပါးဟု ဆိုအပ်သော သဟဇာတ ပစ္စည်း၊(သဟကြွင်းတည်း) ပုရေ၊ပစ္ဆာပြတ်၍မိဿကများသည်း မရပြီ၊အနန္တရ၊ပကတူ၊ကံ၊ဟာ၊ရူ ပစ္စည်း၊"နဝိပ္ပယုတ္တေ နဝ"။ ။

နောအတ္ထိ၊ နောအဝိဂတ သုဒ္ဓံ။ ။အာပုမှတပါး အလုံးစုံ သော အာရမ္မဏပစ္စည်း၊(နတ်ကြွင်းကိုနပုရေကဲ့သို့ဖော်ပါ) အနန္တ ရ၊ပကတူ၊ကံ ပစ္စည်း၊ "နောအတ္ထိယာ နဝ၊နောအဝိဂတေနဝ"။ ။

ဒုကာဒိ

နဟေတုကိုမူတည်၍ နာရမ္မဏ စသည်တို့ကိုလှည့်ခါမူလီသွတ် ၍ဟောတော်မူ၏၊ နဟေတုမူဖြစ်ခြင်းကြောင့် သဟဇာတထဲတွင် ဟေတုကိုအမြဲနုတ်ပါ၊ မူလီများကို သုဒ္ဓသချာကပြခဲ့သည့်အတိုင်း နုတ်သင့်ပြုတ်သင့်ကို ကြည့်၍ဆိုပါ၊ သချာများမှာ သုဒ္ဓနှင့်မထူး ကြောင်း ဇယားတွင်ပြထားပြီ။ ။

ဆိုရိုး၊ နဟေတုမူ နာရမ္မဏ ဒုကာ၌။ ။ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတပစ္စည်း (နုတ်ပုံများပြခဲ့ပြီ) အကြွင်း ဆို တော့၊ ဤဘရားတို့သည် နဟေတု၊နာရမ္မဏ ပစ္စည်းတတ်သော တရားတို့မည်ကုန်၏၊ ထို့ကြောင့်....ဆိုတော့၊ "နဟေတုပစ္စယာ နာရမ္မဏေပစ္စယာ"ဟု သချာတတ်၍ဟောအပ်ကုန်၏။ ။

နဟေတုမူ နာဓိပတိ ဒုကာ၌။ ။အာရမ္မဏတွင် အာဒိကိုနုတ်၊ သဟဇာတတွင်ဟေတုနှင့် သဟာဓိကိုနုတ်ပြီးအကြွင်းတို့ကိုဆိုပါ၊ "နဟေတု ပစ္စယာ နာဓိပတိယာ ပစ္စယာ"၊(ရှေ့၌ ဤသဘော ဆို ပါ၊ သချာချသာပြအံ့)။ ။

နဟေတုမူ နာနန္တရ၊နသမနန္တရ၊နောနတ္ထိ၊နောဝိဂတဒုကာ၌။ ။ သဟတွင် ဟေတုပိ၍ နုတ်ရမှုသာထူးသည်၊ အကြွင်းပအားလုံး သုဒ္ဓနှင့်တူ၏၊ သုဒ္ဓကပြခဲ့သောနည်းကိုမှီး၍ အားလုံးဆိုပါ၊ သချာ များမထူးသေး။ ။

တိကား၊နဟေတုနာရမ္မဏမူ နာဓိပတိ တိက၌။ ။(နာရမ္မဏမူ ဝင်၍ အာရမ္မဏမျိုးပြုတ်ပြီ၊ ၎င်းအကွက်ကိုမကြည့်နှင့်တော့) ဟေ တု၊သဟဇာတာဓိပတိမှတပါး အလုံးစုံသော သဟဇာတ ပစ္စည်း၊ အကြွင်းဆိုတော့၊ "နဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိ ယာပစ္စယာ"။ ။

နဟေတု နာရမ္မဏမူ နာနန္တရ စသော တိက၊ ။၎င်း တို့ကို ထည်း နောအဝိဂတမူလီတိုင်အောင် အကုန်ဆိုပါ၊ နဥပနိဿယ မူလီ၌သာ "အာဂ္ဂနဓ၁၊လျော့ဘုံက-သချာတေရသာ" အရ ဘေရ သဖြစ်၏၊ အကြွင်းသချာများမှာ သုဒ္ဓသချာအတိုင်း ရှိသေး၏၊ အာရမ္မဏမျိုးလုံးဝပြုတ်မှုသာထူးသည်။ ။

စတုက္က၊ ။ဓိပတိမူဝင်သာ၍ သဟဇာတတွင် ဟေတုနှင့် သဟာဓိကို အမြဲနုတ်၍ဆိုရရုံသာ၊ သချာများအားလုံး တိကနှင့် တူ၏၊ ။

ပဉ္စကားစသည်၊ ။နာနန္တရ၊နသမနန္တရကို မူဝင်လာ၍ အနန္တ ရူပမျိုးပြုတ်ပြီ၊ သချာများကား မထူးသေးဆိုပါတော့၊ ။

သတ္တက၊ ။နသဟဇာတမူဝင်သာပြီ၊ အာမျိုး,သဟမျိုး, အ နန္တရူပမျိုးတို့ပြုတ်ကြပြီ၊ ပကတူ၊ပုရေ၊ပစ္ဆာ၊ကံ၊ဟာ၊ ရူ သာ ကျန်တော့၍ မူသချာမှာ အများဆုံး ကောဒသသာရတော့မည်၊ ။

နဟေတု....ပ....နသဟဇာတမူ နအညမည သတ္တက၌၊ ။ အလုံးစုံသော ပကတူပနိဿယပစ္စည်း၊ ပုရေ၊ပစ္ဆာ၊ ကံ၊ဟာ၊ရူ ပစ္စည်း၊ "နဟေတုပစ္စယာ ...ပ...နသဟဇာတပစ္စယာ နအည မညေ ကောဒသ"။ ။

နနိဿယ သတ္တက၌။ ။ပကတူ၊ ပစ္ဆာ၊ ကံ၊ ဟာ၊ ရူ ပစ္စည်း၊ "န နိဿယေ ကောဒသ"။ ။

နဥပနိဿယ သတ္တက၌။ ။ပုရေ၊ပစ္ဆာ၊ကံ၊ဟာ၊ ရူ ပစ္စည်း၊ "န ဥပနိဿယေ သတ္တ"၊ (အာဥသာပြုတ်ခဲ့ပြီ)၊ ။

နပုရေဇာတ သတ္တက၌။ ။ပကတူ၊ပစ္ဆာ၊ကံ၊ဟာ၊ရူ ပစ္စည်း၊ "န ပုရေဇာတေ ကောဒသ"။ ။

နပစ္ဆာဇာတ သတ္တက၌။ ။သဟ,ပစ္ဆာပြုတ်၍ သချာ နဝ။ ။

နာသေဝန(ပ)နသမ္ပယုတ္တ၊နောနတ္ထိ၊နောဝိဂတ သတ္တက၌။ ။ ဆိုင်ရာအနုတ် အပြုတ်တို့ကိုကြည့်၍ဆိုပါ၊သချာကောဒသ။ ။

နဝိပ္ပယုတ္တ သတ္တက၌။ ။ပကတူ၊ကံ၊ဟာ၊ရူ ပစ္စည်း၊ သချာ နဝ။ ။

နောအတ္ထိ၊ နောအဝိဂတ သတ္တက၌။ ။ပကတူ၊ကံ ပစ္စည်း၊ သချာနဝ။ ။

(ဤသတ္တက၌ ပကတူနှင့် ပစ္ဆာဘာ, ရူမိဿကကို သတိပြုရ မည်ဖြစ်ရာ ပကတူပြုတ်လျှင် သတ္တ၊မိဿကပြုတ်လျှင် နဝ၊ ၎င်း တို့ရလျှင် ကောဒသဟုမှတ်ပါ)။ ။

အဋ္ဌက၊ ။နအညမညမှာ နသဟဇာတမူ ဝင်ကတည်းက ပြုတ်ပြီးဖြစ်၍ ၎င်းမူဝင်သော်လည်း မထူးပြီ၊ သတ္တက အတိုင်း ဆိုပါ။ ။

နဝက၊ ။နနိဿယမူဝင်လာ၍ ပုရေမျိုးသိမ်၍ပြုတ်ပြန်ပြီ၊ ပ ကတူ၊ပစ္ဆာ ကံ၊ဟာ ရူမျိုးသာကျန်တော့၏။ ။

နဟေတု(ပ)နနိဿယမူ နဥပနိဿယ နဝက၌၊ ။ပစ္ဆာ၊ ကံ၊ ဟာ၊ရူ ပစ္စည်း၊ "န ဟေတု ပစ္စယာ(ပ)န နိဿယ ပစ္စယာ နဥပ နိဿယေ ပဉ္စ"။ (မိဿကရသည်)။ ။

နပုရေဇာတ နဝက၌။ ။ပကတူ၊ပစ္ဆာ၊ကံ၊ဟာ၊ရူ ပစ္စည်း၊ "န ပုရေဇာတေ ကောဒသ"။ (ပကတူ နဝ တွင် မိဿက သချာ တိုး၏)။ ။

နပစ္ဆာဇာတ နဝက၌။ ။ပကတူ၊ကံ၊ဟာ၊ရူ ပစ္စည်း၊ သချာ နဝ။ ။

နာသေဝန နဝက စသည်၌။ ။န ဝိပ္ပယုတ္တ၊ နော အတ္ထိ၊ နော အဝိဂတ၌ သချာ နဝ၊ ကြွင်းနဝကများအားလုံး၌ ကောဒသဘည်း ဆိုပါ။ ။

ဒသက၊ ။န ဥပ နိဿယမူဝင်လာ၍ ပကတူ ပြုတ်ပြန်ပြီ၊ ပစ္ဆာ၊ကံ၊ဟာ၊ရူ သာကျန်ရကား၊မူသချာမှာ ပဉ္စသာရှိတော့၏၊ ။

နဟေတု(ပ)နဥပနိဿယမူ နပုရေဇာတ ဒသက၌။ ။ပစ္ဆာ၊ ကံ၊ဟာ ရူ ပစ္စည်း၊ "န ဟေတု ပစ္စယာ(ပ) န ဥပနိဿယပစ္စယာ န ပုရေဇာတေ ပဉ္စ"။ ။

နပစ္ဆာဇာတ ဒသက၌။ ။ကံ၊ဟာ၊ရူ ပစ္စည်း၊ "နပစ္ဆာဇာ တေ တိဏိ"။ ။

နာသေဝန(ပ)နသမ္ပယုတ္တ၊ နောနတ္ထိ၊နောဝိဂတ ဒသက၌။ ။ ပစ္ဆာ၊ကံ၊ဟာ၊ရူ ပစ္စည်း၊သချာပဉ္စ။ ။

နဝိပ္ပယုတ္တ ဒသက၌။ ။ကံ၊ ဟာ၊ ရူ ပစ္စည်း၊ "နဝိပ္ပယုတ္တေ တိဏိ"။ ။

ပဋ္ဌာဝါဠိပစ္စနိက် နဝါရုပ္ပကာ။နဝဓိပတိ။နဝါနန္တရ။နသမနန္တရ။နသဟဇာတပစ္စည်း

နောအဇ္ဈတ္တိ။နောအဇ္ဈတ္တဗဟိဒ္ဓါသကာ၌။ ။ကံပစ္စည်း။သင်္ချာငွေ။ ။

ကောဒသံကား။ ။နပုရေဇာတမှာ ပြုတ်ပြီးဖြစ်၍ မူဝင်လာလည်းမထူးပြီ။ဒသကအတိုင်းဆိုပါ။ ။

ဒွါဒသက။ ။နပစ္ဆာဇာတမူဝင်လာ၍ ကံ။ဟာ။ဈာ်သာ ကျန်တော့၍ မူသင်္ချာမှာ တီဏိသာရှိတော့မည်။ ။

နဟေတု-(ပ) နပစ္ဆာဇာတမူနာသေဝန ဒွါဒသကာ၌။ ။ကံ။ဟာ။ဈာ်ပစ္စည်း။ "နဟေတုပစ္စယာ (ပ)-နပစ္ဆာဇာတပစ္စယာ နာသေဝနေတီဏိ။ ။

နကမ္မဒွါဒသကာ၌။ ။ဟာ။ဈာ်ပစ္စည်း။"နကမ္မေ ဒွေ"။ ။

နဝိပါကဒွါဒသကစသည်၌။ ။နောအဇ္ဈတ္တိ။နောအဇ္ဈတ္တဗဟိဒ္ဓ ကံသာကျန်၍ ငွေ။ကြွင်းပစ္စည်းရှိ၍ ကံ။ဟာ။ဈာ်ကျန်၍ တီဏိတည်း။ ။

တေရသက။ ။နာသေဝနမူဝင်၍မထူးပြီ။ ဒွါဒသကအတိုင်းဆို။ ။

စုဒ္ဒသက။ ။နကမ္မမူဝင်လာ၍ ဟာ၊ ဈာ်သာကျန်တော့သည်။ နောအဇ္ဈတ္တိနောအဇ္ဈတ္တကိုထည်း မူလိမသွတ်နိုင်ပြီ၊ မူလိသွတ်နိုင်သော နဝိပါကစသည်ကိုဆိုတော့၊ သင်္ချာများအားလုံး ဧကံချည်းသာ။ ။

ပန္နရသက။ ။နဝိပါကမူဝင်၍ သင်္ချာမထူးပြီ၊ စုဒ္ဒသက အတိုင်း ဆိုပါ' ။

သောဠသက။ ။နအာဟာရမူဝင်လာ၍ ဈာ်သာ ကျန်တော့သဖြင့် ဈာ်ကိုလည်း မူလိမသွတ်နိုင်ပြီ။ဈာ်ကို မူလိသွတ်လိုက်လျှင် တရားကျန်တော့မည်မဟုတ်။ဤသို့ နအာဟာရသာမူဝင်၍နဈာန္ဒြိယ မူအဖြစ် မဝင်နိုင်ရကား "သအာဟာရ"ဟု ဆိုရ၏။ ၎င်းကို "သဟာ"ဟု ပြထားသည်။ ။

နဟေတု-(ပ)နအာဟာရမူ နရူပါနီ။နမဂ္ဂ။ နသမ္ပယုတ္တ။ နဝိပ္ပယုတ္တ။နောနတ္ထိ။နောဝိဂတ သောဠသကာ၌။ ။ဈာ်ပစ္စည်း။ "နဟေတုပစ္စယာ-(ပ) နအာဟာရပစ္စယာ နရူပေနေကံ၊ နမဂ္ဂေကံ။ ....နောဝိဂတေကံ"။ (ပြီးလွယ်အောင် အားလုံးဘပေါင်းတည်း မူလိသွတ်၍ဆိုပါ)။ ။

သတ္တရသကား၊အဋ္ဌာရသကား ဧကူနဝီသကား။ဝီသ။ ။မူပစ္စည်းတခုစီ ပိုးခါမူတည်၍ဆိုပါ။မထူးပြီ သင်္ချာဧကံ၊ ။

ဧကဝီသကား။ ။နဟေတု-(ပ) နောနတ္ထိမူနောဝိဂတဧကဝီသကာ၌။ ။ဈာ်ပစ္စည်း။"နဟေတုပစ္စယာ-(ပ) နောနတ္ထိပစ္စယာ နောဝိဂတေဧကံ"။ ။

သဈာန္ဒြိယ။ ။နအာဟာရမူဝင်၍ ဈာန္ဒြိယကိုချန်ထားခဲ့ရာယခုတဖန် နဈာန္ဒြိယကို မူသွင်းပြီး အာဟာရကိုချန်ခါ သဈာန္ဒြိယကို ဆိုရပေမည်။ဒုကစသည်တို့မှာ ထူးမည်မဟုတ်ဘဲ သောဠသကမှစ၍သာထူးမည်ဖြစ်ရာ ၎င်းမှပင် စ၍ဆိုပါ။ ။

သဈာန္ဒြိယ၊ သောဠသကား နဟေတု-(ပ)-နဈာန္ဒြိယမူနရူပါနီ။နမဂ္ဂ။ နသမ္ပယုတ္တ။နဝိပ္ပယုတ္တ။နောနတ္ထိ။နောဝိဂတ သောဠသကာ၌။ ။ဟာပစ္စည်း။ "နဟေတုပစ္စယာ-(ပ)နဈာန္ဒြိယပစ္စယာ နရူပေနေကံ၊ နမဂ္ဂေ ကံ....နောဝိဂတေကံ"။ ။

သတ္တရသကစသည်။ ။ရှေးနည်းဆိုပါ။သင်္ချာဧကံ။ ။

ဧကဝီသကား နဟေတု-(ပ)နောနတ္ထိမူ နောဝိဂတ ဧကဝီသကာ၌။ ။ဟာပစ္စည်း။ "နဟေတုပစ္စယာ-(ပ)နောနတ္ထိပစ္စယာ နောဝိဂတေ ဧကံ"။ ။

နဟေတုမူပြီး၏

နာရမ္မဏပစ္စည်းဒုကာဒိ

နာရမ္မဏမူနဟေတုဒုကာ၌။ ။ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဘောကပစ္စည်း အနန္တရ ပကတူ။ပုရေ။ပစ္ဆာ၊ ကံ၊ ဟာ။ ဈာ်ပစ္စည်း။ "နာရမ္မဏပစ္စယာ နဟေတုယာ ပန္နရသ"။(နအာရမ္မဏမူဝင်၍ အာရမ္မဏမျိုးပြုတ်ခဲ့ပြီ)။ ။

နာဓိပတိဒုကာစသည်၌။ ။နဟေတုက ပြခဲ့သည့်အတိုင်း နာဓိပတိစသည်တို့ကို မူလိသွတ်၍ဆိုပါ။နဥပနိဿယ မူဝင်၍သာ သင်္ချာ တော့ရသရ၏။အကြွင်းရအားလုံး နဟေတုဒုကသင်္ချာနှင့်တူပြီ။ ။

ဝိကာဒိ။ ။"နာရမ္မဏနဟေတု"နှင့် "နဟေတုနာရမ္မဏ" တို့သည် အပြန်အလှန်ဟောမှုသာထူး၏။ တရားအရ သင်္ချာအရ တစုံတရာမထူးပြီဖြစ်၍ နဟေတုအတိုင်း သအာဟာရ,သဈာန္ဒြိယ တို့ကိုပါ ကေဝိသတိတိုင်အောင်ဆိုပါ။ ။

နာဓိပတိပစ္စည်း ဒုကာဒိ

နာဓိပတိမူနဟေတုဒုကာ၌။ ။အာရမ္မဏာဓိပတိမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတု,သဟဇာတာဓိပတိမှတပါး အလုံးစုံသောသဟဇာတပစ္စည်း၊အနန္တရစသည်ဆိုပါ။ "နာဓိပတိ ပစ္စယာ နဟေတုယာ ပန္နရသ"။ ။

နာဓိပတိမူနာရမ္မဏဒုကာ၌။ ။သဟဇာတာဓိပတိမှတပါး အလုံးစုံသော သဟဇာတပစ္စည်း။ အနန္တရစသည် ဆိုပါ။ သင်္ချာ ပန္နရသ။ ။

( နာဓိပတိမူဖြစ်၍ အာရမ္မဏမျိုးဝယ် အာရမ္မဏာဓိပတိနှင့် သဟဇာတမျိုးဝယ် သဟဇာတာဓိပတိကို အမြဲနုတ်၍ဆိုပါ။ကြွင်း မူလိများကိုဆိုပါတော့၊ ခက်ပြီ၊ သင်္ချာများအားလုံး နဟေတုနှင့် တူ၏)။ ။

တိကာ။ ။နာဓိပတိနဟေတုမူဖြစ်၍ သဟဇာတမျိုးဝယ် ဟေတုကိုထပ်၍နုတ်ရမှုသာထူး၏၊သင်္ချာများမထူးသေး၊ဆိုပါ။ ။

စတုက္ကာဒိ။ ။နဟေတုစတုက္ကာဒိနှင့်တူပြီ။အားလုံးဆိုပါ။

နာနန္တရ၊နသမနန္တရ။နောနတ္ထိ။နောဝိဂတပစ္စည်း ဒုကာဒိ

နာနန္တရမူနဟေတုဒုကာ၌။ ။အလုံးစုံသောအာရမ္မဏပစ္စည်း၊ ဟေတုပစ္စည်းမှတပါး အလုံးစုံသောသဟဇာတပစ္စည်း၊ ပကတူ။ ပုရေ။ပစ္ဆာ ကံ။ ဟာ၊ ဈာ်ပစ္စည်း။ "နာနန္တရပစ္စယာ နဟေတုယာ ပန္နရသ"။ (နာနန္တရမူဝင်၍ အနန္တရပမျိုးပြုတ်ရုံသာ၊ နဟေတု သွားအတိုင်းဆိုပါ။ သင်္ချာများလည်း နဟေတုနှင့်တူ၏။ မထူးရာ သိသင့်ရာတို့၌ အကျဉ်းမျှပြသည်ကို အကျယ်ဝေဘန်၍ဆိုပါ)။ ။

နသဟဇာတပစ္စည်း ဒုကာဒိ

နသဟဇာတမူ နဟေတုဒုကာ၌။ ။အာ။ အနန္တရ၊ ပကတူ၊ ပုရေ။ပစ္ဆာ၊ကံ။ဟာ။ဈာ်ပစ္စည်း။ "နသဟဇာတပစ္စယာ နဟေတုယာ ကေဒသ"၊ ။

နာရမ္မဏဒုကာ၌။ ။အနန္တရ။ပကတူ ပုရေ။ ပစ္ဆာ။ ကံ။ဟာ၊ ဈာ်ပစ္စည်း။"နာရမ္မဏေ ကေဒသ"၊ ။

နပစ္ဆာဇာတ၊နဝိပ္ပယုတ္တ။နောအဇ္ဈတ္တ။နောအဝိဂတဒုကာ၌။ ။ ရ[illegible]တို့၌ သင်္ချာနဝ၊ ကြွင်း[illegible] [illegible]သင်္ချာ[illegible]ဖြစ်၏၊ သိ ပေါက်သဘောနှင့်တကွ [illegible] ပြ[illegible]ဖြစ်၍ဆိုပါတော့။ ။

ပဋ္ဌာဝါရပစ္စနိက်  နအညမညပစ္စည်းမှ နပုရေဇာတပစ္စည်းအထိ

ဝိကာ။ ။နဟေတုမှုဝင်၍ ဒုကနှင့်မတူးပြီ။ ။

စတုက္က။ ။နဥပနိဿယမူလိ၌သာ "အာ၊ဥ။သဟ" လျော့၍ သင်္ချာသတ္တရ၏။ အကြွင်းရသင်္ချာများတိကနှင့်တူပြီ။ဆိုပါ၊ ။

ပဥ္စကာ။ ။အာရမ္မဏ။ သဟဇာတတို့မှာ ပြုတ်ပြီးဖြစ်၍ နဝိပတိမှုဝင်လာလည်း မတူးပြီ၊ စတုကအတိုင်းပင်ဆိုပါ။ ။

ဆက္က။ ။နာနန္တရမှုဝင်၍ အနန္တရူပ ပျိုးပြုတ်ရုံသာ၊မတူးပြီ။

သတ္တကာဒိ။ ။နဟေတု သတ္တကာဒိနှင့် လုံးဝတူပြီ။ ။

## နအညမည ပစ္စည်း ဒုကာဒိ

နအညမညမူ နဟေတု ဒုက၌။ ။အလုံးပုံသော အာရမ္မဏ ပစ္စည်း။ စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပစ္ဆဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခု၊ ဒွေပဉ္စဝိညာဉ်တဆယ်၊ ရဟန္တာတို့စုတိ၊ ဟိတ်ခြောက်ပါးမှတပါး၊ ပဥ္စဝေါကာရ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဥပါဒါရုပ်အား တတ်သော မဟာဘုတ်လေးပါးဟုဆိုအပ်သောသဟဇာတပစ္စည်း အနန္တရ။ ပကတူ။ ပုရေ၊ပစ္ဆာ၊ကံ၊ဟာ၊ဈာ ပစ္စည်း။ "န အညမည ပစ္စယာ နဟေတုယာ ကောဒသ"။ ။(ကြွင်းမူလိတို့ကိုလည်း ဆိုင်ရာဆိုင်ရာ နှုတ်သင့် ပြုတ်သင့်တို့ကိုကြည့်၍ဆိုပါ၊သင်္ချာများမှာ နဝိပ္ပယုတ္တ။နောအတ္ထိ။နောအဝိဂတတို့၌ နဝ။ အကြွင်းရတို့၌ ကောဒသချည်းသာ။ နဝိပ္ပယုတ္တပြဒ်ိဳးအံ့)။ ။

နအညမညမူ နဝိပ္ပယုတ္တ ဒုက၌။ ။ဝတ္ထာရမ္မဏမှ တပါး အလုံးပုံသော အာရမ္မဏပစ္စည်း။ ဥပါဒါရုပ်အားတတ်သော မဟာဘုတ်လေးပါးဟုဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရ။ ပကတူ။ကံ။ဟာ။ဈာ ပစ္စည်း။ "န အညမညပစ္စယာ နဝိပ္ပယုတ္တေနဝ"။

ဝိကာ။ ။သဟဇာတတွင် ဟေတုအမြဲထပ်၍ နှုတ်ရသည်သာတူး၏။ သင်္ချာမတူးသေး။ဆိုပါ ။

စတုက္က။ ။နအာရမ္မဏမှုဝင်လာ၍ "အာ၊ဥ။အညာ"ဟူသော သံပေါက်အတိုင်း "နဥပနိဿယေသတ္တ"ဆိုပါ။ အကြွင်းရတိက နှင့်တူ၏။ ။

ပဥ္စကာ။ ။သဟာဓိကိုထပ်၍နှုတ်ရမှုသာတူးမည်။ ဆိုပါ။ ။

ဆက္က။သတ္တကာ။ ။အနန္တရူပမျိုးပြုတ်ပြီ။သင်္ချာများကား အားလုံးပင် စတုက္ကနှင့် တူကြ၏၊ ။

အဋ္ဌကာဒိ။ ။န ဟေတု အဋ္ဌကာဒိနှင့် တူပြီ။ ။

## န နိဿယ ပစ္စည်း ဒုကာဒိ

သဟဇာတမျိုး,ပုရေဇာတမျိုးလုံးဝပြုတ်ပြီ။ အာရမ္မဏမျိုးတွင် ဝတ္ထာရမ္မဏကိုအမြဲနှုတ်ပါ။မူသင်္ချာမှာ သုဒ္ဓသင်္ချာကပြခဲ့သည့် အတိုင်း ကောဒသ အများဆုံးရှိ၏။ ။

န နိဿယမူ နဟေတု ဒုက၌။ ။ဝတ္ထာရမ္မဏမှတပါး အာရမ္မဏပစ္စည်း။ အနန္တရ။ ပကတူ။ပစ္ဆာ၊ကံ၊ဟာ၊ ဈာ ပစ္စည်း။ "န နိဿယ ပစ္စယာ နဟေတုယာ ကောဒသ"။ (နာရမ္မဏ စသော မူလိတို့ကိုလည်း ဆိုပါတော့။ သင်္ချာမှာ နသဟဇာတကဲ့သို့ "နပစ္ဆာဇာတ၊နဝိပ္ပယုတ္တ။နောအတ္ထိ၊နောအဝိဂတ"တို့၌ နဝ ကြွင်းရတို့၌ ကောဒသချည်းဖြစ်၏၊ ။

ဝိကာ။ ။နဟေတုမှုဝင်၍ ဒုကနှင့် မတူးပြီ၊ဆိုပါ၊ ။

စတုက္က။ ။နာဓိပတိ စသော မူလိများကိုဆိုပါ။ ။



န နိဿယမူ နဥပနိဿယ စတုက္က၌။ ။ပစ္ဆာ။ ကံ၊ ဟာ။ ဈာ ပစ္စည်း။ "န နိဿယ ပစ္စယာ(ပ) နာရမ္မဏပစ္စယာ နဥပနိဿယေ ပဥ္စ"။ အကြွင်းဒုကနှင့်တူ၏။ ။

ပဥ္စကာ။ ။စတုက္ကနှင့် သင်္ချာမတူး၊တူပြီ။ ။

ဆက္က။သတ္တကာ။အဋ္ဌကာ။ ။အနန္တရူပမျိုးသာ ပြုတ်၏၊ သင်္ချာ မတူးသေး။ ။

နဝကာဒိ။ ။နဟေတု နဝကာဒိနှင့်တူပြီ။

## နဥပနိဿယ ပစ္စည်း ဒုကာဒိ

နဥပနိဿယမူ နဟေတု ဒုက၌၊ ။အာရမ္မဏူပ နိဿယ ပစ္စည်းမှတပါး အလုံးပုံသော အာရမ္မဏပစ္စည်း။ ဟေတုပစ္စည်းမှ တပါး သဟဇာတ ပစ္စည်း၊ပုရေ။ပစ္ဆာ၊ကံ။ဟာ။ဈာ ပစ္စည်း။ "နဥပနိဿယပစ္စယာ နဟေတုယာ ပန္နရသ"။ ။

နာရမ္မဏ ဒုက၌။ ။သဟ။ပုရေ။ပစ္ဆာ။ကံ။ဟာ။ဈာ ပစ္စည်း။ "နဥပနိဿယ ပစ္စယာ နာရမ္မဏေ တေရသ"။ ။(ကြွင်းမူလိများကို ဆိုင်ရာဆိုင်ရာနှုတ်၍ဆိုပါ။ သင်္ချာများမှာ သုဒ္ဓသင်္ချာနှင့် လုံးဝတူပြီ)။ ။

ဝိကာ။ ။နဟေတုမှုဝင်မှုအတွက် သင်္ချာမတူးသေး။သဟဇာတတွင် ဟေတုကိုအမြဲနှုတ်ရမှုသာရှိ၏။ ဆိုတော့။ ။

စတုက္က။ ။နာရမ္မဏမှုဝင်လာ၍ မူသင်္ချာမှာတေရသသာ ရတော့မည်။ နသဟဇာတ၊ နအညမည၊ နသမ္ပယုတ္တမူလိတို့၌ သတ္တ (သံပေါက်အရပင်) နပုရေဇာတ၌ နဝ။ နဝိပ္ပယုတ္တ၌ ပဥ္စ။ (သံပေါက်အတိုင်းပင်)နောအတ္ထိ။နောအဝိဂတတို့၌ ကံမျှသာကျန်တော့၍ ဧက။ အကြွင်းရတေရသတည်း။အားလုံးဆိုပါ၊ ။

ပဥ္စကာ။ဆက္က။သတ္တကာ။ ။ဆိုင်ရာကိုနှုတ်၍ စတုက္ကအတိုင်းဆိုပါ။

အဋ္ဌကာ။ ။န သဟဇာတမှုဝင်လာ၍ ပုရေ။ပစ္ဆာ၊ ကံ။ဟာ။ ဈာသာ ကျန်ရကား မူသင်္ချာမှာ သတ္တသာရှိ၏။ အပြုတ်အနှုတ်ကို ကြည့်၍ဆိုတော့။ ။

နဝကာ။ ။အဋ္ဌကနှင့်မတူးပြီ။ ။

ဒသကာဒိ။ ။နဟေတု ဒသကာဒိနှင့်တူပြီ။ ။

## န ပုရေဇာတ ပစ္စည်း ဒုကာဒိ

မူသင်္ချာမှာ တေရသဖြစ်၍၊ နသဟ၊ နအညာ၊နနိဿယ၊ နသမ္ပယုတ္တတို့၌ ကောဒသ၊ နဝိပ္ပယုတ္တ။နောအတ္ထိ၊နောအဝိဂတတို့၌ နဝ၊ အကြွင်းရအားလုံး တေရသဖြစ်၍။ ဆိုရိုးအတိုင်းဆိုပါ၊ ။

ဝိကာ။ ။ဒုကနှင့် သင်္ချာမတူးပြီ၊ ။

စတုက္က။ ။နဥပနိဿယ၌သာနဝ။ အကြွင်း သင်္ချာ ဒုကနှင့် တူပြီ။ ။

ပဥ္စကာ။ဆက္က။သတ္တကာ။ ။အပြုတ်အနှုတ်ကြည့်၍ စတုက္က အတူဆိုပါ၊ ။

အဋ္ဌကာ။ ။နသဟဇာတမှုဝင်တော့၍ ပစ္ဆာတူ ပစ္ဆာ၊ကံ၊ဟာ၊ ဈာသာ ကျန်ရကား မူသင်္ချာကောဒသပြီ၊ နဥပနိဿယ ပဥ္စ၊ နပစ္ဆာဇာတ၊ နဝိပ္ပယုတ္တ၊နောအတ္ထိ၊နောအဝိဂတ၌ နဝ၊ အကြွင်းကောဒသတည်း။ ။

နဝကာ။ဒသကာ။ ။အဋ္ဌကနှင့်တူပြီ၊ ။

ကောဒသကာဒိ။ ။နဟေတု ကောဒသကာဒိနှင့်တူပြီ၊ ။

## ပစ္စနီယပစ္စနိက် နပဋ္ဌာရမ္မဏပစ္စည်းမှ နောအဝိဂတပစ္စည်းအထိ

### နပဋ္ဌာရမ္မဏပစ္စည်း ဒုကာဒိ

နသဟဇာတ။နနိဿယမူလိဘ်၌ သင်္ချာန၀။အကြွင်းမူလိများကို သုဒ္ဓသင်္ချာအတိုင်းဆိုပါ။ပဋ္ဌာပြုတ်နေသည်။ ။

တိကာ။ သင်္ချာမထူးပြီ၊ဒုကာသဘောသာဆိုပါ။ ။

စတုက္က။ ။နဥပနိဿယ၌ တေရသ၊ အကြွင်းရ တိကနှင့်တူပြီ။ ။

ပဉ္စက။ဆက္က။သတ္တက။ ။စတုက္ကနှင့် သင်္ချာမထူးပြီ၊ ဆိုင်ရာ အနှုတ်အပြုတ်များကိုသာ ကြည့်၍ဆိုပါ။ ။

အဋ္ဌက။ ။နသဟဇာတမူဝင်လာ၍ "ပဋ္ဌာသဟ၊ လျော့တုံက၊"အရ မူသင်္ချာမှာ န၀သာရှိ၏။နဥပနိဿယမူလိ၌ ပုရေ။ ကံ။ ဟာ။ဈာ သာကျန်ရကား သင်္ချာပဥ္စ။ကြွင်းမူလိတို့၌ ပကတူပ ကျန်နေသေး၍ အားလုံး န၀ချည်းဆိုပါ။ ။

နဝက။ ။အဋ္ဌကနှင့်တူပြီ။ ။

ဒသက။ ။ပုရေပြုတ်ပြန်၍ နဥပနိဿယမူလိ၌ ကံ။ဟာ။ဈာ သာကျန်၍ သင်္ချာတိက။အကြွင်းရအားလုံး န၀ပင်ရသေး၏။ ။

ဧကာဒသက။ ။နဥပမူဝင်၍ ကံ၊ဟာ၊ဈာ သာကျန်ရကား မူသင်္ချာမှာ တိကသာရှိတော့၏။နကမ္မ၌ ဧကံ။ နောအတ္ထိ။နောအဝိဂတ၌ ဒွေ။အကြွင်းရအားလုံး တိကချည်းတည်း။ ။

ဒွါဒသကစသည်။ ။နဟေတု၌ဒွါဒသကာဒိနှင့်တူပြီ။ ။

### နာသေဝန။နကမ္မ။နဝိပါကပစ္စည်း

နာသေဝန။နဝိပါကပစ္စည်းတို့မှာ နဟေတုပစ္စည်းနှင့်သင်္ချာအရ မထူးသဖြင့်ဆိုင်ရာများကိုသာ နှုတ်၍ဆိုပါ။ နကမ္မပစ္စည်းသည်လည်း နနိဿယသမ္ပယုတ်ပစ္စည်းမူဝင်ရာသောကာတိုင်အောင် မထူးသေး။ နဥပနိဿယပစ္စည်းမူဝင်ရာ၌ကား ထူး၍သာမည်။ ။

ကောဒသက။ နကမ္မ ..(ပ)....နဥပနိဿယမူ နပုရေဇာတစသော ဧကာဒသက၌။ ။ပဋ္ဌာ။ဟာ။ဈာ သာကျန်ရကား နပဋ္ဌာဇာတ။နဝိပ္ပယုတ္တမူလိ၌ ဧကံ။ အကြွင်းပဥ္စချည်းဖြစ်၏။ နောအတ္ထိ။ နောအဝိဂတကို မူလိမသွတ်နိုင်ပြီ။ ။

ဒွါဒသက။ ။ဧကာဒသကနှင့်တူပြီ။ ။

တေရသကစသည်။ ။ဟာ။ဈာ သာကျန်တော့သည်။ဆိုပါ။ ။

### နအာဟာရ။နဈာနိန္ဒြိယပစ္စည်း

သတ္တကတိုင်အောင် နဟေတုနှင့် သင်္ချာမထူးသေး၊ နသဟဇာတမူဝင်၍ အစကနဈာနိန္ဒြိယကို မူလိသွတ်သောအခါ မူကလည်း နအာဟာရဖြစ်နေ၍ ပဋ္ဌာဇာတိန္ဒြိယမိဿကကို မရနိုင်ပြီဖြစ်၍ "နဈာနိန္ဒြိယေ န၀"ဟု ... (မူဘာဂမှာ ပကတူ။ ပုရေ။ ပဋ္ဌာ။ကံ။ဈာ သာရှိသည်ကို ကြည့်ပါ)။ ။

နဝကာဒသက။ ။ ...ကြည့်၍ဆိုပါ၊ဒသက၌ကား ပုရေချိုးပြုတ်ပြီဖြစ်၍ ပကတူ။ပဋ္ဌာ။ကံ။ဈာ သာကျန်၏၊ ။

ကောဒသက။ ။နဥပမူဝင်၍ ပဋ္ဌာ၊ ကံ။ ဈာ သာ ကျန်ရာ နပဋ္ဌာဇာတ။နဝိပ္ပယုတ္တ၊ နဈာနိန္ဒြိယမူလိဘ်၌ တိက။နောအတ္ထိ၊နောအဝိဂတမူလိဘ်၌ ဒွေ။အကြွင်းရ ပဥ္စဖြစ်၏။ ။

ဒွါဒသက။ ။ဧကာဒသကနှင့်တူပြီ။ ။

တေရသကာဒိ။ ။ကံ။ဈာ သာကျန်မည်ဖြစ်၍ ဆိုပါတော့။ ။

### နဈာန။နမဂ္ဂ။နသမ္ပယုတ္တပစ္စည်း

နဈာန။နမဂ္ဂတို့မှာ နဟေတုနှင့် သဘောသွား သင်္ချာတူကြ၍ နသမ္ပယုတ္တမှာ နအညမညနှင့်တူ၏။ဆိုပါ။ ။

### နဝိပ္ပယုတ္တပစ္စည်း

ဒုကာ။တိကာ။ ။ဆိုင်ရာနှုတ်၍ဆိုပါ။ အားလုံး သင်္ချာနဝ ချည်းသာ။ ။

စတုက္က။ ။နအာရမ္မဏမူဝင်လာ၍ "အာဥဝိပ္ပ၊လျော့တုံက" အရ နဥပနိဿယ၌ ပဉ္စ၊အကြွင်းရ န၀ပင်ရှိသေး၏။ ။

ပဉ္စက။ဆက္က။သတ္တက။ ။ဆိုင်ရာ အနှုတ် အပြုတ်ကို ကြည့်၍ဆိုရုံပင်၊သင်္ချာမှာ စတုက္ကနှင့်တူ၏။ ။

